( မျှိုး ကြည့် ၁၉၄၄၊ တက်ဗဟို ၄၅၂၃၅ )

3 April 1638

သက္ကရာဇ် ၁၀၀၀ ပြည့်ကဆုံလဆန်း ၂ ရက် ၃ နေ့တွင်ဘုန်း တော်အလွန်ကြီး မြတ်တော်
မူလှသော အချင်ဘဝရှင်မင်း တရားကြီး ဥြတိုက်တော်သို့ထွက်တော်မူရာတွင်မိန့်
တော်မူသည်။ အဘယကါမဏီလည်း ခမည်း တော်ဘုရား ထွင်အထွင်း ထောင်ကိုဝ်မျိုး
၍အထွင်း ထွင်ပင်စီရင်၍မြဲတော့သည်။ အပွတ်၊ အညွှတ်၊ အလုပ်၊ အဆောင်၊ ကြိုဝ်၊
ချဝ်၊ စစ်ဝတ်၊ လုပ်ဆောင်ကြည့်ရှုရသည်။ ၄၀၊ ၅၀၊ အမြဲအစွဲကိုဝ်လည်း စီစစ်
ဆော်လှော်ရသည်။ နောက်လည်း ထွင်း သင်း ကိုဝ်မျိုး ပြီရ၍ ဒိုင်း ဝန်အရာကိုဝ်
ပေး တော်မူသည်။ ခမည်း တော်ဘုရား ထွင်နီး ကဝ်သုံး စွဲ တော်မူ၍ ခမည်း
တော်ဘုရား လက်ထက် တော်ထွင်အစီရင် တော်တည့် ဖြောင့်မတ် ကြောင်း ပြည်မှရွာ
မှဟူသမျှကိုဝ်ကြဝ်ကြဝ်မိသည်အမှုအရာနှင့်မိသသူလူ ဟောင်း လူရင်း ထွေ့မြင်သသူဖြစ်
သည်။ နန္ဒယော်တာသည်လည်း ပြည်စား ရလျှင်ပင်ပြည်စား ထွင်ပျက်စီ အောင်အ
ထူမြဲသည်နှင့်အဘယကိုဝ်အကြောင်း ပြု၍ နောင် တော်မင်း တရား သည်အထွင်း ထွင်
စေ တော်မူ၍ ဝန်သစိုင်း ပြင်လွင်မှာ စေသူပါး သူတိုဝ်ထွင် ကောင်း မကောင်း အ
မှုရှိ သော်လည်း အမှုရှိသမျှကိုဝ်မသိ ကောင်း လော ၊ မမြင် ကောင်း လော၊ မ
ဆိုဝ် ကောင်း လော၊ မလျှောက် ကောင်း လော ဟူ၍ကွပ်ညှပ်သွန်သင် တော်မူ၍
စေစား တော်မူသည်။ အထွင်း ထွင်မင်း မှုပြင်မှာဝင်း မှာအမှုတိုင်း နိုင်ငံ
တော်အဝေး မှာအမှုဟူသမျှကိုဝ်စီရင် တော်မူသည်။ ဆိုဝ်ရသည်၊ နှိုး ရသည်၊ ဆော်
ရသည်၊ လျှောက်ရသည်၊ အမှုနှင့်ပင်ပြည်က ရောက်ကတည်း ကပင်တနာရီနှစ်နာရီ
ခန့်မျှသတိမလျော့ရ၊ သတိပြု၍မြဲရသည်၊ မင်း တို့ဝ်၏အရာ၊ မင်း တို့ဝ်၏အကျင့်
လမ်း ရိုဝ်ကိုဝ်သွား သော်၊ လိုက် သော်၊ နောင် တော်မင်း တရား ဝယ်ဆင်း ရဲ
ချိုဝ်ချုံ၊ အကွပ်အညှပ်ခံရ၍ စွဲရ၍မင်း ဧကရာဇ်အမှုတိုင်း နိုင်ငံအမှုအထွင်း သား
ပြင်သား အမှုဦး၊ ၄က်မျှမသန်း ရ၊ မနား ရအောင်စီရင် တော်မူသည်၊ အမှုအ
ကြောင်း မျိုဝ်ကိုဝ် တွေ့ တော့သည်၊ အဝါး ဝသည်၊ နား လည်သည်၊ အကျွမ်း ဝင်သည်၊
အမှုသတိနှင့်ဖြစ်သသူဖြစ်သည်၊ ငါ့နောင် တော်ထွင်ဆင်း ရဲချိုဝ်ချုံ လေသည်သာ၊ ဆင်း
ရဲကျိုဝ်မခံရပါလေ၊ ငါ့နောင် တော်ထွင်အစီရင် တော်အမှုခဝ်သိမ်း ၊ တိုင်း စွန်
ပြည်နား ဟူသ၍ ဝယ်အမှုမျိုဝ်ဟူသမျှကိုဝ်ဝန်သစိုင်း မေး မြန်း စူး စမ်း စီဂစ်
စီရင်နိုဝ် ဆော်သမျှကိုဝ်လည်း သိ တော့သသူဖြစ်သည်၊ သို့သည်လူ ကောင်း လူရင်း ဖြစ်

သည်၊ ငါလက်စွဲပြုတော်မူ၍ကြီး ကြယ်မြောက်များ စေအောင်ပြုစုတော်မူ၍ နိုင်း
ခန့်တော်မူ သော်နိုင်း ခန့်တော်မူကျိုဝ်ရှိမည်၊ စောင်း တတ်သော ယောကျ်ား
သည်လက်သည်း စောင်း နှင့်မချစ်ဘဲလက်သား နှင့်သာတီး သော်လည်း စောင်း
ကိုဝ်အကျွမ်း ဝင်ချင်း ကြောင့်အချင်း ပီ၍သာသကဲ့သို့ဝ်ဖြစ်တတ်သည်ဟူ၍ ငါယုံမှတ်
တော်မူ၍သူ ကောင်း ပြုတော်မူ၍ ဝန်ကြီး အချုပ်အရာကိုဝ်စီရင်စေသည်၊ ဝန်
ကြီး အချုပ်သဘောသည်အစိုး ဝန်ရှိသမျှအရှင်ဧကရာဇ်ခန့်ထား နိုင်း ပယ်လေသ
မျှကိုဝ်မအိပ်မနေရနိုး သည်မပျည်း မနွေး ရအောင် ဆော်သည်၊ စိတ်မလျှော့ရ
မမေ့ရအောင်လှုံ့သည်အရှင်ခန့်တော်မူသည်ဟူ၍ စား ရအောင် သောက်ရအောင်
ပြုလေသည် လောဝ်၊ ပြည်မှုအရှင်မင်း မှုနိုင်းခန့်သည်ကိုဝ် ငယ်သား နှင့်အသင့်ကျင့်၍
အရှင်မင်း အစီး အပွား ကိုဖွက်ထိန် လေသည် လောဝ်၊ ပြည်မှုအရှင်မင်း မှုရှိ သော်
ဘယ်သူသည်လျှင်ရမည်ထွင်မည်သင့်မည်ဟူ၍လူရည်လူချင်း စူး စမ်း ချင်း ၊ ချောင်း
နောင်း သိမြင်အောင်မေး နိုင်း ခြင်း၊သူလျှိုဝ်ထား ချင်း၊အသျှင့်ကျွန်ငါသိုဝ် သော
သူအရှင့်ဝန်သစိုင်း ရှိလျှက်ကိုဝ်ဘယ်သူသည်အသျှင့်အကျိုဝ် တော်စိတ် တော်နှင့်ဆန့်ကျင်
ဘက်ကျင့်ရမည်လည်း မှတ်ခြင်း ၊ မင်း ဧကရာဇ်ကိုပြည်သူပြည်သား တို့သည်လခွဲတလ
မျှ လျှောက်လှဲ တွေ့မြင်ရသည်ပြည်စိုဝ်ဘနင်း မင်း တို့ဝ်၏အမှုဝန်ကိုဝ်ဝန်သစိုင်း ထမ်း
ရွက်ရသသူသည် လေး ချက်မတီး မိနိုဝ်၍တပူမျက်နှာသစ်၍ ခေါင်း ဘီး ၍ပန်း နံ့သာ
လိမ်း ၍အဝတ်အစား လဲလျှင်ထမင်း စား သည်နှင့်သုံး လေး နာရီတိုင် လေသည်' သို့
လျှင်အိမ်ဦး သို့ဝ်ထွက်၍ကျုပ်ကွမ်း ခွက်လှက်အိုဝ်တည်လျှက်သင်ဖြူး ခင်း ၍ပြုတံခါး ဝထွင်
နေ၍တိုင်း နိုင်ငံတော်သား ရဟန်း ရှင်လူသူဆင်း ရဲတို့၏ ကောင်း မကောင်း
သောအလဲအဆိုကိုဝ် မြွော်လျှက်အတွေ့ခံသည်၊ သုံး လေး နာရီထွက်ပြည်သူလူရဟန်း တိုင်း
နိုင်ငံတော်သား အလဲအဆိုဝ်ကိစ္စကိုဝ်ခံ၍ အိမ်တွင်စီရင်မည့်အမှုကိုဝ်စီရင်ခဲ့၍တချက်
တီး လျှင်လွှတ်ရုံး သို့ဝ်တက်၍ ဝန်ဘက်စာရေး တို့ဝ်မရှိလျှင် ခေါ်၍ညီလျှင်မည်သည်သူသိုဝ်
လဲဆိုဝ်လာသည်၊ ညီစေဦး ဆိုဝ်ပေသည်။ ညီမှဆိုဝ်လည်ဆိုဝ်ပေသည်၊ သိုဝ်စီရင်ပေ
သည်ဟူ၍လွှတ်ရုံး ထွင်တယောက်ကိုဝ်တယောက်တိုင်ကြား သည်၊ အိမ်ထွင်ဝန်သစိုင်း
ဖြစ်ကလှက်ကွမ်း ပန်း ငှက်ပြောသစ်သီး ထမ်း လျှက်၊ သမင်နံ့၊ စိုင်နံ့၊ သစ်သီး
ပန်း မှန်သည် လှောကား ချောမျှ တောင့်ကိုဝ်ဖြစ်လျှက် ရောက်စမြဲမည်သသူသိုဝ်ဆိုဝ်

ပြီလောဝ်၊ ဝန်ဘက်တို့ဝ်လဲဆိုဝ် ခြေဦး ၊ သည်မှူသည်လက်ဆောင်သာမေမွှတာ၊ မြက်
သံစ်ရွက်သဖွယ်ဖြစ်သည်မှတ်သည်၊ ပိတ်အုပ်ခါသာအုပ်၊ ကြေး ဖလါး ငွေဖလါး ရွှေဖ
လား ဖြင့်၊ ဖဲ၊ ပိုဝ်၊ သိုဝ်၊ ကတိုဝ်စသည်လက်ဆောင်သည်ရကြောင်း သင့်၍ရသည်၊
လွတ်ကြောင်း သင့်၍လွတ်သည်ကိုဝ်လက်ဆောင် ပေး ရိုဝ်ယူရိုဝ်၊ ရကြောင်း မသင့်
သည်ကိုဝ်ရအောင်လွတ်ကြောင်း မသင့်သည်ကိုဝ်လွတ်အောင်ခင်း နှီး နှင့်လါသည်
ကိုဝ်သူစကား ကိုဝ်နာ၍ ငါယူထွက်မရှိ၊ တုံ့လိုက်၏၊ စော်ဘွား စော်ကန်မြို့ဝ်ကြီး ပြ
ကြီး စား နိုင်ငံတော်ထီး ဆောင်း မင်း တိုဝ်ကသည်လည်း ခင်း နှီး လက်ဆောင်
ကြီး သော်စာနှင့်စကား ကိုဝ်နာကြည်၍ ရစေချင်၍ ပေး သည်ကိုဝ် နောက်မှယူပါ
မည်မလှဝ်၊ မင်း တိုဝ်ကမြို့ဝ်စွန်စား တိုဝ်က စော်ဘွား တို့ဝ်ကလည်း လဲခင်း မရှိ၊
အရှင်ဝန်ဟူ၍အရှင်ကသက်၍ ပိတ်အုပ်ခါသာအုပ်ပုဆိုဝ် ကောင်း ဝတ်လုံတရုတ်ပုဆိုဝ်
ယူသည်လဲခင်း ဆိုဝ်ခင်း မရှိပေး လိုက်၏။ နှုတ်ကောင်း ခွန်း သာနှင့်ဝတ်ရတော့
မည်စီရင်တော့သည်ဆိုဝ်လိုက်၏။ လက်ဆောင်တုံ့တံလျှင်တုံ့ပေ၏၊ မတုံ့လောက်လျှင်
လာလူကိုဝ်ဆန်ရေ သေစာစား ဘွယ်နှင့်တန်ဂုံထွက်စား ရ၏၊ ထွက်တော်မူ၍သွား
မည်ကိုဝ်တက်လှာလျှင်ကျန်း သာ တော်မူသည်ကိုဝ်ကြား လျှင်ဝမ်း မြောက်သည်ဘုန်း
ကြီး လှ သောဘုရား သည်အား လုံး စုံ သောတိုင်း နိုင်ငံတော်ကိုဝ်တရား သဖြင့်ဝ
ပြောသာယာ စေခြင်း ၊ ရန်ခိုက်အရှက်အတင်မရှိ စေခြင်း ၊ အလှူကောင်း မှုပြု
ခြင်း နိုင်ငံတော်အတွင်း လူဆိုဝ်လူပျက် သေကြေလိုဝ်၍အပျက်အချော် ပေါ်လျှင်ပျား
စွဲသုတ်သုတ်နိုင်ငံတော်သား တိုဝ်ညီညွတ်စွာအုံ့၍အမှုထမ်း ခြင်း ၊ သိုဝ်ကိုဝ်ဘုန်း တော်
ကြီး လှ သောဘုရား ရွှေစိတ်တော်သည်ရှိတော်မူသည်၊ သည်အတိုင်း မင်း တို့ကျိုင်း ရုံ
စော်ဘွား ကျိုင်း တုံ စော်ဘွား မည်သည့် စော်ဘွား မည်သည့်မင်း မည်သည့်သခင်
မည်သည့်ဗညား မည်သည့်မြို့စား မည်သည့်အမှူး မင်း တို့လျှောက်ပလေ၊ လဲပလေဟု
မှာဆိုခြင်း ၊ မတတ်နိုင်၊ ဆင်း ရဲသသူလဲလှာတက်လှာသသူကိုဝ်ချည်း ၍လဲဆိုဝ်သည်၊
တော၍ တောအစကား ၊ ခေါင်းအမြီး မသိ၊ ဆင်းရဲသား မဆိုဝ်တတ်သူကိုဝ်စကား
ရိုပ်စကား တွေး ယူ၍ဆိုသော်သိုဝ် လောမေး မြန်း စီရင်ခြင်း ၊ မပြင်း ခြင်း ၊
ယင်း သိုဝ်သည်မျှား သည်မင်း ခေါင်မင်း ဖျား ၊ မင်း တရား ၏လက်ပါး နီး
ရင်း ၊ ကျွန်ရင်း ယုံရှံ၊ မှုကုန်ထမ်း ရွက်၊ ဆောင်ဘက်သာသနာ၊ ပြည်ရွာစောင့်

ထိန်း ၊ မုဒိန်း ရန်ရှာ၊ မိစ္ဆာ သောက်စား ၊ စီး ပွား ပြောက်ပြေ၊ ကောက် ထွေနှလုံး ၊ ပေါင်း ရုံး ရန်ရှာ၊ မိစ္ဆာသူ လောင် ၊ မပေါ် အောင်ကိုဝ်၊ စိုဝ် ဆောင်စေ့ငှါ၊ ဝန်ကြီး အရာဟု၊ ရာဇာမင်း ပေါင်း ၊ မင်း ဖျား လောင်း တိုဝ်၊ အကြောင်း ယင်း သိုဝ်၊ တိုဝ်ကိုဝ်ဝန်ဟုဆိုဝ်၏။

( မှီးကြည့် ၁၉၄၄၊ တက်ဗဟို၄၅၂၃၅ )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသောအသျှင်ဘဝရှင်မင်း တရားကြီး ဘုရား
အမိန့်တော်ရှိသည်။ သုံး လူ့အထွတ်သဗ္ဗညုမြတ်စွာဘုရား ဟောတော်မူသောတရား
တော်တွင်အပါယ် လေး ပါး မလား သောသတ္တဝါတိုဝ်သည်လူ၏အဖြစ်ကိုဝ်ရခဲသည်၊ ဘု
ရား အဖြစ်ကိုဝ်လည်း ရခဲသည်၊ သာသနာ တော်တွင်း ၌လည်း ကြုံကြိုက်ခဲသည်၊ အရှင်
ဟော သောတရား တော်ကိုဝ်လည်း ကြား နာရခဲသည်ဟူ၍ ရခဲသည် ၄ ပါး တို့ကိုဝ်
ဟောတော်မူသည်။ ငါသည် ရှေး ရှေး သောဘုရား ရှင်တို့ကိုဝ်လည်း တွေ့ရသည်၊
ဂေါတမဘုရား ရှင်လက်ထက်တော်လည်း တွေ့ရသည်၊ အလှူပေး ရသည်ဖြစ်၍ကမ္ဘာ
ပေါ် စကပင်၅သိမ့်လျှက်ကျွန်း သည် ကျော်စောထင်ရှား စွာဖြစ်၍ ဧရာဝတီ ရဋ္ဌ
ကပ္ပဋ္ဌာနီပြည်ကိုဝ်အစိုဝ်ရသောမင်း ရှစ်သောင်း လေး ထောင်၊ ကောဏ္ဍသန်
ဘုရား ဖြစ်တော်မမူမီ ဝရုဏ္ဏမင်း လက်ထက်ပုရိဒနန္ဒပြည်မင်း တသန်း ခြောက်
သိန်း ၊ ကောဏ္ဍသံဘုရား လွှတ်ကာမာဝစရပြည်မင်း တသိန်း ခြောက် သောင်း စံ
သည်၊ ကောဏ္ဍသံဘုရား သာသနာ တော်အကုန် ဂေါဏာဂုဏ်ဘုရား ဖြစ်တော်မမူ
ခင်သာကေတပြည်၊ မနောရမ္မာပြည်၊ ရမ္မာဝတီပြည်၊ စမ္မာဝတီပြည်၊ မဟာရ
ဋ္ဌပြည်၊ ကါမာဝတီပြည်၊ ကါသိကနဝရပြည်၊ သင်္ကေတပြည်၊ သူရဋ္ဌဒီပပြည်၊ သမ္မာမိ
ပြည် ဟူသောတိုင်း ကြီး ပြည်ကြီး ရှေ့ထီး ကနက်ကတန် ဆောက်စိုက်၍ များ စွာ သော
မင်း ကေရာဇ်တို့ဝ်မင်း ပြုကုန်သည်၊ အဘိသိတ်ခံ၍ မင်း အဖြစ်၌တည်ကုန်သည်၊
နောက် သောကာလတို့ဝ်၌ လေး ဆူ သောချင် သေ့တို့ဝ် နေရာဇာမရီသား မြတ်
တို့ဝ်နေရာဆဒ္ဒန်ဆင်မျိုဝ်တို့ဝ်နေရာကိန္နရာကိန္နရီတို့ဝ်နေရာရုက္ခစိုဝ်နတ်မင်း
တိုဝ်နေရာဖြစ်သောအရာသည် အနန္တဖြစ်သည်၊ ဂေါဏာဂုဏ်ဘုရား လက်ထက်
သုပရန္တ တမ္ပဒေသပြည်၊ ဂေါဏာဂုဏ်ဘုရား သာသနာကုန်၍သာသနာပ သော
အခါတာဝတိံသာနတ်တို့ဝ်တလလေကြိန် ပျော်မြူး သောကျွန်း ၊ နတ်ပြည် ခြောက်ထပ်
မှနတ်အပေါင်း တို့ဝ်တလလေး သီတင်း ဥပုဒ် ဆောက်တည် သောကျွန်း ၊ ဇေယျဝတီ
ပြည်၊ သမ္မာမိကပြည်၊ မမ္မအာမိဿပြည်၊ ဇေတုဒီပပြည်၊ ဇေတုနဂရပြည်၊ သိင်္ဂီန
ဂရပြည်၊ ကေတုမ္ဗရပြည်၊ သုသိမနာဂရပြည်၊ မဟာရာမပြည်၊ ဥတ္တမနဂရပြည်
တိုဝ်၌ထီး နန်း ကနက် ဆောက်စိုက်၍ ရာဇပလ္လင်ဥကင်စံ ရှင်သည်၊ အဘိသိတ်ခံ၍ မင်း
အဖြစ်သိုဝ် ရောက်ကုန်သည်၊ ထိုသို့ သောမြို့ဝ်မှစ၍ များ စွာ သောပြည် ထောင်တို့ဝ်

သည်တည်ကုန်၏။ ကဿပဘုရား လက်ထက်ဥဿပပြည်မည်၏။ ကဿပဘုရား သာသနာ
ကုန်၍ပ သောအခါကဏ္ဏိကပူရပြည်၊ မဟာသာ ကေတပြည်၊ သုဓမ္မပြည်၊ ပါရာယန
ပြည်၊ အယုဇ္ဈပြည်၊ ကေစဏ္ဍပြည်၊ ပဝရဋ္ဌာနပြည်၊ သောနဒီနွပြည်၊ ဒေဟကုမ္ဘ
ပြည်၊ ဝေဒေဟပြည်၊ ပဥ္စာနဂရပြည်၊ ဝေသာမိတ္တပြည်၊ ဥဇ္ဇေနီပြည်၊ ဥဂ္ဂပြည်၊
မလ္လာပြည်ဟူသော ရွှေထီး ဆောင်း ခြင်း ၊ အဘိသိက်ခံခြင်း ဟူသောမင်း အဖြစ်
သိုဝ်ရောက်ကုန် သောမင်း တိုဝ်စံရွှင်ကုန်၏။ ဂေါတမဘုရား လက်ထက်တမ္ဗဝတီ
ပြည်မှစ၍ များ စွာ သောအပြည်ပြည် ထောင်ဖြစ်၍ ရွှေထီး ဆောင်း ကုန် သော
တိုင်း ခရိုင်နိုင်ငံနှင့်တကွရာဇပလ္လင်ဥကင်စံရွှင် သောပြည် ထောင်သာသနာ
တော်ထွန်း ၌ကျော် စောစွာမင်း နေရာဇဋ္ဌာနီမင်း နေပြည်ကြီး သည်ကား
ရှစ်သောင်း လေး ထောင်နှင်နှင်တည်လတ္တံ့၊ ဗျာဒိတ် တော်ရမြို့ဝ်စည်ပင် သော်
သရေခေတ္တရာ၊ ပဝရဝတီဟူ သောပုဂံ၊ ဝိဇယပူရဟူ သောပန်း ယ၊ သံသရပူ
ရဟူ သောဘကောင်း ပြည်၊ ဇေယပူရဟူ သောစစ်ကိုင်း ပြည်၊ ရတနာပူရဟူ သော
အင်း ဝပြည် ရွှေမြို့ဝ်ကြီး ဟူ သောငါအသျှင်ဘဝရှင်မင်း တရား စံ တော်မူ သောအ
ရာဖြစ်သည်။ ပေါင်း နှမ်း သော စေတီပုထိုဝ် ကျောင်း ၊ သိမ်၊ ရေတွင်း ၊ ရေ
ကန်၊ ဆည်၊ မြောင်း ၊ သင်္ဃာဝါသ ပေါင်း ဘို့ဝ်မိရာဖြစ် သောအရာများ တိုကိုဝ်ရှု
ာတင့်တယ်သပ္ပယ်စိန့် သောဌါအုတ်ဂိုဝ်ထပ်လုပ် စေ။ သစွေး အနီဟင်္သပဒါး သုတ်
စေ။ ရွှေဆိုင်း တို့ဖြင့်မွမ်း မံ စေ၊ ရွှေထီး တင် စေ၊ မှန်ကင်း စိုက် စေ၊ သည်ဘိုဝ်
တက်သက် စေ၊ စေတီပုထိုဝ် တော်များ ကိုဝ်အနေကဇာယပ်၍တင် စေ၊ သဘင်ခံ စေ၊
ဆွမ်း ကျွေး စေ၊ ပြင်လုပ်ပြုစု တော်မူသည်။ သိမ်များ ကိုဝ်ထပ်၍သမုတ် စေ၊ နိမိတ်
ကျောက်တိုင်စိုက် စေ၊ ကျောက်စာတိုင် ပေါင်း နှမ်း ယိုဝ်ယွင်း သည်များ မှာစ
ကား စပ်စကား လှည့်စကား လှပ်တို့သည် ကျေပျက်ကွာသမျှမှာ ကျောက်များ ထွင်ထပ်
၍ ကျောက်စာထိုဝ် စေ၍ စိုက် ထောင် စေ၊ ကျောက်စာတိုင်ယိမ်း သမျှမှာမတ် အောင်
ထပ်၍ စိုက် စေ၊ ပြင်လုပ်သည့် ကျောင်း တော်များ မှာတံဆိပ် တော်ထပ်၍ကျုံရမည်။
တံဆိပ် တော်လက်ရိုက်သံကိုဝ်လုပ် စေပြီး လျှင် ဝေါဘလာထွင်တင်၊ ထီး ဖြူလေး စင်း
အုပ်ရမည်၊ စည် တော်နှင့် ကျောင်း တော် ရောက်အပ်လှူ စေ။ ပိဋကတ်တိုက် တော်
ကိုလည်း ရွှေမွမ်း မံ စေ။ ပုဆိုဝ်း ပေထွင်သစွေး အတ္တရာ၊ ပကတိ ပေထွင်မင်အ

ဂ္ဃရာ၊ စာလုံး လွှတ်ရာ ရွှေဇဝါရေး စေ၊ ကညစ်အဂ္ဃရာ ရေး စေ၊ ပေအဂ်ီ
ရှစ်သောင်း လေး ထောင်တိုက် တော်သို့ဝ်သွင်း စေ။ မင်စာ ရေး ကညစ်စာ
ရေး ခန့်မြဲခန့်။ ပိဋကတ်တော်မတံဆိပ် ဘော်ရ၂၀၊ စာတည်း ပိဋကတ်တော်မ
၃၀၊ စာကြည့်ပိဋကတ်တော်မ၁၀၊ မဟာမြတ်မုနိရင်ပြင် တော်သို့တက် စေရမည်၊
ပင့်၊ ဆွမ်း တော်မှာ နိက်ကိုဝ်မခန့်နှင့်၊ နေ့ဆွမ်း ကိုဝ် နေရာ နေဝန်စုရ ဖြိုဝ်
ရ ရွာရတိုဝ်တနေ့လျှင်သပိတ်လုံး ရေ၆၀၊ ဆွမ်း အဘွယ်အရာကြံ ငှက်ပျောအုန်း သီး
ကွမ်း လျှက် ရေတကောင်း ပွှတ်အိုး အစုံ၊ အကြပ်အမနှင့်ပိဋကတ်တိုက် တော်သိုဝ်
ရောက် စေ၊ခန့်။ မဟာဒါန်ဝန်စာ ရေး ၊ သွေ့ာက်ကြီး ကို့ကိုဝ်အကြပ်အမခန့်၊ ပိဋ
ကတ်စိုး စာ ရေး ခန့်။ တိုက်သား များ မှာအညာ ပါရှမ်း ၃၀တိုကိုဝ် စောင့်စေ၊
ခန့်။ မင်စာ ရေး ကညစ်စာ ရေး တိုဝ်ကိုဝ်ကျိဝန်ကမှင်စာ ရေး တို့မှာ ရိက္ခာတ
လျှင်စပါး ၄၊ ဆား ၁၊ ပေ ရေး တို့မှာ ရိက္ခာစပါး တလျှင် ၅၊ ဆား ၁
ပေး စေ။ ဝန်တို့ဝ်ကစီရင်။

4 April 1638

သက္ကရာဇ်၁၀၀၀ပြည့်ကဆုံလဆန်း ၃ ရက် နေ့နာ း ၁ ပြေ့ာကြီး မှူး
ထုတ်၍လွှတ်တွင်ပြန်သည့်အမိန့်တော်။
( မြှုး ကြည့် ၁၉၄၄၊ တက်ဗဟို၄၅၂၃၅ )

11 April 1638

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသောအသျှင်ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်၊နှမတ္တာမြစ်နားတွင်ပထမစက်တော်ရာ၊ မျက်စည်တောင်ထိပ်နှင့်ဒုတိယစက်တော်ရာရှိကြောင်းကိုသုံးတန်သင်္ဂါယနာဝင်ကျမ်းကြီးများ၌လာသည်၊ ဘေးတော်သတိုးမင်းဖျားလွှတ်မှစ၍ဘိုးတော်သတိုးမင်းစောတိုင်ထင်ရှားသည်၊ အများရှိခိုးပူဇော်ရောက်သည်၊

သတိုးမင်းစောသည်ရတနာပူရမြို့မှခွါ၍အညာသို့ရောက်သည်နှင့်သံလျက်ကျွန်းသည်လေးနှစ်ငါးနှစ်တောဖြစ်ရာတွင်နိုင်ငံအလုံးပါးရှားကပ်ခိုမှီရာရဟန်းရှင်လူတဖျင်တပါးရှိကြ၍အရောက်အပေါက်မရှိချုံပိတ်ပေါင်းဖုံးအုပ်၍ရှိသည့်အကြောင်းနှင့်တောင်ဘီလိပ်ပုဂ္ဂိုလ်ကျော်ဆရာတော်လေးပါးတို့ကကျမ်းဂန်ကြည့်၍ပထမစက်တော်ရာဒုတိယစက်တော်ရာရှိရာအရှာအဖွေအဖူးအမျှော်ကြွတော်မူမည်ကိုချင်းရိုင်းတို့အန္တရာယ်ကိုမမြင်နိုင်ရေမြေရှင်ကအရံအတားလူ၅၀၀ခန့်ထားပါဟု၍မေတ္တာစာသွင်းသည်အရာသည်သာသနာတော်ရေးပွင့်လင်းစည်ပင်မည်ကိုရည်၍ဆရာတော်တို့ကတဝတည်းပြီးပြေအောင်ကြံ၍သာသနာတော်ကိုထွန်းတောက်ပစိမ့်သောငှါပြုခြေသည်၊ ငါကလည်းဆွမ်းပစ္စည်းအစုံကျိုဝန်စါရေး၁နှင့်ခန့်၊ အိမ်ဆောင်လှေကြီးလေးစင်း၊ လှေခတ်လူရေးဒဝယ်ကျွန်တော်ခံတို့က၁၂၀နှုတ်၍ခတ်စေ၊ မြင်းကြီးဒိုင်းမှူးခန့်၊ လုလှက်ကိရိယာနှင့်၅၀၀ ကုလားကျွန်တော်ခံတို့ကပေးစေ၊ အရပ်ရပ်မြို့ရွာကင်းများကမြစ်စဉ်တလျှောက်ကြည်းရေဆရာတော်တို့ရောက်ပေါက်သည့်မြို့ရွာကလှည်းနွားလူပေးစေ၊ ဆရာတော်တို့ကိုယည်နီလေးဆူလျှာရမည်၊ ယည်တမ်းမှာကျောင်းသံဃိကလူတို့ကပေးစေရမည်၊ ဝန်တို့စီရင်။

11 April 1638

သက္ကရာဇ်၁၀၀၀ပြည့်ကဆုံလဆန်း၁၅ရက်နေ့ဆရာတော်တို့စုံသွားမည်ကိုငှင်းလဆန်း၁၀ရက်နေ့နားခံစမြောင်မှူးထုတ်၍လွှတ်တွင်ပြန်သည့်အမိန့်တော်။

(မှိုးကြည့် ၁၉၄၄၊ တက်ဗဟို၄၅၂၃၅၊ ဂန့်ဂေါအံ့ပေ)

ဘုံစံတုလွတ်ကျောင်း တော်တင်ထွက်တော်မူမည်မှာ၊ ပါပခါတ်၊ သူရဿခါတ်၊
အမြိတ္တခါတ်၊ ကောလီခါတ် ၄ ရဝ်သော ဗေဒင်ကြောင်း တို့ဝ်ဖြင့်ခင်း ကျင်း၍ထွက်
စံတော်မူမည်မှာ၊ ငါအသျှင်ဘဝရှင်မင်း တရားကြီး ဘုရား ဆွေတော်ရင်း မျိုး
တော်ရင်း သီရိဓမ္မာမင်း ရဲတို့ကိုမေး၍ခါတ်နေသင့်အောင်ပုံစံနှင့်ဝန်တို့ကယူ
ရမည်။ မြင်း ရထား တော်နောက်ဆင်တော်များ ကိုဝ်ချည်တည်သောအခါစည်း
စိမ်ဆင်ပေါက်ကိုဝ်တပ်တွင်း ကအနောက်ကိုဝ်ဦး ကင်း ထား၍ချည်စေ။ ရဲရောင်
ဟူသောလူကိုဝ်ဆင်စီး တင်၍ချွန်း စွဲစေ။ တဝ်တော်ပြင်ကရန်ရဲဆင်မတော်ကိုဝ်
အနောက်သို့ဝ်ဦး ကင်း ထား၍ချည်စေ။ စည်းစိမ်ကို ဆင်စီး တင်၍ချွန်း စွဲစေ။
ရဲရန်ဆင်တော်ပါး ထွင်နတ်တူဆင်မကိုဝ်အနောက်သို့ဝ်ဦး ကင်း ထား၍ချည်စေ။
သီဟကိုဝ်ဆင်စီး တင်၍ချွန်း စွဲစေ။ သက်သံဟူသောဆင်ပေါက်တော်ကိုဝ်နန်း နုကို
ဆင်စီး တင်၍ချွန်း စွဲစေ။ စစ်ဝတ်တံဆာနှင့်လူ ၂၂။ အမြောက် ၂၂၊ သေနတ် ၂၂၊
လေး ၂၂၊ ကာ ၂၂၊ လွှား ၂၂၊ အလံဖန်ရောင်ဟန်စည်ဟန်မောင်း အစုံ၊ စီး
ဆင် ၁၁၊ မြင်း ၁၁၊ ဝိရူပက္ခနတ်ရုပ်ကဲ့သို့ဝ်ဝင်း မှူး မှာစစ်ဝတ်တံဆာနှင့်မောက်
တိုတိဝ်မှန်ကင်း ရွက်စိုက်၍နဂါး တံဆာနှင့်နောက်တော်ကလိုက်စေ။ ရှေ့တော်ကဥ
ဩဆင်ပေါက်ကိုဝ်အရှေ့သို့ဝ်ဦး ကင်း ထား၍ချည်စေ။ နန္ဒကိုဝ်ဆင်စီး တင်၍ချွန်း
စွဲစေ၊ နတ်တော်ဆင်မကိုဝ်အရှေ့သိုဝ်ဦး ကင်း ထား၍ချည်စေ၊ အောင်ခိုင်ကိုဝ်
ဆင်စီး တင်၍ချွန်း စွဲစေ၊ ရွှေရည်ဟူသောဆင်မတော်ကိုဝ်မြတ်ဘုန်း ကိုဝ်ဦး စီး
စေ၍ချွန်း ကိုင်စေ၊ မြဲမြန်ဆင်ပေါက်တော်ကိုဝ်ထွန်း တက်ကိုဝ်ဦး စီး စေ၍ချွန်း
ကိုင်စေ၊ စစ်ဝတ်တံဆာနှင့်ကောင်ဟန် ၁၂၊ အမြောက် ၁၂၊ သေနတ် ၁၂၊ လေး
၁၂၊ လွှား ၁၂၊ အလံဖြူစီး ဆင် ၁၇၊ မြင်း ၁၇၊ ဒတ္တရဋ္ဌနတ်မင်း သဏ္ဍာန်နဂါး တံ
ဆာနှင့်ရှေ့ဝင်း မှူး ကိုဝ်မောက်တိုဝ်ထိဝ်မှန်ကင်း ရွက်နှင့်ယတ်ခါး စွဲ၍သူရဲ ၁၂၅
နှင့်နောက်တော်လိုက်စေ။ လက်ဝဲ တော်ကလက်ဝဲဆင်ပေါက်တော်ကိုဝ် မြောက်သိုဝ်
ဦး ကင်း ထား၍ချည်စေ။ သီဟကိုဝ်ဆင်စီး တင်၍ချွန်း စွဲစေ။ ကျော်ခဲဆင်မတော်
ကိုဝ် မြောက်သိုဝ်ဦး ကင်ထား၍ချည်စေ။ လက်ဝဲကိုဝ်ဆင်စီး တင်၍ချွန်း စွဲစေ။
သွန့်စံဆင်မကိုဝ်သံသာဆင်မနှင့်ရှည်၍ချည်စေ၊ ကျော်ခေါင်ကိုဝ်ဆင်စီး တင်၍ချွန်း
စွဲစေ၊ ကျော်ခဲဆင်ပေါက်ကိုဝ်လက်ဝဲဆင်ပေါက်နှင့်ရှည်၍ချည်စေ၊ စံညက်ကိုဝ်ဆင်စီး

တင်၍ ရွှန်း ဖွဲ စေ၊ အလံဝါဆောင် စေ၊ စစ်ဝတ်နှင့် ကောင်ဟန် ၁၆၊ အမြောက် ၁၆၊ သေနတ် ၁၆၊ လေး ၁၆၊ ကာ ၁၆၊ လွှား ၁၆၊ ဆင် ၁၀၊ မြင်း ၁၀၊ ကုဋေ ရနတ်မင်း ကဲ့သို့ဝ် ဘီလူး တံဆာ ဖွဲ့ဖြူနှင့် လက်ဝဲ ဝင်း မှူး ကိုဝ်ဆင်စီး စေ၍ မောက် ကိုဝ်ထိဝ် မှန်ကင်း စိုက်၍ လက်ဝဲ တော်က စစ်ဝတ်တံဆာ သူရဲ ၁၂၀ နှင့် လိုက် စေ၊ ကော လီဓါတ် တောင်စူး စူး ကျော် ခေါင်ဆင် ပေါက်ကိုဝ်မြတ်ဘုန်း ကိုဝ်ဆင်စီး တင်၍ ရွှန်း ဖွဲ စေ၊ မှန်ပြဆင်မကိုဝ် ကျော် ခေါင်ကိုဝ်ဆင်စီး တင်၍ ရွှန်း ဖွဲ စေ၊ အောင်ဦး ဆင်မကိုဝ်လက်ယာကိုဝ်ဆင်စီး တင်၍ ရွှန်း ဖွဲ စေ၊ အလံစိုက် ထောင် စေ၊ ဆင် တော် ဦး ကင်း တောင်သိုဝ်ထား ၍ ချည် စေ၊ စစ်ဝတ်တံဆာ နှင့် ကောင်ဟန်ဒိုင်း ကိုင် လှံဖွဲ ၃၀၊ အမြောက် ၃၀၊ သေနတ် ၃၀၊ လေး ၃၀၊ ကာ ၃၀၊ လွှာ ၃၀၊ စီး ဆင် ၇၊ မြင်း ၇၊ ဝိရူဠက နတ်မင်း ကဲ့သိုဝ် နတ်တံဆာ နှင့် မောက်တိုဝ်မှန် ကင်း စိုက် စေ၊ လကျာ ဝင်း မှူး ကိုဝ်တံဆာ ဆင်၍ စစ်သည်သူရဲ ၁၂၀၊ အလံနီလာ ရောင်နှင့် နောက် တော်လိုက် စေ၊ နောက် တော်လိုက်ဗြဲ မင်း ညီမင်း သား သေ နာပတိ၊ မှူး မတ်တို့ကိုဝ် ပေါင်း ရွှန်၊ မောက်ရူတံဆာ နှင့်လိုက် စေ၊ ပန်း ဆိုဝ် ပေါင်း ထုတ်၊ ပန်း ဆိုဝ်အင်္ကျီဆင်ဝတ် စေ၊ သီရိသုမဟာရတနာဓိဓမ္မာလင်္ကာရတံ ဆိပ် တော်ကိုဝ်ဆရာ တော်ကိုဝ်ပျှ တော်မူသည်၊ လုပ် စေ၊ ကျောင်း တော်မာရ ဘင် ရှေ့ဥကင် တော်ဝတွင်အ ရှေ့ကထား ရန် ကျောက်ခုံ နှင့်ထီး ဖြူလေး စင်း၊ ရွှေချ ညောင် ရွက်ထီး လက်၃ ၆တန့်၊ ရွှေချက်ထီး ဂိုဝ်ခ ဂိုင်ထီး ထောက် ရွှေအမွှန်း ထည့်စီရင်၍ အသင့်ရှိ စေ၊ ကျောင်း တော် ရှေ့တံ ဆောင်း ရင်း တွင်အုပ်ကူ နှင့် ကျောက်စာ တိုင်တွင်ဘုံစံ တုလွှတ်အမည် မှော်ကွန်း အမည်ထုလုပ်၍ စိုက် စေ၊ ကျောင်း တော်တင် သာမု ခေါ် မည်မှာ အရိယာသဃ်ာ တော် ထောင်ပြည့် ရွှေမြို့ တော်မှ စ၍ စစ်ကိုင်း တံတား ဦး ပန်း ရအ ဝေး မြို့ဝ် ရွာတံဆိပ် တော်ရ ပိဋကပ် စာ တည်း စာကြည့်တို့ကိုဝ် ပင့် စေ၊ အပျှ တော်မှာ ခါသာ သင်္ကန်း စုံ၊ ရဟန်း တို့ဝ် နှင့် ပျော်သော ကော် စောထီး ကြီး တရပတ် ဆင်စွယ်ခွက်အုပ် ဆင်စွယ်တပ် ဆေး ကြိတ် ဆောင်ရန်သတ္တုလတ်နီ မွှမ်း သင်ဖြူး ဆွမ်း ဟင်း အဘွယ်အရာ ခဲဖွယ် စား ဖွယ် ကွမ်း ယင် လက်ဘက်ထုတ် လက်သုတ်ပဝါ သာလူအုပ် လှက်ချောင်း ငှက် ပြော အုန်း သီး ကြံဆစ် သဃ်ာ တော် စေ့အပျှ တော်ရာန်များ ကိုဝ်ဝန်တို့ဝ်

စီရင်။

14 April 1638

သက္ကရာဇ် ၁၀၀၀ ပြည့်ကဆုံလဆန်း ၁၃ ရက် နေ့ နာ ၁း ခံ ပြေ ့ကြီး မှူး ထုတ်၍လွှတ်တွင်ပြန်သည့်အမိန့်တော်။

( မြိုး ကြည့် ၁၉၄၄၊ တက်ဗဟို ၄၅၂၃၅ )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသောအသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့်တော်ရှိသည်၊ ပိဋကတ်တော်ရေး မှာဆင်စွယ်ပေချပ်တသောင်း ရှစ်ချပ်၊ ရွှေသား ပေတသောင်း ရှစ်ချပ်၊ ငွေသား ပေတသောင်း ရှစ်ချပ်၊ အတွင်း တော်ကစီရင်သည်၊ လွှတ်ကပိဋကတ်တိုက်သိုဝ်ပို့ပေး စေ၊ ပိဋကတ်တိုက်သိုဝ်တက် တော်မူသည့်ပိဋကတ်စာမ၊ စာတည်း ၊ စာကြည့်ဆရာ တော်၊ သင်္ဃာ တော်တိုဝ်ကိုဝ်လဝတ် ဆွမ်း ဆန်တံဆိပ်ရကိုဝ်ဆန်၅၊ ငါး ၊ ငါး ပိ၊ ဆား ၊ ဆီ၊ ငါး သိုင်း ၁ပိဿာစီ၊ ပိဋကတ်စါမစာတည်း စာကြည့်သင်္ဃာ တော်တိုဝ်မှာဆန်၃၊ ငါး ၊ ငါး ပိ၊ ဆား ၊ ဆီ၊ ငါး သိုင်း ကျပ်၅ဝစီလျှစေ။ ကျိဝန်တိုကိုဝ် ခေါ်၍ဆိုဝ်၊ ကျွေပဂံဟင်း သောက်နှင့် သကျား ၊ စား ပဂံပျပ်နှင့်ဖွံပလွံ၊ သစ် သျေ်သီး၊ သစ်ဘျား သီး ၊ တရုတ်တည်သီး ၊ ဇာဒိပ္ဖို၊ လေး ညှင်း ၊ အသီး အပွင့်၊ နံ့သာဖြူဝဝစီလျှစေ တော်မူသည်။

ပိဋကတ် တော်တိုက်သိုဝ်တက် စေရမည့်ဆရာ တော်ပိဋကတ်စာမစာ တည်း စာကြည့်တို့ကို နေ့ဆွမ်း ပြင်သည်အဖွယ်အရာမစုံ၊ မကောင်း ၊ မှိုတက်သည် အရာများ ပါကြောင်း ကိုရွှေနတော်ကြား တော်မူသည်၊ ဝန်တိုကမကြည့်မရှုစေ လောဝ်၊ ၎င်းတို့ကိုလွှတ်တွင်နေစေ၍အကြည့်အရှုအစီအရင်ခန့်တော်မူသည်။ နင်တို့က အစစ်အကြောအကြည့်အယူမခန့်သော ကြောင့်မကောင်း သည်ကိုဝ်ရွှေနတော်ကြား ရသည်။ ဆွမ်း ကိုသပိတ်ပြည့်ပြင်စေ၊ ဝက်သား တစ်ကိုအကျော်၊ နံရိုး ကျော်၊ ဝက် သား ကျော်ချက်၊ ဝက်သား စိမ်း ပေါင်း ချိန်၅ဝိ၊ ကြက်ပေါင်း ၅ဝိ၊ ငါး ကျော် ပေါင်း ၅ဝိ၊ ငါး စိမ်း ပေါင်း ၅ဝိ၊ ငါး ကောင်ကျော်၅ဝိ၊ ငါး တစ်ကျော်၅ဝိ၊ လက်သုတ်၃မည်၊ သနတ်၃မည်၊ ခရမ်း သီး ကျော်၊ လိပ်ဥ၊ ပုဇွန်ထုတ်၊ စား မဲပွဲ တော်ကိုဝ်လှအောင်ပြင်စေ။ ယို၃မည်၊ သကျား မုံ့၃မည်၊ ထန်လျက်မုံ့၃မည်၊ ပေါက် ဆုတ်၊ သလျှုထုတ်၊ ညာတရာ၊ ရွှေထမင်း ၊ မုံ့လုံး ၊ ကျွဲသည်း ၊ ပဲမုံ့၊ ပတူ၊ အချိုပွဲ တော်ကိုဝ်လှအောင်ပြင်စေ။ ကြံစည်း ၊ ကွမ်း ၊ လွှက်၊ ဆေး ၊ ၄က်ပျောဘီး ၊ အုန်း ဆီ၊ သီး ပြွမ်း အိုဝ်၊ တကောင်း ရေပြည့်ငါအလျှတော်ရန်များ ကိုဝ်နံက်တ ချက်တီး ကိုအတွင်း တော်သိုဝ်သွင်း ၍ပြစေ။ ပြပြီး မှမဟာမြတ်မုဏိပိဋကတ်တော် တိုက်သိုဝ်အကြပ်အမနှင့်ပိုဝ်စေ။ မဟာဒါန်ဝန်စာရေး တို့ဝ်ကစာရင်း ယူစေရ မည်၊ ခန့်ပြီး လျှင်ဝန်တို့ကစုံစေ့အောင်စာချွန်ပေး အပ်၍စီရင်စေရမည်။/အ

ကြပ်အမခန့်ထား၍ ပိုဝ်လျှစေ။

22 April 1638

သက္ကရာဇ် ၁၀၀၀ ပြည့်ကဆုန်လပြည့်ကျော် ၆ ရက်နေ့နား ခံစမြောင်မှုး ထုတ်၍လွှတ်တွင်ပြန်သည့်အမိန့်တော်။

( မျိုးကြည့် ၁၉၄၄၊ ရှေးဟောင်းသုတေသနရုံး ၄၂၀၇ )

ဘုန်းတော်အလွန်ကြီး မြတ်တော်မူလှသော အသျှင်ဘဝရှင်မင်းတရားကြီး ဘုရားအမိန့်တော်ရှိသည်။ ညီတော်မင်း ဝဲ ကျော်စွာကိုဝ်အိမ်စကြော ၄ ပွင့်၊ အမွှမ်း ချင်ဖိတ်၊ အပြောက်ထု၊ တုရင်ပြာတပ်၊ အနီဝင်း ၊ မြင်းကပ်အထက်ကွပ်ပြစ်စီ၊ ပတ်လည် ကောင်ဟံတန်း နှင့်စောင့်နေစေ။ ကင်းတား မြင်း ၄ စု၊ လက်ဝဲရာဇ သွေ့ကာ၊ နန္ဒသီဟ သွေ့ကာ၊ လက်ယာ ရဲသူ သွေ့ကာ၊ လက်ယာကာမဏိ သွေ့ကာ၊ ဆင်တော်သည် သိမ်ပဲ့သူ သွေ့ဘိတိုကိုဝ်အပ်ရမည်။ လှော်ကား စင်လုံး ၄ က်ပြည့်၊ ခင်တရင်အနီတစု ရွှေနှစ်စု၊ အမိုး နီတွင် ရွှေကြာနှစ်ပွင့်၊ ကြာရိုဝ်ကြာရွက်ဇာဝါရေး ၊ အမွှမ်း အပျောက်ထု၊ ဟင်း ရန်ဘူး ၊ မျက်နှာကြက်ကြာယပ်၊ အောင်း ဖြူ၅ပွင့်၊ ငွေကျိဝ်၊ ရွှေကတော့၊ တက်မရွှေပိန်း ၊ လှော်ကား တက်ချင်ပုရွှေ၊ အရွက်နီ၊ လှော်လု ဖေါင်း ချွန်း ၊ လှော်ကား ဦး ပဲ့လုင်တိုင်၊ ကြေး စည်တိုင်၊ လှော်ကား မျက်မေ့ နှစ်ဘက်တပ်၍စီး စေ။

ဝေါကြီး ၊ ကျိုင်း ရွှေချက်၄၊ သား လိုက်၊ စား တော်ကွမ်း ရေကိုင်၊ အဆောင်နီဆင်ပေါက်၅ စီး၊ ယည်သာ၅စီး ၊ ရွှေဒိုင်း ၁၀၊ ရွှေဓါး ၁၀၊ ရွှေလှံ ၁၀၊ ရွှေလွှား ၁၀၊ ကုလား ဖျိဝ် သွေ့ကာ ၁၀၊ စည်နီ၅လုံး ၊ ငွေနှဲ၊ ငွေခရား၊ ပုံသာ သနား တော်မူသည်၊ ခေါ်၍လွှတ်တွင်ပြန်။

8 May 1638

သက္ကရာဇ် ၁၀၀၀ ပြည့်နယုန်လဆန်း ၇ ရက်နေ့နား ခံတော်စမြောင်မှူး လွှတ်ထွင်ပြန်သည့်အမိန့်တော်။

( မှိုး ကြည့် ၁၉၄၄ )

အနန္တမဇာဆရာတော်၊ အရိယာလင်္ကာရဆရာတော်၊ ဘိလောကာလင်္ကာရဆရာ
တော်၊ သီရိသုမင်္ဂလာဇဂုရုတောင်ဘီလာဆရာတော်တို့စုန်သွား၍ စကုမြို့အဝင်
မင်းဘူးဆိပ်တွင် လှေဆိုက်၏။ ဟိမဝန္တာသို့ဝ်ဝင်တော်မူကုန်သည်။ မရှက်တောသို
ရောက်၍သစ်ပင်ကြီး၌ စခန်းချတော်မူသည်။ ထိုနေ့ည၌လည်း ဆရာတော်၄
ပါး သင်္ဃာတော်တကျိတ် ၂ပါး ၊ ပေါင်း တကျိတ်ချောက်ပါး တိုဝ်သည်ပရိတ်ရွတ်သည်။
သင်တော်မူကုန်သောကျမ်း အပေါင်း တို့ကိုဟောသည်။ အတန်ငယ်ကျိန်း တော်မူကြ
သည်။ မိုဝ်သောက်၃ချက်တီး ကျော်၅မောင်း ခန့်တွင်၊ တောင်ဘီလာဆရာတော်
မြင်မက်သည်၊ ခွေး နက်ကြီး တခုကိုကြိုး ထည့်၍ လူတရောက်လှံကန်ကိုင်လျက်ဆရာတော်
ရှေ့ရောက်လာသည်။ ဘုန်း ကြီး တို့လာသည် ဘောအုပ်ကြီး စွ၊ ချင်သေ့၊ သစ်၊ ကျွား
မြွေ၊ ဖါး ၊ ကင်း ၊ သင်း          များ သည်။ သိနိုက်လျှင်အန္တရာယ်ဖြစ်မည်ကို [illegible]
လောဝ်။ အဘယ်ကြောင့်သည်တောအုပ်သို့လာကုန်သည်နည်း မေး ရာတွင် ဒါယကာ
ငါတိုဝ်သည် ဂေါတမဘုရား ရှင်ပညပ်တော်နှင့်သိမ်အပြင်၌ကမ္မဝါတင်၍ ငါတို့ကိုဆရာ
ဥပဇ္ဈာယ် ရှေ့ကမ္မဝါဆရာတိုဝ်ဘတ်၍ပဉ္စင်း အဖြစ်ကိုပေး သည်။ ကာရကသင်္ဃာ
၂၁အပြည့်အစုံပဉ္စင်း ခံသည်။ ငါတို့ဆရာဘုရား သခင်ဂဝါမြောက်၌သံသုမာရ
ဂီရိပြည်ကနမန္တနား သိုဝ်ရောက်တော်မူရာတွင်နမန္တာနဂါး တောင်း ပန်
သောကြောင့်ပုံတောင်နှင့်အတူအရုံအထား တရာ၃ ရှစ်ကွက်စက်တော်ကိုထင်စေ
သတည်း မိဋ္ဌာန်တော်မူ၍ ကျောက်ဖျာအပြင်ထက်နင်း လျှင်လက်လေး သစ်ထုဖြစ်၍
ခြေတော်ရာထင်ရသည်။ ထိုခြေတော်ရာကိုဝ် တောင်း ပန်သောနဂါး သည်သာ
သနာတော်၅၀၀၀တိုင်အောင်စောင့်ရှောက်ရသည်။ မျက်သည်း တောင်ထိပ်၌
လည်း သစ္စာမှန်လှသောရဟန္တာ တောင်း ပန်ရာတွင်ချတော်မူသည်။ ဒုတိယခြေ
တော်ရာရှိကြောင်း ကိုဝ်ရတနာပူရမြို့ဝ်တည်ပဋ္ဌမမင်း ကသည်၁၉ဆက်တိုင်ထင်ရှါး
၍အာနုဘော်တိတ်ဆိတ်သည်များ ကိုဝ်ကျမ်း ဂန်လာသည်ဖြစ်၍ ငါတို့ဘုရား သခင်
စက်တော်ရာကိုဝ်ရှာမည်လာကြသည်ဟုပြောလျှင်ငါခွေး နက်ကြီး ဝင်သောတော
လမ်း ကိုဝ်လိုက်ကြကုန်၊ စက်တော်ရာကိုတွေ့လိမ့်မည်ဟူ၍စကား ပြောစည်နိုဝ်း
တော်မူ၏။

ဆရာတော်၃ပါး တို့ဝ်နှင့်သင်္ဃာတော်တို့ဝ်ကိုဝ်အိပ်မက်တော်မူသည့်အ

တိုင်း ပြန်ရာတွင်ဆရာတော်တို့ကကဿပဘုရား သာသနာတော်ယိုယွင်း မည်ကိုသူ
ဇံ့ပတိတို့သိ၍ ဝိသုကြုံနတ်သား ကို ခွေး နက်ကြီး ပြုစေ၍သံကြိုး တည့်မှသကြား မင်း မု
ဆိုဝ်အရောင်ပြ၍မြှိဝ်ကိုသုံး ပတ်လည်ပြီး မှဗြဟ္မစေတ်မင်း လေသာပတင်း သို့ဝ်လက်
နှစ်ဘက်ကိုတင် စေ၍ မိုး ကြိုး သံကဲ့သို့ဝ် သောမျှား စွာ သောအသံကိုပြု စေ၍ကျမ်း ဂန်
လာသည်။ ညီတော်တို့ငါတို့ကိုလည်း သူဇံပတိသည် ခွေး နက်ကြီး သဏ္ဍာန်ဖန်ဆင်း ၍ ရင်
အပ်မပြု၊ အိပ်မက်သာပြသည်။ ထိုဝ်သူဆိုဝ်တိုင်း မိုဝ်း သောက်လျှင် ခွေး နက်ကြီး
တောသိုဝ်ဝင်သည်ကိုမြင် ခြေကထိုဝ် တောအုပ်တွင်ပင်ဘုရား သခင်စက်တော်ရာ
ရှိ၏ယူရမည်ဆိုကုန်၏။ နေတက်လျှင်ဆွမ်း ဘုန်း ပေး ၍ တောအုပ်သို့ဝင် တော်မူ၏။
ခွေး နက်တခုသည်လမ်း တွေ့သို့ဝ် ရှေ့ရှု၍ စိုက်စိုက်မတ်မတ်မထီ လေး စား လှမ်း ကာ
မျှဖြင့်သွား ၍ တောအုပ်သို့ဝ်ဝင်၏။

ဆရာတော်တို့သည် ခွေး နက်ဝင် သော တောသို့ဝင်၏။ သရက္ခန်၊ နံ့သာ၊
ကော်သဇင်၊ ပန်း နံ့လှိုင်၍ကျိုင်စွာ မွှေး ၏။ ခွေး လည်း ထိုတွင် ပျောက် လေ၏။
ဆရာတော်တို့လည်း ရေကိုဝ်ရှိ သောမြစ်တဘက်သို့ဝ်ကူး ရာတွင်ဘီလူး တယောက်
ထိုင်သျှက် တွေ့၏။ ဘုန်း ကြီး ၊ ဘဇာအလိုဝ်ငှါလာသနည်း ဟုမေး ၏၊ ရှေး နည်း ဆို
ကုန်၏၊ ဘီး လူး လည်း လက်ညှိုး ညွှန်၍ဤကား ဘုရား သခင် ခြေ တော်ရာတည်း ဟု
ပြ၏။ ဆရာတော်တို့ဝ်လည်း ဝတ်ဖြည့်ကုန်၏။ ရောင်တော် ချောက်သွယ်တပြိုင်နက်
လွှတ်တော်မူ၏။ ရောင်တော်စဲမှဘီလူး ကဤကား ပထမစက်တော်ရာငါတောင်း
ပန်၍ပြသည်၊ အထက်မှာဒုတိယစက်တော်ရာရှိ၏။ တောင်သို့တက်ကုန် လော့၊
တိုက်တွန်း ၏၊ တောင်ထိပ်သို့ရောက်လျှင်စက်တော်ရာကထန်း လုံး ခန့်အရောင်
ထွက်၍ တောင် ခြေရင်း သို့ဝင်၏။ ရွှေတိုင်စိုက် သောအရာကဲ့သို့ဝ်ရှိ၏။ ဆရာတော်
တို့လည်း ရှိခိုး ပူဇော်ကုန်၏။

ထိုဝ်နေ့ည တောင်ဘီလာပုဂ္ဂိုလ် ကျော်ပဋ္ဌာန်း နှစ်ဆယ် လေး ပစ္စည်း
ကိုဝ်အကုန် ဟော၏။ တောစိုး တောင် စောင့်နတ်လာ၍ နာ၏။ နောက် သော
တာပန်နတ်လာ၏။ အသုနည်း မေး သော်ငါသောတာပန်ဆိုဝ်၏။ သောတာပန်
နတ်ဘုရား သခင်ကိုဝ်မြီ၏ လော ဟူမေး ၏။ မီ ကြောင်း ကိုဆိုဝ်၏။ ငါဟော သော
ပဋ္ဌာန်း တရား တော်သည်ဘုရား သခင် ဟော တော်မူ သောတရား တော်နှင့်

အဂ္ဂရာဝုတ္တညီ၏ လောဟု မေး၏။ ဘုရားသခင် ဟောတော်မူသောတရားတော်နှင့် ထောက် သော်ပုတ်နံ့လှစွာသော ငါး ပိကိုဝ်ဆယ်ထပ် ဖက်ဖြင့်ထုတ်လျှင်အပေါ်ဆုံးဘက်တွင် နံ့သောအနံ့နှင့်တူ၏ဟုဆိုဝ်၏။ တောင်ဘီလာဆရာတော်ကလည်း ဟယ်ကျွန်သား နတ်၊ နင် သောတာပန်ဆိုဝ်သည်၊ သောတာပန်စကား မထွက်၊ ဘုရားရှင်သာသနာတော်တဝက်မျှမလဲသေး သည်ကိုဝ် မုသာဝါဒ ဆောင်သည်။ ငါ ဟောသောပဋ္ဌာန်း တရားတော်သည်အဂ္ဂရာဝုတ္တိအယိုအယွင်း မရှိမှန်၏။ ယိုဝ်ပချေလျှင်ငါဥဏ္ဍောင်း ကိုစက် ရောက်စေသတည်း မိန့်တော်မူရာတွင်မှ သောတာပန်နတ်က ငါသောတာပန်မှန်၏။ ဘုန်းကြီး ဟောသောတရားသည်ဘုရားသခင် ဟောတော်မူသောတရားတော်နှင့်အဂ္ဂရာဝုတ္တိတူ၏။ ဘုန်းကြီးအား ဝိရိယကိုတက်စေခြင်း ငှါငါဆိုဝ်သည်၊ ဘုရား ဆုကိုဖြည့်အံ့သည်ဟူ၍ဆိုဝ်ပြီး လျှင်ကွယ်လေ၏။

မိုဝ်သောက်လျှင်နတ်ကိုဂ်ဆွမ်း ဩချဲဘုန်း ပေးရ၏။ ထိုဝ်တောမှထွက်သျှင်ပထမစက်တော်ရာသိုဝ်ဝင်၍ ရှိခိုဝ်ရာတွင်အံ့သကိုက်ကိုဖြန့်၍ ငါသည်ဘုရား မချွတ်ဖြစ်အံ့ဤသဃ်န်း တွင်၁ဝဂကွက်စက်တော်ထင်စေသတည်း ဟူ၍ မိဌာန်မြွက်ဆိုဝ်ပြီး လျှင်စက်တော်ရာကိုလှမ်း၏။ ယူ၍ကြည့်လျှင်၁ဝဂကွက်စက်လက္ခဏာနှင့်တကွကြီးကြာငှက်ရုပ်ကုန်း၍ထ၏။ ထိုဝ်အရာကိုဝ်ဘတ်တော်မူသော်ကား ငါဘုရား မချွတ်ဖြစ်အံ့၊ ကြိုဝ်ကြာငှက်ကုန်း၍ပြသည်အလိုကား ကျိုဝ်လေဦး၊ ကြာချေဦး မည်ဆိုဝ်လိုဝ်သည်။ ဘတ်ပြီး လျှင်စက်တော်ရာကို ချည်ဖြင့်ကွင်း၍ယူခဲ့မှအစည်အတိုင်း လာ၍အဝ ရွှေနန်း တော်သို့ ရောက်တော်မူကုန်၏။ အလုံး စုံကိုဘဝရှင်မင်း တရားကြီးအား မိန့်တော်မူ၏။

ဘဝရှင်မင်း တရားကြီး လည်း ယုံတော်မူသောအရာကိုမပြန် နေရာတွင်စက်တော်ရာ ချည်ကွင်း ကိုနန်း တော်တွင်ပိတန်ဘျက်၍ဆရာတော်တို့ဝတ်ဖြည့်၍မဟာနမကာရရှိခိုဝ်ကိုဝ်ရွှတ်တော်မူကြရာတွင်ညိုဝ်သော ရောင်ချည်တော်ကိုလွှတ်၍တနန်း လုံး မိုက်၏။ ရွှေသော ရောင်ခြည်တော်၊ ဖြူသော ရောင်ခြည်တော်၊ နီသော ရောင်ခြည်တော်၊ မောင်းသော ရောင်ခြည်တော်၊ တခဲနက်ပြိုဝ်ပြိုဝ်ပြက်သော ရောင်ခြည်တော်တို့ကိုဝ်လွှတ်ရာတွင်မှဘဝရှင်မင်း တရားကြီး သည် ရွှေပေါက် ပေါက် ငွေပေါက် ပေါက်ပဿမြား ပေါက် ပေါက်တို့ဝ်ဖြင့်ပူဇော်၍ဦး တိုက်

16 May 1638

တော်မူပြီး မှ ရွှေကြုတ် ငွေကြုတ်ဋ္ဌသွင်း ၍ကိုး ကွယ် တော်မူ၏။ အရပ်ရပ်မြို့ရွာ စော်ဘွား မြို့ဝ်စား တပ် ပေါင်း စား တို့ဝ်ကိုချည်ကွင်း တိုင်း ၍ ပို့ရ၏။ သို့သျှင်ဆရာ တော်တိုဝ် ဆောင်ယူခဲ့ သောစက် တော်ရာ ချည်ကွင်း ကိုဝ်ဆိုဝ်ရာသို ကြောင်း စကား ပြီး ၏။

16 May 1638

သက္ကရာဇ် ၁၀၀၀ ပြည့်နယုံလ္ဆန်း ၁၅ ရက် နေ့နန်း တော်သိုဝ် ရောက်၏။

( မှိုး ကြည့် ၁၉၄၄၊ တက်ဗဟို ၄၅၂၃၅ )

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည်။ ရွှေမြိုဝ် တော်မှ စ၍တန်တား ဦး ပန်း ရတုရင် ခြေစစ်ကိုင်း ကောင်း မှု ကော်မျှား မှာ သဘင်း သုံး နေ တော်မူကုန် သော အရိယာသဃ်ာ တော် တို့ထွင်ကိုဏ်း သီး နေ ဧကပုဂ္ဂလ ကျောင်း နေတိုဝ်သည်ကံအ ပျောက်ဘဝ ပြောင်း သည် များ မှာ ငါ့အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား သည်သာသနာ ဒါယကာ တော် ဖြစ်သည်ပြဉ် မိပြည်ဘ အရာ ရောက်သည် ရွှေထီး ရွှေနန်း ကိုဝ်စိုဝ်အုပ် တော်မူသည့် အရာလည်း မြိုဝ် နေပြည်သား ရဟန်း ပုဏ္ဏား ဆိုဝ်ရိုဝ်စကား များ ထွင်ပါဝင် သော ရဟန်း သော်လည်း ကောင်း ပုဏ္ဏား သော်လည်း ကောင်း ပဉ္စသီသတင်း မကင်း သောသဒ္ဒမ္မပူရိသတို့သော်လည်း ကောင်း ၊ သဇီဝကသည်နိဇီဝကသိုဝ်ဘဝ ပြောင်း သူတိုကိုဝ် ပျောက်။ ကိုဏ်း သဃ်ာပုဂ္ဂိုလ်ပြန် တော်မူလျှင်အလှူ တော်ခါသ ၁၂၊ ဖျင် ၁၀၊ သာလူ ၃၊ လှက် ချောင်း ၆၊ ဧကပုဂ္ဂလပြန် တော်မူလျှင်အလှူ တော်ခါသ ၁၁၊ ဖျင် ၅၊ သာလူ ၂၊ လှက် ချောင်း ၄၊ ပုဏ္ဏား လွန်လျှင် ဖျင် ၆၊ သာလူ ၂၊ လှက် ချောင်း ၂၊ သဒ္ဒမ္မပူရိသတို့လွန်လျှင် ဖျင် ၄၊ သာလူ ၂၊ လှက် ချောင်း ၂၊ ကြေး ၁၀၊ သဂြိုဟ် တော် ကိုမြိုဝ်ဝန်၊ သောင်မှူး ၊ မြိုဝ်စာရေး တို့ကဆိုင်ရာတိုက် တော်ကထုတ်၍သဂြိုဟ်မင် လာ တော်ကြီး စီရင်ရာသိုဝ် ရောက် အောင်အကူ တော်ကူ စေ။ ဝန်တို့ စီရင်။

8 June 1638

သက္ကရာဇ် ၁၀၀၀ပြည့်ဝါဆိုဝ်လဆန်း ၉ ရက် နေ့နာခံ ပြော့ကြီး မှူး ထုတ် ၍လွှတ်ထွင်ပြန်သည့်အမိန့် တော်။

( မြိုး ကြည့် ၁၉၄၄၊ တက်ဗဟို ၄၅၂၃၅ )

10 June 1638

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသောအသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့်တော်ရှိသည်။ မြို့တွင်း ရွှေစည်း ခုံမှာ ဝါတွင်း ဝါပ မဆိုတလလျှင်သတင်း ကြီး လပြည့်လကွယ်ကိုသက် တော်ကြီး သံဃာတရား ရှစ်ပါး ပင့်၍ဆွမ်း တော် ကျွေး ရမည်။ တံဆိပ် တော် ရပိဋကတ် တော် စါမစါတည်း စါကြည့် မဟိန္ဒမဇ္ဈသဒ္ဓမ္မဒီပါက ရညာ ဇောတိ တေမိအရညဝါသီ၊ ပိဋကာလ၊ ရှေ့ပရက္ကမ၊ နောက်ပရက္ကမ၊ ချောက်မသက် တော် ကြီး များ ကိုပင့် ကျွေးရမည်၊ ဆွမ်း အသွယ်အရာ များ မှာကျိုဝန်ကဆွမ်း ၊ တရား သူကြီး တို့ကခဲဘွယ်စား ဘွယ်၊ ဇေတရာဇ်ကကွမ်း ၊ လက်၊ ဆေး ၊ ကွမ်း ဦး ကောက် ဟို့ကဆွမ်း ဟင်း စီရင်စေ၍ ရွှေစည်း ခုံရင်ပြင် တော်သို့အကြပ်အမခန့်ထား ၍ ပို့ စေရမည်။ ဝန်တို့စီရင်။

10 June 1638

သက္ကရာဇ်၁၀၀၀ပြည့် ဝါဆိုလဆန်း ၁၁ ရက် နေ့အမိန့် တော်။

( မျိုး ကြည့် ၁၉၄၄၊ တက်ဗဟို ၄၅၂၃၅ )

10 June 1638

သက္ကရာဇ် ၁၀၀၀ ပြည့် ဝါဆိုလဆန်း ၁၁ ရက် ၁ နေ့ပြဲတိုက် တော်သိုဝ်ထွက် တော်မူရာ ထွင်မင်း ဝဲ ကျော်စွာကကျွန်စာရင်း အကျယ် ပေး လှာသည်ကိုဝ်စာရင်း ကြောင်း နှင့်အကွမင်း တရား ကျွန် တော်မမှိုဝ်၊ ကျွံ တော်မှိုဝ်နှင့်မင်း ဝဲ ကျော်စွာကျွံ တော် မှိုဝ်နှင့်သင့်ကျ၍သား မြေး မြင်၍အရှက်အတင်ကိုဝ်အစီရင် တော်ခံ သော် နေခင် တော်မင်း တရား လက်ထက် တော်က ရွှေး သင့်သည်မယား တို့သား မြေး များ သည် မိမွပါယောကျ်ား ပါ စာရင်း မှတ်စေ။ ရွှေး သင့် လေပြီး သည်ပြင်ကိုမူကား မင်း ညီမင်း သား ကျေး ကျွံနှင့်မင်း တရား ကျွံ တော်မနှင့်မသင့်မ နေနှင့်ဟူ၍ဘုန်း တော်ကြီး လှသည့်ဘဝရှင်မင်း တရား အမိန့် တော်ရှိသည်။

( မှီး ကြည့် ၁၉၄၄၊ တက်ဗဟို ၄၅၂၃၅ )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူသော အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား
အမိန့်တော်ရှိသည်။ အခွန်တော်ဆက် ရွှေကြင်သခွေး၊ ပယင်း၊ ကျော်ံ၊ သံ၊ ဘဏ္ဍာ
အခွန်တော်ဆက် ၅ စို့သားတို့သည်၊ အသက်မွေး ရအောင်၊ ကြွေး မြဲပိုင်အောင်၊
ရွှေ၊ သံ၊ သခွေး၊ ပယင်း၊ ကျော်ံ၊ သံ၊ တို့ကိုနှလုံး ပြု၍ကြင်လုပ်စေ။ ဘဏ္ဍာတော်
ကြွင်း လျှင်သူကြွေး သူမြေတင်သည်ကိုဆပ်။ သင်း တို့သည်ကတူး အရိုင်း အဆိုင်း ဖြစ်သည်။
ကြွေး ဆပ်ရအောင် ရွှေ၊ သခွေး၊ ပယင်း၊ ကျော်ံ၊ သံ၊ ကြင်လုပ်ထိုး လျှက်ကို
ရှကြွး ရှင်မြို့ရှင်တို့သည်မကိုင်မငင်မတောင်း စေနှင့်၊ ကိုင်ငင်တောင်း လေလျှင်
တတန်ချေး တတန်ငါး ကြေး ပွါး ပြန်ချေလျှင် ရခဲရလွယ်ရှိသည်။ လယ်လုပ်သော်
မိုး မှန်မမှန်ရှိသည်၊ ကုန်ပြုသော်မြတ်မမြတ်ရှိသည်၊ ဈေး ဘော်ကား သော်စွန်
မစွန်ရှိသည်၊ ကြွေး ချသော်ရမရရှိသည်၊ တိဌာနသတိနတ်တို့ကိုရိုသေစွာပသ၍
သေချာစွာကြင်လုပ်လျှင်အရမှန်သည်၊ ရသည် ရွှေကိုရောင်း၍သူကြွေး တင်သည်ကို
ဆပ်၊ ကြွင်း လျှင်ရသည့်အဘိုး နှင့်အသက်မွေး ရသည်၊ အစီး အပွါး ကိုလည်း ပြုရသည်၊
သံသရာကျွေး လည်း အလှူပေး ရသည်၊ အခွန်တော်ဆက်ရအောင်ကြင်လုပ်စေ၊ အ
ခွန်တော်ကကြွင်း လျှင် သူကြွေး သူမြီတင်မည်အဘိုး အနည်း အများ ရှိမည်၊ လုံး လုံး
လျောင်း လျောင်း စွန်မစွန်ရှိမည်၊ ငတိုင်၊ ငပု၊ ငသီဟ၊ ငဖုန်း၊ ငစုတို့စာ
ရင်း မှတ်၍ တံဆိပ်ခတ်၊ အခွန်တော်ကကြွင်း လျှင်ဈေး နှုန်း အဘိုး ဖြတ်၍ ကြေး
တော်ငွေတော်ကိုယူ၊ သူကြွေး တင်သည်ကိုဆပ်စေ၊ မတင်သည်ကိုလည်း အစီး အပွါး ချ
ရအောင်၊ အလှူပေး ရအောင်၊ အသက်မွေး ရအောင်၊ ကြေး တော်ငွေတော်
ကိုယူစေ၊ ငါ၏ကျွန်တော်မျိုး တို့တွင်ဘဏ္ဍာ ၁၅ စို့ ရွှေသခွေး သံချက်ပယင်း ကျော်ံအခွန်
တော်ဆက်အစုသား တို့သည်သား တော်အစည်မြေး တော်အဆက်နန်း ရိုး နန်း စည်
အခွန်တော်အသုံး တော်ဖြစ်သည်၊ သင်း တို့သည်ကတူး အရိုင်း အဆိုင်း တောသား
တောငှက်ဖြစ်သည်၊ လုပ်အိုင်စား ကျင်း မသာသာရာ၊ မိုဃ်း ပေါ်မကြီး ကြီး ရာ
နေစေ၊ သင်း တို့လုပ်စား သည့်လယ်ယာမိုး မြေ တောင်ယာပဲခင်း တို့ကို သူကြီး
မြေတိုင်ကြေး စား ရွာစား တို့က အဘိုး အခွန်တော်မရေး မမှတ်မကော်ံမခံ
စေနှင့်၊ မြို့မှုရွာဝန်အသေး အဖွဲ့ အိမ်ကြေး မရှိစေနှင့်၊ သင်း တို့သည်အရိုင်း
အပြုဖြစ်သည်၊ သင်း တို့အလျော်ံဘာသာနေစေ၍ စိတ်ရှိရာလုပ်စား စေ၊ အ

ပိုင်အနိုင်တောင်း ခံ၍ ပြေး ပုန်း ရှောင်လွှဲနေလျှင် အခွန်တော်အသုံး တော်ပျက်စီး မည်ဖြစ်သည်၊ အခွန်တော်ဆက်သရအောင် ရွှေ၊ သစွေး ၊ သံ၊ ပယင်း ၊ ကျောံ်မျှား ကျင်လုပ်သည်ကိုသူကြီး မြေတိုင်း ကြေး စား ရွာစား တို့က မဆီး မတား နှင့်၊ ကျင်လုပ်စေ၊ ရွှေ၊ သစွေး ၊ သံ၊ ပယင်း ၊ ကျောက်၊ အခွန်တော်ဆက်တို့သည် ငါ၏ ရွှေနန်း တော်အောက် ရွှေနန်း တော်တိုင်တွင် ရွှေ၊ သစွေး ရှိသည်၊ သံ၊ ပယင်း ၊ ကျောံ် ရှိသည်ဆိုလျှင်ကြင်လုပ်ထိုးချက်စေ၊ ရွှေ၊ သစွေး ၊ သံ၊ ပယင်း ၊ ကျောံ်အခွန်တော်သား တို့သည် လွင့်ပါး ၍အခြား အစုမှာစာရင်း သွင်း လေသည်၊ အခြား အစုမှာစာရင်း ဆက်သွင်း မရှိစေနှင့်၊ ကြွေး တင်လျှင်မကိုင်စေနှင့်၊ ကျွန်မဖြစ်စေနှင့်၊ သပေါ်မကောံ်စေနှင့်၊ သတိုး မင်း စောမင်း ဝဲ ကျော်စွာကြီး လက်ထက်ကလွင့်ပါး ရှိလေသည်၊ ကျွန်ဖြစ်လေသည်၊ ကြွေး တင်လျှင်ကိုင်လေသည်၊ သပေါ်ကောံ်လေသည်၊ အခြား အစုမှာစာရင်း ချ၍ ရှိလေသည်ကို မရှိစေနှင့်၊ နှုတ်၊ အဘိုး အခွန်တော်ဖြစ်အောင် မိန်း မယောကျ်ား လုံ့လပြု၍ကြင်လုပ်စေ၊ ရွှေကြင်သစွေး သံချက်ပယင်း ကျောံ်ငယ်သား မတို့နှင့် ဆင်တော်သည်မြင်း တော်သည်နှင့်ပင်သင့်သော်လည်း မိန်း မတတိုင်၊ ယောကျ်ား တတိုင်မရှိစေနှင့်၊ ရွှေကြင်သံချက်သစွေး ပယင်း ကျောံ်အစုသို့သာပါစေ၊ ရွှေကြင်သစွေး သံချက်ပယင်း ကျောံ်အစုသား တို့နှင့်အခြား အစုသား တို့စကား အရှက်အတင်ရှိလျှင် ကျီဝန်မှာဆိုစေ။

21 June 1638

သက္ကရာဇ် ၁၀၀၀ ပြည့် ပဌမဝါဆိုလပြည့်ကျော် ၇ ရက်နေ့ ဘုန်းတော်ကြီး မြတ်တော်မူလှသောဘဝရှင်မင်း တရား ကြီး ဘုရား ဩတိုက်တော်ကို ထွက်တော်မူ၍ အမိန့်တော်ရှိသည်၊ နား ခံတော်ဇေတယတမန်ပြန်အမိန့်တော်။

( မျိုး ကြည့်၊ ပု၊ ၆၀၄၊ တက်ဗဟို ၄၅၂၃၅ )

(30) June 1638

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အာသျှင်ဘဝရှင်မင်းတရားကြီးဘုရား
အမိန့်တော်ရှိသည်။ တံဆိပ်တော်ရဆရာတော် ပိဋကတ်တော်စါမစါတည်း စါကြည့်ဆ
ရာတော်တို့မှာ နှစ်သစ်တက်ရွှေစည်း ခုံရင်ပြင်တော်မှာ ရေဆေး အချိုစမဲအလှူ
တော်သင်္ကြန်ကျသနေ့တက်၍အလှူတော်ခံရသည်။ ကြပ်သနေ့ပြာဿဒ်တော်မှာဆွမ်းဘုန်း
ပေး ရသည်။ တက်သနေ့အနောက်အတွင်း တော်မှာဘုန်း ပေး ရသည်။ ဝါဆိုလပြည့်
နေ့ကသည်သတင်း ကျွတ်လပြည့်နေ့တိုင်ဝင်း တော်လေးရပ်မှာဆွမ်းဘုန်း ပေး ရ
သည်။ သည့်ပြင်အထူး ပင့်လျှောက်လျှင်အတွင်း တော်သို့ဝင်၍ဘုန်း ပေး ရသည်။ ရွှေ
မြို့တော်ပတ်လည်တန်တား ဦးပန်း ရစစ်ကိုင်း များ မှာဧကပုဂ္ဂလတို့သတင်း သုံး
နေတော်မူကုန်သည်။ တနှစ်လည်၍မှနန်း တော်ကတကြိမ်တခါမှအပင့်အခေါ်မ
လျှောက်၍အရိယာသံဃာ တော်တို့မရောက်ရှိသည်။ သက်တော်ကြီး ၈၀ကို မြေနန်း
တော်သို့ဝင်ရမည်ပင်။ သည့်ပြင်သံဃာ တော်တို့ကိုလွှတ်သို့ကြွပါ၊ ၁၀၀၀ပြည့်အလှူတော်
ပေး မည်ကိုလျှောက်၍ပင်။ သက္ကရာဇ်၁၀၀၀ပြည့်ဝါခေါင်လဆန်း ၁၅ ရက်နေ့အ 14 July 1638
လှူတော်ရန်သပိတ်တော်စုံ ၁၀၀၀၊ သင်္ကန်း တော်စုံ ၁၀၀၀၊ ဆွမ်း အဘွယ်အရာ
ဟင်း ကွမ်း လွှက်ကြီးစီး ငှက်ပျောအုန်း သီး များ မှာလည်း ၁၀၀၀ပြည့်အလှူတော်
ကိုဝန်တို့ကစီရင်၍ စေ့စပ်အောင်လှူ။ ပူဇော် တော်ပွဲထုတ်မှာပရိတ် တော်ရွတ်စေ၊
သံဃာ တော်စေ့ကြွေပဂံ သကြား စွန်ပလွန်ဇာဒိဖိုလ်သီး လေး ညှင်း ပွင့် က
ရဝေး နံ့သာဖြူလှူစေ။ သက္ကရာဇ်၁၀၀၀ပြည့်ဝါခေါင်လဆန်း ၁၅ ရက်နေ့အလှူ 14 July 1638
တော်ပေး တော်မူမည်၊ ဝန်တို့စီရင်။

(30) June 1638

သက္ကရာဇ်၁၀၀၀ပြည့်ဝါခေါင်( လဆန်း ၁ ရက်နေ့) ပြော့ကြီး မှူး
ထုတ်၍လွှတ်တွင်ပြန်သည့်အမိန့်တော်။

( မျိုးကြည့် ၁၉၄၄၊ တက်ဗဟို၄၅၂၃၅ )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှ သောအသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့်တော်ရှိသည်။ အရှေ့ဝင်း သပြေ လှော်ကား ၊ ဩတရေဝ် လှော်ကား ၊ ပဲကူး နိုင်ငံ လှော်ကား ၊ ဘုန်း တော်နိုင်ငံ လှော်ကား ၊ နောက်ဝင်း လက်ရွေး ကြီး လှော်ကား ၊ လက်သစ်မင်း တရား စက်ကြိုး ၊ ပွဲတိုင်း ကျော်၊ လက်ဝဲဝင်း ပြည် လုံး အုံ့၊ ပြည်လုံး ကျော်၊ ကောင်မစစ် လှေ၊ လက်ယာဝင်း ရန်နိုင်ပြည်လုံး ယူ၊ သာရဗိမါန်သါရကမကော်၊ အိကင်း ၊ သူရဲတု လွှတ်၊စစ်လျှင်၊ ဇင်း မယ်အင်း မ၊ တောင်ငူအင်း မမှစ၍ဝင်း တော်လှော်ကား အစုစု၊ ဒိုင်း စု၊ ဝင်း စု၊ ကိုယ်ရံ၊ ရွှေလှံ၊ ရွှေလေး ၊ သေနတ်၊ အမြောက်၊ ကောင်ဟန်တို့နှင့်လက်ဝဲမြင်း ၊ လှေ၊ လက်ယာမြင်း ၊ လှေ၊ စာဝတီလှေ၊ အမြောက်တင် ရွှေလေါင်း ကြီး ၊ ကရဝိတ် ဘောင်၊တိုး ဘောင်၊ဇီဝစိုဝ်ဘောင်၊ ရွှေဟင်္သာဘောင်၊ သိင်္ဂါနိတ်ဘေါင်၊ဇါနီ ဘေါင်၊ ပုဏ္ဍရူပ ဘေါင်၊ယက္ခရူပဘောင်၊ ဒသရူပဘောင်၊ စက္ကဝက်ဘောင်၊ မင်း မိဘုရား စီး မိကျောင်း ဘောင်များ နှင့်လှော်ကား တော်၊ ဘောင်တော်၊ လှေတော် များ မှာရှိရင်း လူတစင်း လျှင်၄၀ ကျော်၅၀သာသာရှိသည်။ နိုင်နင်း အောင် မရှိ။ ယိုး ဒယား ၊ တနင်္သာရီ၊ ဟံသာဝတီ၊ ကုသိမ်၊ မုတ္တမ ကပါသည့်လူစုတို့မှာဦ ရေ၁၀၀စီ၊ လှေမျှား ၊ စစ်ကွပ်၊ ဦး ထိုဝ် ၊ ပဲ့နင်း ၊ ထောင်ကဲ၊ အဝန်း ၊ ငယ် သား ၊ အစုံဖြည့်တော်မူသည်။ လှေလှော်ဦး ထိုဝ်၊ ပဲ့နင်း မတတ်သူတို့ကိုဝ်ထပ်၍တတ် အောင်မပြတ်လုံ့လပြု၍သင် စေ။

အရပ်ရပ်ရှိမြို့ရွာတိုက်ဝင်း များ မှာလည်း မှတ်စာတော်ဝင်လူစုတို့ ထွင်မွေး မြင်သည့်မိမ္ဗတိုကိုဝ်စ၍၊ စမြင်၊ ကလံ၊ သံပြင်၊ မြေတိုင်း ၊ မြေထိန်း တို့ဝ် မှာအသည်မဖြစ်စေရမည်။ လွှတ်ကခေါ်၍စာရင်း ဦး ရေကိုအပ်။

အနောက်ဝန်စီရင်စု အစု၄၀မှာလည်း တစုကိုအရပ်ရပ်မြို့ဝ်ရွာက ပါသည့်ယောက်ျား ၁၀၀၊ မိန်း မ၁၀၀စီအပ်ရမည်။ ကျိုဝန်စီရင်နက်မှာလည်း အစုသား တို့ကိုဝ်မအပ်သာ။ ထောင်ချုပ်ကျိုနတ်ဝင်များ မှာထိုဝ်ထိုဝ်သောမြို့ဝ် ရွာတို့၌ ထောင်ချုပ်ကျိုသား နတ်ဝင်တို့ဝ်အစည်အနွယ်ကိုစစ်၍အပ်ရမည်။

လက်မထောင်မျှား တို့မှာလည်း ထီး ဆောင်း နန်း နေမြို့နိုင်ငံကပါသည့် လက်မရှောင်ထောင်အာဏာလက်မရွံ့သုံး တန်း သား တပ်ကောင်ဟန်တို့ကအထက်ပါ

ရင်း စာရင်း အတိုင်း ရေတွက်၍တစုလျှင်၁၀၀စီမြို့တံခါး ၉ ရပ်မှာလည်း ထီး ဆောင်း နန်း နေမြို့ဝ်တံခါး သား တို့နှင့်အဝန်း ငယ်သား တံခါး ၁လျှင်ဦး ရေ ၁၀၀စီအပ်ရမည်။ ရှေ့တံခါး နီ၊ နောက်တံခါး နီ၊ နန်း မြို့ဝ် ရှေ့လက်ဝဲလက်ယာ ၅ရပ်တံခါး တော်များ မှာ မော၉ပြည် ထောင်၊ ဇင်း မယ်ကျိုင်း သည်ကပါသည့်လူ စုတို့ကိုဝ်အဝန်း ၁နှင့်လူဦး ရေ၁၀၀စီအပ်ရမည်။ မြို့ထောင့်ပြကြီး ပြငယ်များ နှင့်ဩတိုက် တော်စောင့်၊ ပြဿဒ် တော်စောင့်၊ မြေနန်း တော်စောင့်၊ လွှတ် တော်စောင့်၊ ရှေ့ရုံး နောက်ရုံး ဝင်း ရုံး အစေါင့်တို့မှာ တော်တည့် ဖြောင့် သား သည့် ကေတုမတီ၊ သရေခေတ္တရာ၊ သံလျှင်၊ စလင်း ၊ မင်း တုန်း ကပါသည့် လူစုတို့ဝ်ကအဝန်း နှင့်လူဦး ရေ ၁၀၀စီအပ်ရမည။

အရပ်ရပ်ကပါသည့်လူစုတို့ဝ်တွင် ညောင်ရမ်း အောင် မြေကပါခမည်းတော် ဘုရား ကြေး ဝယ်ကျွန်ငသာထွန်း နှင့်လူဦး ရေ၁၀၀စီကိုဝ် နေရာ တော်ခင်း ခန့်။

တမျက်လှည်း စုမှာလည်း လူမရှိ၊ နည်း သည်၊ လူဦး ရေ၅၀ဖြည့်တော်မူ သည်၊ စမြောင်တုရင်သား တို့ကိုစမြောင်တုရင်ခန့်။

နောက်ဝန်စီရင်နက်ဆင်ကပ် စေသူငယ် တော်တို့ကိုအနောက်ကခန့်၊ လွှတ်တော်မှစ၍ ရှေ့ရုံး နောက်ရုံး တောင်ရုံး ဝင်း ရုံး များ မှာ နေ့ညဉ့်အစေ အပါး လူဦး ရေ၄၀စီခန့်ရမည်။ ဝန်တို့စီရင်။

9 July 1638

သက္ကရာဇ်၁၀၀၀ပြည့်ဝါခေါင်လဆန်း ၁၀ရက်နေ့နား ခံပြော့ကြီး မှူး လွှတ်တွင်ပြန်သည့်အမိန့်တော်။

( မှိုးကြည့်၁၉၄၄၊ တက်ဗဟို၄၅၂၃၅၊ ဂန့်ဂေါအံ့ပေ )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသောအသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့်တော်ရှိသည်။ မြေနန်း သေနတ်၊ ဝန်းကျင် သေနတ်၊ အိပ်ဘန်တော် သေနတ်၊ ရွှေမြို့တော် သေနတ်၊ နောက်တော်ပါသေနတ်၊ တန်တား ဦး သေနတ်၊ ပန်း ယ သေနတ်၊ ဘယင်နို့ သေနတ်၊ ကုလား ဖျိဝ် သေနတ်၊ သူငယ် တော် သေနတ်တို့မှစ၍အ ရပ်ရပ် သေနတ်များ မှာ ညောင်ရမ်း ကြေး ဝယ်ကျွန်မှစ၍ ကေတုမတီ၊ ပြည်၊ သံလျင်၊ ယေး မြို့ဝ်၊ ဒဝယ်၊ တနင်္သာရီ၊ စစ်တောင်း ၊ ဒလ၊ သာယာဝတီ၊ ကုခန်းကြီး ၊ ပုဂံ၊ ဇင်း မယ်မြို့ဝ်များ ကပါသည့်လူစုတို့ဝ်မှာတစုလျှင်ဦး ရေ၁၀၀စီနှင့် သေနတ်၁၀၀၊ ဆေး ၊ ကျည်စေ့၊ မီး စာ၊ အစုံအပ်။ မတတ် သေး သောသူတို့ဝ်ကိုဝ် တတ် အောင်လုလ္လပြု၍သင် စေ။ သင်ရာမှာလည်း အသက်ရှိ သောသတ္တဝါတို့ကိုဝ်မ သေ စေနှင့်။ အလျောက်သာပြစ် ဘောက် စေ။ အိပ်လှည့်အိပ် ဖန် စေါင့် နေ စေရမည်မှာ မြေနန်း သေနတ်တို့ကိုဝ် မြေနန်း တော်တွင်လက်ဝဲလက်ယာ သွောက်ကြီး တို့နှင့် စေါင့် နေ စေ။ ဝန်း ကျင် သေနတ်၊ သူရဲ ကျော်တန်း များ ကိုဝ်ပြိုတိုက် ဇေတဝန်လက်ဝဲလက်ယာတန်း နှင့် စေါင့် နေ စေ။ ဘွား ဘက် ကျော်တို့ကိုဝ်တန်း နှင့် နေမြဲ နေ စေ။ ဒိုင်း တော်မှာလက်ဝဲမာရဘင်တံခါး တွင် နေ စေ။ အတွင်း မာရဘင်တံခါး လက်ဝဲလက်ယာများ တွင်လည်း ရှေ့စီရင်စု သေနတ်၃၀စီ စေါင့် နေ စေ။ အနောက်မာရဘင်တံခါး မှာဝန်း ကျင် သေနတ် ရွှေ လေး တပ်သား တို့ကိုဝ်စွဲကိုင်မြဲတန်ဆာနှင့် နေ့ညဉ့် စေါင့် နေ စေ။ မြို့ဝ် တော်တံခါး ၉ ရပ်မှာလည်း အမှူး အဝန်း ငယ်သား ၁၀၀စီ၊ တန်ခါးချုင်၊ တခါး ကျည်၊ တံခါး ရွက်၊ မင်း တုပ်၊ ကျွား အစုံနှင့် နေ့ညဉ့် စေါင့် နေ စေ။ အတွင်း ထောင်ပြင် ထောင်မှူး ၊ စချီ၊ အဝန်း ငယ်သား တို့ကိုဝ်ရုံး စေါင့် လူတို့ဝ်နှင့် တောင်ရုံး တွင် နေ့ညည့် စေါင့် စေ၍ခိုး သေး မီး ပွါး မှစ၍ရာဇဝတ် တော်နှင့်စပ်ဆိုင်သမျှတိုဝ်ကိုဝ်လက်မ ထောင်မှူး တိုဝ်ကခွဲခန့်။ ခန့်ထား သည့်အတိုင်း တစုစီရင်စုကိုဝ်တစုကကူး သန်း ၍မနှိုဝ်မ ဆော် စေနှင့်။ ခန့်ထား တော်ရင်း တိုင်း တွင်သာစစ် ကြောနှိုဝ် ဆော် စေ။

24 July 1638

သက္ကရာဇ်၁၀၀၀ပြည့်ဝါခေါင်လပြည့်ကျော်၁၀ရက် နေ့နား ခံစ မြောင်မှူး ထုတ်၍လွှတ်တွင်ပြန်သည့်အမိန့်တော်၊

( မျိုး ကြည့်၁၉၄၄၊ တက်ဗဟို၄၅၂၃၅ )

ဘုန်းတော်အလွန်ကြီး မြတ်တော်မူလှသော အသျှင်ဘဝရှင်မင်းတရားကြီး ဘုရား အမိန့်တော်ရှိသည်။ တရားသီကတရားသီသို့ နဝင်း တော်ကူး မည်မှာ (မကူး မီ) အရိယာသင်္ဃာ တော်မြတ်တို့အား ဆွမ်း အုပ်၊ ကွမ်း၊ လက်ဘက်၊ ကြိမ်ခွေ၊ ခြေနင်း၊ ရေအိုး၊ ရေမှုတ်လှူစေ။ သစ်သားဆင်းတုတော်အကြီး၊ အလတ်၊ အငယ်များ တွင် အင်္ဂါ ပါး မပြည့်မစုံ၍ ဟောင်း နွမ်း ဆွေး မြည့်သည့်အရာတို့ကို ကျောင်းတော် ဘုရားရင်ပြင်တော်များမှာ ရှိသည်ကို ဆောင်ယူ၍ သဇွေး သီးရိုး အနီရွှေမွမ်း မံ၍ ရွှေစည်ခုံ စရပ်တော်တွင် စုရုံတည်ထား၍ သင်္ဃာတော် ၁၀၈ ပါပင့်၍ အနေကဇာတင်စေ။ ဆွမ်းတော်ကျွေးပြီး လျှင်ဘုရားရင်ပြင်တော် ကျောင်းတော် များကို ကောင်းမွန်လျောက်ပတ်အောင် ပို့စေရမည်။

24 August 1638

တော်သလင်းလတွင် ၂ရ အဿာကြိုက်သည့်နေ့ ဗေါင်ပွင့်ကိုအဋ္ဌသီတရှင်ရသေ့အရုပ်လုပ်စေ၍ကိုယ်ဝတ်၊ ဒုကုတ်၊ သင်ကန်း၊ ခါးပန်း၊ သင်းပိုင်၊ ခရိုင်၊ ပဲကွပ်၊ သပိတ်အစုံ၊ ဆွမ်း၊ ခဲဘွယ်၊ တောင်ဝေး၊ ကြိမ်ခွေ၊ သစ်သားသုံး ခွတို့ကိုနန်းတွင်း ဦးစင်နှင့်တည်ထား၍ ၉ ပါး ပုဏ္ဏားတို့ကို ပူဇော်စေပြီး လျှင်နေထွက်ရာအရပ်မြစ်ကူး ချောင်းခြားသို့ ပို့စေ။ အဇာဂရုပုဏ္ဏားကို မေး၍ ဝန်တို့စီရင်။

24 July 1638

သက္ကရာဇ် ၁၀၀၀ ပြည့်ဝါခေါင်လပြည့်ကျော် ၁၀ ရက် နေ့နား ခံစမြောင်မှူး ထုတ်၍လွှတ်တွင်ပြန်သည့်အမိန့်တော်။

(မျိုးကြည့် ၁၉၄၄၊ တက်ဗဟို ၄၅၂၃၅၊ ၈ နှင့် ဂေါ်အံ့ပေ)

2 September 1638

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှ သောအသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့်တော်ရှိသည်။ သတင်းကျွတ်သဘင် တော်သည်မင်း ဧကရာဇ်တို့၌ဆီမီး မြင်း မိုစီရင်ထွန်း ညှိပူဇော် တော်မူသည့်အတွက်ပါဠိပဒိကရက်၌သကြား စ သောတန်ခိုးကြီး ကုန် သောနတ်တို့ဝ်ဝမ်း မြောက်ရွှင်လမ်း သောကစား ခြင်း ဖြင့်သာသနာ တော်ကို ပြုစု သောသူ တော် ကောင်း တို့စံ သောမြို့ဝ် တော်များ ဝယ်၊ သဘင် တော်ကိုအကြည့်အရှု ရောက်သည်။ အကျင်းအပအစီအရင်အဆောင်အရွက်တင့်တယ်သည် မတင့်တယ်သည်ကိုမှတ်သား၍တလလေး သတင်း ညီလာသဘင်ခံ သောသကြား မင်း ရွှေဘတ်လျှင်မဟာသမတမင်း မြတ်တိုဝ်မှစ၍ မဖျို့မတိုက်ပြည်များ မှာမင်း ခမ်း တော်များ နှင့်အကျင်းအပတူလျှင်ဝမ်း မြောက်သည်။ မတူလျှင်ရွှင်မြူး ခြင်း မရှိသည်များ ကိုဝ် ဗေဒင်အဋ္ဌကထာဋီကာကျမ်း များ တွင်လာသည်။

11 September 1638

သက္ကရာဇ်၁၀၀၀ပြည့်သတင်း ကျွတ်လဆန်း

12 September 1638

၁၅ ရက် နေ့အတွက်တရက် နေ့သဘင် တော်တက်ရမည်။ နေရာ နေတို့ကိုငါအရှင်မင်း ဧကရာဇ်သဘင် တော်၌တင့်တယ် လျောက်ပတ် အောင်အ ပေါင်း အထုတ်အဝတ်အဆင် အစီး အနင်း အသွား အလာအတွက်အဝင်အတက်အနေများ မှာမကျစ်မလစ်မရှိစေနှင့်။ သျှောင် အနွဲ့အညွှတ်မရှိစေနှင့်။ ဗေါင်း အယိုဝ်အယွင်း မရှိစေနှင့်။ ရာဇဂ် နေမင်း ရင်ပြင်ဝယ်သဘင် တော်၌မသင့်မတင့်မရှိစေရ။ နား တောင်း မကျွတ် စေရ။ နေရာချမှတ်၍တက်ပြီး မှတနေရာကသည်တ နေရာသိုဝ်ကူး သန်း ၍ မနေစေနှင့်။ အဆောင်အရွက်တည်သည်များ မှာလည်း အဝတ်ပုဆိုဝ်မလစ်မဟင်း စေနှင့်။ ဝန်တို့ဝ်ကကြည့်ရှု၍ဆိုဝ်စေ။

2 September 1638

သက္ကရာဇ်၁၀၀၀ပြည့်သတင်း ကျွတ်လဆန်း ၆ရက် နေ့နား ခံပြေ့ကြီး မှူး ထုတ်၍လွှတ်တွင်ပြန်သည့်အမိန့်တော်။

( မျိုး ကြည့် ၁၉၄၄၊ တက်ဗဟို၄၅၂၃၅)

9 September 1638

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့်တော်ရှိသည်။ အစုအငန်း တိုင်း လည်း ထုတ်ယူသည်ဟူ၍ အနှံ့ပင်ထုတ်ယူကြသည်။ စာရင်း ပေရင်း တည်သည်ကိုလည်း မသိ၊ မတည်သည်ကိုလည်း မသိ၊ မင်း ကျွန်နန်း စဉ်လူတို့သာ အထုတ်အမိန့်တော်ရှိသည်ကိုလုင်သမဲမြင်း သည်ကပင်ထုတ်ယူသည်ဟူ၍ဆိုဝ် သည်။ မထုတ်စေနှင့်။ မဆိုဝ်ပဲပင်ရှိသော်လည်း ဝန်တို့ကိုဆိုဝ်၍ ဝန်တို့သည်ထုတ်သင့် သသူထုတ်ဆိုဝ်မှထုတ်ရမည်။ ကျေး ဇူး ဆဝ် ကောင်းသည်ကိုလည်း ဆဝ်ရမည်။ တရား ကြောင်း နှင့်လွတ်သင့်မှလွတ်ရမည်။ သေနတ်လုင်မင်း ကျွန်နန်း စဉ်လူတိုဝ်သည် ပြည်၊ တောင်ငူ၊ ဇင်း မယ်ကမင်း ကျွန်နန်း စဉ်လူဖြစ်၍ထမ်း ဘူး သသူသည်ကွဲပြား လေ၍စာရင်း ပင်မရှိသော်လည်း စာရင်း မရှိဟူ၍ မဆိုဝ်သာ၊ ထုတ်ရမည်။

9 September 1638

သက္ကရာဇ် ၁၀၀၀ ပြည့်သတင်း ကျွတ်လဆန်း ၁၃ ရက် ၁ နေ့အမိန့်တော်။

( မြိုး ကြည့် ၁၉၄၄၊ တက်ဗဟို ၄၅၂၃၅ )

18 September 1638

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့်တော်ရှိသည်။ သတင်းကျွတ်သဘင်တော်မှ စ၍ပြဲတိုက်ထွက်၊ လွှတ်ထွက်နေ့၊ ပွဲတက်၊ ရွှေနန်း တော်ဆောင်တော်သိမ်း၊ မဂ်လာရွှေနန်းသိမ်း၊ ညီလာသဘင်တော်ခံ၊ ဆင်ကျုံး ထီး နန်း ထွက်စံတော်မူရာများ တွင် ရှောင်နှင့်၍ တင် ဝန်း အရွက်မ ထည့်သော်လည်း ကောင်း၊ ဝတ်သောနား တောင်း ကျွတ်၍ကျမ်း သိုဝ်ကြသော်လည်း ကောင်း၊ သဘင်တော်၌တနေရာကသည်တနေရာသို့ ပြောင်း နေသော်လည်း ကောင်း၊ ဤသိုဝ်မလိမ္မာမိုက်သောကျွန်တော်မျိုဝ်တိုဝ်ကိုဝ်သင်း တို့ရောင်ကိုဆွဲ၍ အချက် ၁၀၀ ရိုက်။ နေရာတက်ပြီး မှသန့်ရှင်း လိုသည်ဟူ၍ နေရာမှထ၍ အောက်သို့ ဆင်း သော်လည်း ကောင်း၊ တနေရာကသည်တနေရာသိုဝ်ကူး သန်း ပြောင်း နေသော်လည်း ကောင်း၊ သင်း တို့သည်လူမိုက်လူရိုင်း ဖြစ်သည်၊ ဝေး စွာ သော အရပ်သိုဝ်ပို့။ တလဲရသူ၊ ထမ်း စင်လက်ခတ်ရှေ့နောက်ရသူ၊ ထမ်း စင်လက်ခတ် ရှေ့နောက်မရ သသူ၊ ရသစ်ဝင်ရသသူ၊ ကျှင်း ကြီး ကျှင်း ငယ်ရသူ၊ စည်ရသူ၊ အ ဆောင်အရွက်ရသူတို့ဝ်မှာအပ် တော်မူသည့်အဆောင်ကိုမဆောင်မလိ၊ မြင်း စီး ၍တက် သော်လည်း ကောင်း၊ မြေကိုဝ်နင်း ၍အတွင်း တော်သို့ဝ်ဝင်သော်လည်း ကောင်း၊ သင်း တိုဝ်ကိုဝ် ဆောင်သင့် ဆောင်နိုင်မည်ကိုရည်၍သနား တော်မူသည်၊ မ ဆောင်မလာတက်ရမြဲမဟုတ်သည်ကိုဝ်အတင့်အတယ်အသရေ တော်ကိုဝ်နှိမ်း နယ် အောင် တောသွား လူဆိုဝ်တိုဝ်ကဲ့သို့ကျင့်သည်။ သနား တော်မူသည့်အဆောင်အရွက် နေရာတို့ကို နှုတ်သိမ်း ရမည်။ တကြိမ်ဖြစ်၍သာစီရင် တော်မမူသည်။ နောင်သည်ကဲ့သို့ဝ်မကျင့် စေနှင့်၊ ဝန်တို့စီရင်။

18 September 1638

သက္ကရာဇ် ၁၀၀၀ ပြည့်သတင်း ကျွတ်လပြည့် ကျော် ၇ ရက် နေ့နား ခံ ပြော့ ကြီး မှူး ထုတ်၍လွှတ်တွင်ပြန်သည့်အမိန့်တော်။

( မျိုး ကြည့် ၁၉၄၄၊ တက်ဗဟို ၄၅၂၃၅ )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့်တော်ရှိသည်။ တော် နေရာ နေရာဇာသီရိဇေယသခ်ယာ သေလွန်ရာမှာ ပျည်အဖုံး ၊ ရေကန်၊ ကမ္ပတ်ကိုဝ် ရွှေထည့်၍ ခါသာမွမ်း စေ။ ရွှေမှော်ကြဲ စေ။ ပျည်ဖုံး ချင်ပု ရွှေထည့် စေ။ စမြင်တိုင်ဘီတင်၊ အထွတ်၊ ပရိတ်ချည် ရွှေထည့် စေ။ ကုတ်ဘီး ထမင်း ဆောင် စေ။ ပိတန်တိုင် ၆ ချောင်း လုပ် စေ။ ငှက်ချေး ခံဝါး ပိုး ဆိုင်း ၄၊ အထွတ် ရွှေထွင်သ တောင်လွတ်ကန္နုဖြင်ကျက် စေ။ ဆင် ၂ အရိုဝ်လွယ် စေ။ ခံထွင်း ထည့်ရန် ရွှေဒီ၊ မျက်နှာလွှမ်း ရင်လွှမ်း စည်းကြီး များ ကိုဝ်အမွေတိုက်စိုဝ်စာ ရေး တိုဝ်ကထုတ် ပေး စေ။ အကူ တော် ရွှေဆိုင်း ၁၀။ ခါသာအုပ် ၅၊ ဖျင် ၄၀၊ သာလူအုပ် ၂၀၊ ပုဆိုဝ်ထည် ၁၀၊ လက်ဘက် ချောင်း ၁၀၊ ကြေး ၄၀၊ အကူ တော်ကူ စေ၊ ဝန်တို့ကစီရင်။

21 September 1638

သက္ကရာဇ် ၁၀၀၀ ပြည့်သတင်း ကျွတ်လပြည့်ကျော် ၁၀ ရက် နေ့နား ခံစမြောင်များ ထုတ်၍လွှတ်တွင်ပြန်သည့်အမိန့်တော်။

( မျိုး ကြည့် ၁၉၄၄၊ တက်ဗဟို ၄၅၂၃၅ )

အရေး မဆိုဝ်ဒိုင်း ခေါင်း တစုတိုဝ်ရှိုခိုဝ်သံတော်ဦး တင်ချက်မှာမာရဘင်နေ ပြဿတ်နေရှေ့နေသ၍ကိုဝ်အလုတ်အဆောင်အမှုအရာကြီး သော်သာပြဿဒ်တဝက် ကိုဝ်လုတ်စေ။ အမှုအရာမကြီး ၊ အသေး အဖွဲကိုဝ်မလုပ်စေနှင့်။ အုဝ်လုဝ်ဆီမီး တောင်ပြဿတ်လုပ်ကိုဝ် သော်ကား ၊ အလှူအတန်း မှုဖြစ်သော ကြောင့်ကိုတို့ကုသိုလ် ပင်ဖြစ်သည်မဆိုသာ။

24 September 1638

သက္ကရာဇ်၁၀၀၀ပြည့်သတင်း ကျွတ်လပြည့်ကျော်၁၃ရက်၂နေ့အရေး မဆိုဝ်ဒိုင်ခေါင်း တို့ကသံတော်ဦး တင်စာနှင့်မြို့ဝ်သစ်ငယ်စား လျှောက်ရာတွင် အမိန့်တော်ရှိသည်။

( မျိုး ကြည့် ၁၉၄၄၊ တက်ဗဟို၄၅၂၃၅ )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့်တော်ရှိသည်။ ချတော်မူသည့်ရှစ်ပြည်ထောင်ကိုဝ်အစိုဝ်ရတော်မူသော မြင် သရေ့ရှိသရေ့သောလူတိုဝ်၏အရှင်မင်း ကြီး မင်း မြတ်အစိုဝ်ရခြင်း ငါဖြစ်တော် မူသည်။ သည်မြင်သရေ့ရှိသရေ့လူသည်မင်း တယောက်ကိုဝ်သာမှီ၍ဖြစ်သည်။ မင်း မပိုင်သူရှိသည်မဟုတ်၊ သိုဝ်သည်ဗိုလ်ပါအထူး ထူး တို့ကိုဝ်အစိုး ရခြင်း ဖြင့်မဟာသမတ မင်း ကစ၍အစုအရုံး အစည်း အနှောင်အညီအညွတ်စုရုံး စည်း နှောင်ရိုဝ်ဖြစ်သည်။ စုရုံး စည်း နှောင် ကြောင်း အရိုဝ်သည်မင်း မျိုဝ်၊ ပုဏ္ဏား မျိုဝ်၊ သူကြွယ်မျိုဝ်၊ သူ ဆင်း ရဲမျိုဝ်၊ လေး ပါး သည်အခြားအလိုက်ရှိ၏။ အမျိုဝ် လေး ပါး ဝယ်လည်း ရထား စီး သူရဲ၊ ဆင်စီး သူရဲ၊ မြင်း စီး သူရဲ၊ အထူး ထူး သောလက်နက်စွဲ သော ခြေသည်၊ သူရဲ၊ စစ်သည်၊ အင်္ဂါ လေး ပါး သိုဝ်ရှိသည်။ စစ်သည်အင်္ဂါ လေး ဝယ်လည်း တကျိတ်ကိုဝ် ခေါင်း တယောက်၊ ခေါင်း တကျိတ်ကိုဝ်စစ်ကဲတယောက်၊ စစ်ကဲတကျိတ်ကိုဗိုလ်မှူး တ ယောက်၊ ဗိုလ်မှူး တကျိတ်ကိုဝ်စစ်သူကြီး တယောက်၊ စစ်သူကြီး တကျိတ်ကိုဝ်မင်း တ ယောက်ချုပ်၏။ ကမ္ဘာကျမ်း ကမ္ဘာအစည်သေနင်္ဗြူဟာကျမ်း ၌သိုဝ်ဆိုဝ်၏။ ရဲရင့် စွန့်စား မြဲမြန်တည်ကြည်သောသူရဲတကျိတ်ကသက်၍ မင်း တယောက်ဝယ်စစ်သည်သူရဲ ပေါင်း သည်တသိန်း ဖြစ်၏။ တသိန်း သောသူရဲ၏မယား သား မြေး အပေါင်း အ ဘက်ကျွန်အစရှိသည်၏အရေအတွက်လည်း ၁၀၊ ၂၀၊ ၃၀ သော်လည်း ၊ ဦး ရေမက စာပေကျမ်း ဂန်၌လည်း သိုဝ်လာ၏။ ယခုအကြား အမြင်အတွေ့သည်လူကား ဘိုး တော် ဘကြီး တော်ခမည်း တော်အတွေ့အမြင်ဖြစ်တော့သည်။ ဘိုဝ်တော်ဘုရား လက်ထက် တော်ကဆုတ်လျှင်ဘကြီး တော်ခမည်း တော်နောင်တော်လက်ထက်တိုင် အောင်သည် ပျိုး သည်၊ စိုက်သည်၊ နှီးသည်၊ ပြင်သည်၊ လုပ်သည်၊ ဥယျာဉ်သည်ဲသဖွယ်ဖြစ်ရာ၌ဖြစ်၏။ ငတွင်မူကား မသန်သည်ကိုဝ်သန်အောင်၊ မပွင့်သည်ကိုပွင့်အောင်၊ မသီး သည်ကိုဝ် သီး အောင်၊ မစည်သည်ကိုဝ်စည်အောင်၊ မပွါး သည့်ကိုဝ်ပွါး အောင်၊ မစွတ်သင့် သည်ကိုဝ်မစွတ်နှင့်။ မချောက်သင့်သည်ကိုဝ်မချောက်နှင့်၊ ချည်သည့်အပင်ကိုဝ်မချည် မပေါက်ရအောင်၊ ခါး သည့်အပင်ကိုဝ်လည်း မသက်ရအောင်၊ ချိုဝ်သည့်အပင်ကိုဝ်လည်း မပျက်ရအောင်၊ အမြစ်ရှက်သ၍ပြဗ္ဗာပေါ့သည်၊ ပျက်သည့်များ ကိုဝ်အမြစ်အပင် မ ရှက်ရအောင်တတ်လှသော ဥယျာဉ်သည်သည်သုတ်သင်သိမ်း ပိုက်စိုက်ပျိုး ပြုစုသကဲ့သိုဝ်

သာသနာတော်စီးပွါး ၊ ပြည်သူတကာသဗ္ဗာဝါအပေါင်းတို့စီးပွါး ၊ မိမိပြည်နိုင်ငံ၌ရှိသောလူအပေါင်းတို့ကိုဝ်ဂတိတည်စွာငယ်သသူကိုဝ်ကြီးသာအောင်၊ ကြီးသသူကိုဝ်အိုသာအောင်၊ အိုသသူလည်း ချမ်းသာစွာသေရအောင်၊ ဘုန်းပညာပါရမီရှိသောမင်းမြတ်မင်းကောင်းသာစိုဝ်နိုင်ဆောင်နိုင်သည်။ မြင်သရွေ့အသက်ရှိသမျှသဗ္ဗာဝါသည်ကား စိတ်ရှိတိုင်း ကိုယ်ဝယ်လိုက်ရသည်ကိုသာကြိုက်ကုန်သည်သာ။ စိတ်ရှိတိုင်း ကိုယ်လိုက်နိုင်ခြေရာသည်လည်း မရှိ၊ စိတ်ကိုဝ်လိုက်၍အကျိုဝ်ရှိရာသည်လည်း မရှိ၊ များစွာသောစိတ်ကိုဝ်အကျိုးအပြစ်ကိုသိသောသူသာထိန်းချုပ်နိုင်သည်ကိုဝ်နှစ်သိန်းလေးသောင်း မြေကြီးမြှုမ့်နှင့်အမျှသောဘုရားအပေါင်းတိုဝ်သည်ဟောတော်မူသည်။ စိတ်ကိုလိုက်၍ကိုယ်အကျိုဝ်မဖြစ်နိုင်သည်အမြဲပင်၊ သင်းတို့ဝ်သူကျွန်ဖြစ်ခြေသည်ဟူ၍သို့မှကိုယ်လိုချမ်းသာစွာဖြစ်မည်ဟူ၍အရှင်ကိုတောင်းပန်၍ကိုယ်ဘိုးပေး၍ထွက်လေသည်။ ကျွန်အရာသူ ကျွန်ကလွတ်လျှင်ချမ်းသာစွာမလွတ်မနေနိုင်လေ၊ သူမှာပေါင်ပြန်လေ၍မှီးပြန်လေ၏။ သုအပေါင် ဖြစ်ပြန်ရလေ၏။ ကိုယ်ဘိုးပေး၍ထွက်သည်စိတ်ကိုလိုက်၍အစိုဝ်အချုပ်မရှိချမ်းသာစွာရည်သည့်အတိုင်း မဖြစ်နိုင်သည်အကြောင်းကိုဝ်မိန့်တော်မူလိုက်သည်။ ငါသိုဝ်သည်အတိုင်းတိုင်း အရှင်မင်းကြီးမင်းမြတ်ကိုဝ်မဆိုဝ်သာ။ ဇာနပုတ်ရွာပြည်ကိုစား၍တရာငါးကျိတ်ရှင်ပင်ဖြစ်သော်လည်း အဝင်အပါကျွန်ဟူ၍မသိမ်း မပိုက်ဘဲကျွန်သပေါက်မြေလတ်ကိုဝ်သော်လည်း ကျွန်ဆိုဝ်ရမည်မဟုတ်။

မရေထွက်နိုင်သောလူတကာတိုဝ်အမျိုး လေးပါး ၊ စစ်အင်္ဂါလေးပါး ၊ ပြည့်စုံစွာသောသာသနာတော်၊ ပြည်သူလူရဟန်းစီးပွါးကိုဆောင်ပေသည်။ မြင်သရွေ့သောဗိုလ်ပါအပေါင်းနှင့်ရထားထိန်းလှည်းနှင့်သဗ္ဗယ်သဗ္ဗာဝါအပေါင်းကိုဆောင်သည်မဟုတ်လော်။ မင်းဇေရာဇ်၌အမှုထမ်းတထောင်ကိုနှစ်ထောင်ကိုဝ်သုံးထောင်ကိုဝ် လေးထောင်ကိုဝ်ငါးထောင်ကိုဝ်တသောင်းကိုဝ်မဘိတ်မစင်မလွှင့်မလေမလွတ်ရအောင်သိမ်းပိုက်၊ မစ၊ ပဲ့ပြင်၊ သွန်သင်၊ ထိန်းကြောင်း၍အရှင်မင်းခိုင်းခန့်သည့်အရာ အစုအမှု၌ အရှင့်စီးပွါးတော်ရှိကြောင်းကိုအရှင်အပ်နှံခိုင်းခန့်တော်မူသည်၊ အရှင်ကျွန်တော်မျိုဝ်သည်ငအသင်း ငအစုသူ့ဘက်ငဲ့မှာတည်ရအောင်လုပ်စားကြံစားဖြစ်အောင်၊ မင်းမှုရှိသျှင်ကုန်အောင်ပြန့်ပွါးအောင်၊ အသက်ဦးဆံကိုဝ်အစိုဝ်ရသောအသျှင်ဝန်တိုဝ်လွှဲတော်မူ၍ခိုင်းခန့်

တော်မူလေသည်။ ငါတို့ဝ်အဝင်သည်ဘယ်သိုဝ်ကုန်သည်လည်း ၊ ဘယ်သိုဝ်ရှိသည်လည်း ၊ ဘယ်သို့စီရင်တော်မူသော်ကောင်း မည်လည်း ၊ ဘယ်သို့စီရင်ခင်း ရှိမည်လည်း ဟူ၍အစိုဝ်တွင်စာရေး ၍နှင်း ။ စာရင်း ကြည့်၍အမှုငယ်အစို့ငယ်တို့ကိုဝ်ခေါ်၍စာရင်း သွင်း ၍ မေး မြန်း စီစစ်၍အဝင်မိမ္မသည်မည်သူ၊ အဝင်ယောကျ်ား နှင့်အိမ်ဖြစ်လေ၏။ သို့မှာအဆွေအမျိုဝ်သ္မီး သ္မောက်နှင့်ဘိုဝ်ဘွား နေလည်း ယောကျ်ား လိုက်ပေမည်၊ မနေပါ၊ လုတ်ကျင်း ဆောင်ကျင်း ဆင်း ရဲသမှုရှိပါလေပြီ၊ ယောကျ်ား မှာ နေပါမည်ဆိုဝ်၍စာရင်း မှတ်၍ ယောကျ်ား မှာ နေ သောသ္မီး လည်း မိမ္မပါဘိုး ဘွား အဝင်၊ အငွယ်တိုင်လျှင်ပြုစုမည်၊ သား သည် ယောကျ်ား ပါအမှုထမ်း လေါက်လျှင်လင်မှာထမ်း စိမ့်မည်။ အဝင်အမှုထမ်း နှင့်ဝန်စုမှာမိမ္မနှင့်သင့်လေလျှင်လည်း သည်နည်း လမ်း စီရင်ထွက်ရှိသည်။ မျှား သည်တို့သည်လည်း ခုမှဝန်ခန့်တော် မူသည်။ ခုမှစာရေး ဟူ၍ငယ်သား တို့ဝ်နှင့်အမြစ်အပင်တချက်တည်း သိမြင်ရခြေသည်။

ရှေး ဖြစ်လေသည်မျှား ကိုဝ်သိုဝ်စီရင်လိုဝ်၏။ ယခုမူကား မရှက်မဘင်ရအောင်ကျူရုံ၏သိုဝ်တမျိုဝ်တည်း တသား တည်း တစုတည်း တဝန်း တည်း တောကြောင့်လည်း ကျား လုံ၊ ကျား ကြောင့်လည်း တောလုံးသကဲ့သိုဝ်ငါတိုဝ်စီရင်ရချိမ့်မည် ထိုဝ်အဝင်တွင်လင်မရှိ သောမိမ္မအသက်လေး ဆယ် ငါး နှစ်ခြောက်နှစ်အငွယ်သည် တောင်း တလုံး နှင့်ရှာစား ၍၊ ကသူနှင့်သက်၍အဝင်ဖြစ်ခြေတော့မည်။ ထိုဝ်အဝင်အတွင်း မယား မရှိဘဲအမှုတော်ရှည်မည်သူသင့်နှစ်အိမ်ပေး ၏။ မကြိုက်လျှင်သူအုံ့၍ လောင်း ၍ ပေး ၏။ အစုတွင်နှမ၊ တူမ၊ ခယ်မ၊ မြေး သည်ကျွန်မဟုတ်၊ မင်းကျွန်ဖြစ်သည်၊ သို့သည်လူ မျှား ကိုလည်း မိမ္မအငွယ်တန်လေလျှင် ယောကျ်ား လင်နှင့်မိမ္မလင်နှင့်ယှဉ်သို့ပြုစုသိမ်းပိုက်စိမ့်မည်ငါခိုင်း ခန့်တော်မူသည်။ ကျမ်း ဂန်၌ဘုရား တရား ၌မင်း တိုဝ်၏ရာဇဝတ်၊ လောကဝတ်၊ လူတိုဝ်၌ကျင့်ရိုဝ်ကျင့်ရာကျင့်ကြောင်း သည်သိုဝ်ရှိတော့သည်။ ငါလည်း အမှုတော်ကိုဝ်ကုန်စိမ့်မည်။ ငါ့ကျွန်တော်တို့ဝ်အမှုတော်ကုန်စိမ့်မည်ဟူ၍ဝန်၊ ဝန်စာရေး ၊ စာရေး ခန့်တော်မူသည်၊ သိုဝ်ကိုမလေး မစား ငါသိုဝ်သည်ဧကရာဇ်မင်း အမှုကိုဝ်အလေး မပြု၊ မြတ်နိုဝ်ခြင်း မပြု၊ ထီသိုဝ်မထင်၊ သို့သည်ဧကရာဇ်မင်း အမှုတော်ပြည့်ကြီး ဝန်ကိုဝ်ငါတို့အဘေား ၊

အဘိုး ၊ ငါတိုဝ်ဘသည်လည်း ၊ သိုဝ်သည်အမှုအရာသည်မင်း ခေါင်မင်း ဖွားသည်
နိုင်း ခန့်ဘူး သည်မဟုတ်၊ ငါတိုဝ်သည်လည်း သိုဝ်သည်မင်း သည်မင်း ကဲ့သို့ဝ်ဝယ်သိုဝ်
သည်အမှုကိုဝ်မြင်ဘူး ကြားဘူး စီရင်ဘူး ခြေသည်မဟုတ်၊ သည်အသွင်မင်း ဧကရာဇ်
သည်လူကောင်း အရာသိုဝ်သွင်း တော်မူ၍လူကောင်း ဖြစ်အောင်အမှုတော်ကုန်
အောင်ကျေး တော်ကျွန်တော်ကိစ္စလုံအောင်တို့ကိုဝန်ခန့်၍စာရေး ခန့်၍စီရင်
ရသည်။ ဘယ်သိုဝ်သောအရင်တက်စီး ပွါး သကဲ့သိုဝ်စီး ပွါး တော်ရှိပါမည်လည်း နိုင်း
ခန့်တော်မူသောကျွန်တော်မျိုဝ်သိုဝ်အဝင်လည်း ဘယ်သိုဝ်ပြန့်မည်၊ ပွါး မည်နည်း ၊
စားကုန်သော်လည်း ဘယ်သိုဝ်ဖြစ်ပါမည်နည်း ၊ အဝတ်မစုတ်၊ အစား မပျက်၊
ဝက်ကြက်မွေး ဟန်ခြံနှင့်လုပ်ငန်း ဆောင်တာအလင့်အထောက်ရှိအောင်ငါတိုအဝန်း
ငါတိုဝ်အစုသည်ကား သိုက်သိုက်ဝန်း ဝန်း မစင်မလွှင့်အရှင့်ကျေးတော်ကျွန်တော်
အမှုတော်ထမ်း ဖြစ်သည်ကို၊ တို့ကိုဝန်ခန့်တော်မူသည်၊ ဝန်ကြီး လှသည်ဟူ၍မမှတ်၊
သတိမပြု၊ နှလုံးမသွင်း ၊ လုလ္လမပြု၊ မမေး မမြန်း ၊ မစစ်မကြော၊ မစီမရင်၊
စာရေး ရှိသည်ကိုဝ်အမှုဝန်စာရေး သည်ငါတို့တိုက်နက်အစုမည်မျှ၊ မည်သည့်အစုဝယ်
ဦး ရေမည်မျှ၊ အဝန်း ဝန်မည်မျှ၊ အမှုထမ်း ဝယ်၊ လူအိုဝ်ကျမည်မျှ၊ သည့်အနက်
အိမ်ထောင်စိုဝ်မည်မျှ၊ ယောကျ်ား လပ်မည်မျှ၊ မိမ္မလပ်မည်မျှ၊ သား မည်မျှ၊
သမီး မည်မျှ၊ မည်သည့်သက္ကရာဇ်မည်မျှခုကသား အရင်း မည်မျှနှစ်၊ ယခုသည်သား
အမှုထမ်း သွင်း လောက်ပြီ၊ သမီး အိမ်နေလောက်ပြီ၊ အစုချင်း တွင်ခေါင်း အဝန်း
သား မိသား ဘလင်မပေး ပဲမယား မပေး ပဲလက်ယူခြေဖင့်တမုံ့၊ မိဘထား လေ
သျှင်အလုပ်အဆောင်ကား မိဘပိုင်၏။ အိမ်မှုယာမှုကိုမိဘမပိုင်ချေ၊ သည်သူငယ်မ
တိုဝ်အရွယ်တန်လျှင် လေလွင့်ဟော့မည်။ စိတ်လိုဝ်လိုက် လေတော့မည်၊ သိုဝ်ပေး သိုဝ်
ပြုစုဟူ၍စီး ဘွယ်ခင်း ရင်း ကိုဝ်ဝန်သည်စါရင်း တိုဝ်နှင့်တိုင်ပင်ညှိညွှတ်၍အမျှး ၊
သွောက်ကြီး ၊ ခေါင်း ၊ အစု၊ ငယ်သား တိုဝ်နှင့်မေး မြန်း ၍အစီရင်၊ သမီး ၊ နှ
မ၊ တူမ၊ ခယ်မ၊ မရီး ၊ မြေး ၊ အိမ်ထောင်လပ်၊ သိုဝ်သည်မိမ္မသည်လင်မရှိ၊ ရှိ
လိမ့်မည်၊ သိုဝ်ကိုမယား သေသည့်အမှုထမ်း လုင်ဖျိုဝ်လူသစ်ပြင်သိုဝ်သည်ယောကျ်ား
လပ်နှင့်မိမ္မလပ်ကိုအလပ်မနေရအောင်အိမ်ထောင်ပေး ၍အမှုထမ်း တယောက်
သည်သိုဝ်မှနှစ်ယောက်သုံး ယောက်ပွါး သည်တိုက်နက်အစိုဝ်ရသည်လည်း တသိုက်တဝမ်း

အရှည်အမှုတော်ကိုဝ်ထမ်း ကုံသည်၊ ငါအမိန့်တော်ရှိသည်၊ သိုဝ်ကိုဝ် လျှော်စီး လျှက်
ကျည်း သို့ဝ်တက်လျှင်တက်ကိုဝ်ပစ်ခဲ့သည်ဆိုဝ်သကဲ့သို့ဝ်၊ အမိန့်တော်ရှိသည်ကိုဆိုဝ်လျှင်
အမိန့်တော်အတိုင်း ကိုစီရင်တော့သည်ဟူ၍ ကရုတ်ကရက်နှင့်ကျိုဝ်နင်ကျုံ့ပျက်ကခုံက
ဒချက်ဒလက်မသိအယူအငင်မသိသတိဗလမပြု၊ စိတ်မဖြဲ၊ နှလုံး မဖြဲ၊ စီရင်သည်ဟူ၍
ပြုသည်၊ ခွေး လေအိမ်မသိ၊ အသံထွက်ဆန်း ဟောင်၏သို့သောစီရင်သည်ဟူ၍ပြု၏။
သည်ဝန်ခန့်လျှင်အမှုလပ်တတ်၊ အမှုငယ် လေး ဆယ်ငါး ဆယ် ခြောက်ဆယ်သိုဝ်ရှိသည်။
အမေး အဖြုန်း အစစ်အကြောမရှိ၊ အမိန့်တော်ရှိလျှင်အဆင့်ဆင့်သောပြန်သည်၊ ဆိုဝ်
သည်ပြု၍သောသင်း တို့အကြိုက်အကြိုက်အအား အအား သိုဝ်သောစွပ်စွဲယမ်း သမ်း ၍သော
စီရင်သည်ဟူ၍သောပြုရသည်။ ငပြည်ရွာတွင်း ကိုမင်း အမိန့်တော်စီး ပွါး တော်
ဟူ၍သောမဟုတ်မမှန်သည်အကျင့်ကိုဝ် ခြေနှင့်ဖျက်သကဲ့သိုဝ်၊ နင်တိုဝ်စီရင်၍ပြုသည်၊
ဖြစ်အောင်ဟူ၍ နင်တို့အလိုဝ်ရှိသည်ကျင့်သည်ပြုသည်။ ဖျှက်သည်ကိုဝ်မဆိုဝ်၊ ဘယ်သိုဝ်နှ
လုံး မသွင်း ၊ အမိန့်တော်အတိုင်း မလွန်၊ မယုတ်၊ မမှန်သည်ကျင့်သည်ဟူ၍ပြုသည်။
အမိန့်တော်၏အနက်ဒထုပ္ပတ္တိကိုဝ်အယူသိုဝ်မှစီး ပွါး တော်အမိန့်တော်နှင့်ဆိုင်သည်
ဟူ၍မယူ၊ မထောက်၊ အမိန့်တော်အတိုင်း စီရင်သည်ဟူ၍သော ခွေး ဟောင်၏သိုဝ်
ပြုသည်။ တနေ့ရှစ်ခါအချိန်ကိုဝ်သိ၍တွန်သောကြက်သည်ညဉ့်သည် ရောက်၍သတ်စား
မည်ကိုဝ်မသိသကဲ့သို့ဝ်သောအခရောမရ၊ စစ်သည်၊ ကြောသည်၊ စီရင်သည်ဟူ၍သော
တဆွဆွနှင့်ပြည်ချောက်ချား ၊ ရွာချောက်ချား မျှသော၊ အခက်အလက်မနေသိုဝ်
စစ်ကြောစီရင်သည်ဟူ၍မင်း ဧကရာဇ်ရွှေနား တော်ကြား လိမ့်မည်ဟူ၍တဆွ
ဆွသောပြုသည်၊ စီရင်သည်၊ နင်တို့ကိုဝန်ခန့်တော်မူသည်။

ရွှေပြည် တော်သို့ဝ် ရောက် တော်မူသည် လေး နှစ်ရောသီရှိပြီ၊ ပဋ္ဌင်း
မခံစေနှင့်၊ ရှင်မပြုစေနှင့်၊ အမိန့်တော်ရှိသည်လည်း သူငယ်စာရင်း စစ်၍
မိဘကိုခေါ်၊ အဝန်း သွောက်ကြီး အနည်း မှတ်၍မအပ်၊ ဆိတ်ဆိတ်ခိုဝ်အမိန့်တော်
မရှိမီကရှင်ပြုသည်၊ သည်ကိုသား မင်း နား စိုဝ်နား ကြား အောင်စား ရသော်
ရအောင်တလျှပ်လျှပ်တရှား ရှား လူထွက်သည်ဟုပြုသည်၊ ရှင်စာရင်း ၊ ပဋ္ဌင်း စာ
ရင်း ထား ရှိတော့သည်၊ ရှင် ကောင်း ပဋ္ဌင်း ကောင်း ဖြစ်ပါလိမ့်မည် လော။
လယ်ထွန် ပေါင်း ထိုဝ်ပြု၍မိလုပ်ဘလုပ်၍ရှင်ဆိုသည်နှင့်နေရအောင်၊ ရှင်သည်လူပြု

၍မင်း သား မင်း မြေး အမျိုး အမတ်တို့ဝ်မှာတိုး ဝင်လိမ့်မည်လောဟူ၍အလုပ် အဆောင်နှင့်ရှင်ယောင်ပြု၍ မိဘဝယ်လုပ် ဆောင်၍ နေသော်ဘုရား ပညပ်တော် မူသည့်ရဟန်း သည်တကာအလုပ်ကိုဝ်လုပ် ဆောင်၍ မွေး အပ်သည်ဟုပညပ်တော်မလာ၊ ရဟန်း ကောင်း ဖြစ်၍၊ ဆွမ်း ခံ၍မိဘကိုဝ် မွေး အပ်သည်ကိုဝ်သာပညပ်တော်ရှိ ၏။ နင်ရှင်ပဉ္စင်း ဟူ၍ကား စာရင်း ထည့်၏၊ လူ၏အမှုဖြင့်လုပ် ဆောင်လှာသည် ကိုကိုယ်လိုက်၍လုပ်လိုဝ်လျှင်အမိအဘအလုပ်ကိုဝ်လူအဖြစ်လုပ်၊ ယင်း သို့ဝ် သော်လည်း မ စစ်မကြောမစီမရင်အမှုတော်ထမ်း မင်း ကျွန်တော်သား ဖြစ်သည် ကျောင်း မှာ မနေသာဟူ၍စစ် ကြောသည်သာပြုသည်၊ အမိန့်တော်ရှိလျှင်ဝန်ပြန်သည်၊ မည်သူ သည်ပြန်သည်ဟူ၍ မှတ်ထား လျှင်အစုဝန်ဖြစ်သသူသည်စာရေး ကိုဝ်ဆိုဝ်သည်။ စာ ရေး သည်အမျိုး တပ်မျိုး သွောက်ကြီး တို့ဆိုဝ်သည်၊ အမျိုး ၊ တပ်မျိုး ၊ သွောက်ကြီး သည် ခေါင်း ၊ အဝန်း ၊ တန်း ၊ သွောက်ကိုဆိုဝ် လေသည်၊ ခေါင်း ၊ အဝန်း၊တန်း သွောက် သည်လည်း သင်း တို့တိုက်နက်တွင်ကိုဝ်ဆိုဝ်သည်ဟူ၍သာအဆင့်ဆင့် ဆင့်၍သာအခရာ မရ၊ တည်တန့်ရာမရှိ၊ မင်း ဧကရာဇ်အမိန့်တော်ကိုဝ်အလေး မဲ့အမှုတော်ကို မရိုမသေအဆင့်ဆင့် ဆင့်၍သာတည်တန့်ရာမရ၊ စီရင်သည်ဟူ၍သာပြုသည်။ အ ဆင့်ဆင့် ဆင့်ချေ၏စကား အဆင့်များ ၍လန်၍သူ့ခေါင်း ငါ့ခေါင်း မသိပျိုဝ်ဖြိမ့် မည်ဟူ၍အစုဝန်သည်ဝန်တွင်အမျိုး ၊ သွောက်ကြီး ၊ ခေါင်း ၊ တပ်မျိုး ၊ အဝန်း ၊ တန်း ၊ စာရေး သို့များ ကိုဝ်အိမ်သို့ခေါ်၍မျက်နှာညီစီရင်ခင်း စစ်ကြောခင်း မေး မြန်း ခင်း ရေး မှတ်ခင်း အမိန့်တော်ပြန်ခင်း ရှိသည်ကိုဝ်စာရေး နှင့် ဝန်သည်တကွနက်တိုက်နက်အတွင်း သို့သည်အကြီး တို့ကိုခေါ်၍နှလုံး နား သွင်း ၍မေး မြန်း စစ်ကြော၍မျက်နှာညီစီရင်စေ။ သင်း တို့အစုဝန်သည်စီရင်ခင်း ရှိလျှင်အ မိန့်တော်ရှိလျှင်သင်း တို့ကိုဝ်မင်း ပြု၍စာရေး ကိုခေါ်၍သာသည့်အတိုင်း အမိန့် တော်ရှိသည် သည့်အတိုင်း စီရင် ရမည်။ သည့်အတိုင်း ဝန်တို့ကဆိုသည်၊ ဟောသည် ကိုဝ်မင်း ကစေလိုက်ဆိုဝ်လိုက်ဟူ၍သာစာရေး ကိုဝ်နိုင်း ခန့်လေသည်။ သင်း အိမ် ဆိုဝ်ငယ်တွင်မျက်နှာမဲ့ကိုဝ်ဏာတိုဝ်တထွာတမိုက်နှင့်ရေး ၍မည်သသူကိုဝ်ပိုဝ်ချေ၊ မည် ဝါကိုဝ်ပိုဝ်ချေဟူ၍သာမင်း ဧကရာဇ်နိုင်း ခန့်တော်မူသောဦး ရေသုံး လေး ငါး ခြောက်သောင်း သည်အမျိုး ဝန်ခန့်တော်မူသည်လည်း ဆိုး ဆိုး ညစ်ညစ်၊ သွမ်း သွမ်း

သော့သော့၊ သိမ်သိမ်ငယ်ငယ်၊ ပေါ့ပေါ့လျော့လျော့၊ သိုဝ်သည်မင်း မှုပြည်မှုး အစုဝန်အရာအထူး ဒိုင်း ခန့်တော်မူသည်ကိုအလေး အမြတ်မဲ့စီရင်တုံဟူ၍ပြုသည်၊ မသေခင်ကောင်း စား ချင်သည်ဟူ၍ မူကား စိတ်ရှိသည်၊ တောင့်တသည်၊ သိုဝ်နှင့်မတန်၊ သိုဝ်နှင့်မညီ၊ ခေါင်း ရှိသည်ကိုပင်ညီစ၍ ခါကြသည်၊ သိုဝ်ကျင့်သည်၊ စည်း စိမ်ချမ်း သာ: နှင့်ထူး ၍ဖြစ်ချင်သည်၊ အသက်ရှည်ချင်သည်၊ အင်္ဂါကြီး ငယ်နှင့်မချိုဝ်ချင်သည်၊ ကိုယ်ရှင်သည်၊ အလိုလိုရှိသည်၊ သည်မျှ သည်ဘယ်သူဝယ်ရှိသည်လည်း ၊ ဘယ်ကြောင့်မကောင်း ဖြစ်စေသည်လည်း ၊ ကိုယ်နှုတ်နှလုံး သုံး ပါး ကိုဝ်လုံ့လဝီရိယအား ထုတ်၍ကောင်း စွာကျင့်လေ၊ ကောင်း စေလိုသော်ကိုယ်ဆုမ္မဆိုဝ်သည်၊ ငါမှာစကား မရှိကိုယ်ရှင်ကိုယ်မှာသာအကြောင်း ။ တရား ပြသဖြင့်ဧကရာဇ်မင်း ကိုဝ်စကြာဝဠာတသောင်း ၌ရှိ သောနတ်သကြား ဗြဟ္မာအပေါင်း တို့သည်သာသနာ တော်စီး ပွါး ကို ဆောင်စိမ့် သော ငှါ ချီပင့်၍သာသနာ တော်ပြုသသူလူ ရဟန်း အရှည်အကျိုဝ်စီး ပွါး ရှိ ကြောင်း ကိုဝ် ရှု မြှော် တော်မူလျက် ဆောင် တော်မူသည်။

သဗ္ဗံမမ္မဝရိယနှင့်ဇာဂရသူရသတ္တိပညာသမ္မာဓိသဒ္ဒါနှင့်ပြည့်စုံ တော်မူသောသာသနာ တော်စီး ပွါး ပြည်သူလူ ရဟန်း တိုဝ်စီး ပွါး ကို ဆောင် တော်မူ သော ဧကရာဇ်မင်း ကိုအ ရှေ့ဘက် မုတ္တမနှင့်အကွသုံး ဆယ့်နှစ်မြိုဝ်သား တလိုင်း တိုဝ်ကိုဝ်လှည့်ဖျား ရုံး စု၍၊ တလကွမ်း စား ငယ်သည် မော်လမိုင်မြိုဝ်ကိုအစာ ရေစာအပြည့်သွတ်၍သုံး ဆယ့်နှစ်မြိုဝ်သား တလိုင်း နှင့်ညီ၍ သေရမည့်မြိုဝ်တလား ဖြစ်စေ တော့ဟူ၍ပုံစား သည်ကိုဝ်ဂဲမက်တိုဝ်ကကြည်း တပ် ရေတပ်သ ဘော်ကူ ရွှတ်ကတ္တူလွှန်း ကြင်နှင့်လှေတပ် ရေကြည်း ဝိတ်၍ကျုံး နား ကိုထိုး ဝါး ပတ်လည်စိုက်၍ကျုံး ကိုမြိုဝ်ထိပ်နှင့်အမှူသုံး လေး သွယ်ဖိုဝ်၍ထိပ်ထက်ဝယ်မီး စုသကဲ့သိုဝ်ကြိုက်ကြိုက်ဆူ မှူသာမခံသာ အောင်ဂဲ
13 June (1638)
မက်တော်တိုဝ်ကိုဝ်နှစ်လခွဲသာလုပ်ကြိ စေ၍ (သက္ကရာဇ်၁၀၀၀ပြည့်) ဝါဆိုလဆန်း ၁၄ ရက်နေ့မြိုဝ်ထိပ်ကဂဲမက်တော်အပြည့်ဆင်း ၍တယောက်မျှမလွတ်နိုင်၊ အစဉ်ရ၍ယောကျ်ား ဟူသမျှကိုဝ်အစဉ်သတ်သည်။ လက်သည်း နှင့်တကွ ပေါင်း ဆက်သ၍ကိုတံကျင်လျှိုဝ်၍မီး တိုက် တော်မူသည်။ လောဘ၊ ဒေါသ၊ မောဟဖြင့်ရာန်ထောင်ဖီဆန်ရုံး ထွက် သောရာန်ထောင်သူတိုဝ်ကိုဘုန်း ပညာအာဏာဝီရိယဖြင့်အောင်မြင် တော်မူသည်။

28 September 1638

28 September 1638

သက္ကရာဇ် ၁၀၀၀ ပြည့် တန်ဆောင်မုန်း လဆန်း ၃ ရက် ၆ နေ့ အမိန့်တော်။

( မြိုးကြည့် ၁၉၄၄၊ ၉၀၊ ၁၇၁၊ ၇၈ပ။ တက်ဗဟို ၄၅၂၃၅ )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှ သောအသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့်တော်ရှိသည်။ ဟတ္ထိပူရပြည်၊ အဿပူရပြည်၊ သီဟပူရပြည်၊ ဥတ္တရပဉ္စာလပြည်၊ စန္ဒပူရီပြည်ငါး ပြည်ထောင်သည်မဟာသမတ ဝရံရောစတိုဝ်ကဆင်း သက်သော စေတီယမင်း ကိုဝ်မဟာပထဝီ ဆောင် သော နောက်ကို ဂေါတမဘုရား အလောင်း ကပ္ပိလရှင်ရ သေ့ပြည္ဆွန်း သောငါး မြို့ရွာတွင်တိုင်း ခရိုင်နှင့်တကွသီရိဓမ္မာ သောက မင်းကြီး ထဝ်၍တည်ထား သော ၈၄၀၀၀မြို့ဝ်၊ တတိယသင်္ဂါယနာတင်အဝင်အပါဖြစ် သည်၊ နောက်ငါး စီး ရှင်ပြုစု တော်မူသောလဝကိုး ခေါင်း အရှေ့တောင်အရပ် ဝယ် တောင်ပတ်လည် ၁၄ ဖလုံး ရုံလျှက်ရှိ သောအတွင်းတွင် ချောင်း လေး သွယ်ရှိသည်၊ ရေကန် လေး ကန်ရှိသည်၊ ရေအိုင် လေး အိုင်ရှိသည်၊ စိုက်လျှက် သောတိုင် လေး လုံး ရှိသည်၊ လွန်စိမ့်အင်း လေး အင်း ရှိသည်၊ မဟာပိန္နဲရုပ်တည်ထား သောကူ လေး ကူရှိသည်။ ထိုဂူရင်း တွင်အုတ်ရှစ်ပင် လေး ပင်ရှိသည်၊ ဆင်ပညာရှိလက္ခဏာဖတ်မန္တရား မန္တန်ဆင် ဆေး သမား တို့နေကုန် သောကုဋ္ဋိ လေး ပင်ရှိသည်၊ အမတ်ကြီး တို့နေရာ သရက်ပင် လေး ပင်ရှိသည်။ ဟိမဝန္တာတွင် ပျော်ပါး နေထိုင် သောသီရိနာဂဆင် တော်ကိုဝ်ငါရ တော်မူသည်။ သီရိနာဂဆင်သည်အစွယ်နီသည်၊ အမြီး တံခါး ပိတ်၊ မြီး ဆံဖြူသည်၊ နှာ ခေါင်း ဖျား ကအရိုး တက်၍ ညောင်ရွက်ကဲ့သို့ဦး ကင်း ရောက်ဖြူ သည်၊ ကြောရိုး ဖြူသည်၊ မြီး ရိုဝ်တဝက်ဖြူသည်၊ ခြေနှစ်ဘက်လက်နှစ်ဘက်ဝယ် ခြေသည်း လက်သည်း နီသည်၊ အာ ခေါင်ခံတွင်း နီသည်၊ ခြေနှစ်ဘက်လက်နှစ်ဘက်ဘဝါး ကသည် တက်၍တ တောင်ခန့်ဖြူသည်၊ လက်ဝဲလက်ယာကြာပွင့်ကဲ့သို့ဝ်ဖြူသည်၊ ကြောရိုဝ်ဖြူသည်၊ ဝမ်း ဖြူသည်၊ အဖြူနှင့်အပြာကိုဝ်ကြည့် သော်အဖြူနှစ်စုအပြာတစုခန့်မျှသာရှိသည်၊ ထူး မြတ် သောလက္ခဏာရှိသည်၊ စီး တော်ရ၊ ခြေတော်တင်ထိုက် သောဆင် တော်ဖြစ် သည်၊ ဗြဲတိုက်ရင်း တွင်တ ဆောင်း ရွှေထည့်၊ အထွတ်၊ ဒုပိကာ၊ ထီး စိုက်၍ ချည်တိုင် ရွှေထည့်၊ ကတ္တီပါရွှေရက်ပြာကွပ်တွင် ရွှေ မှော်ကြဲ၊ ကြိုဝ်း ရွှေရက်ပြား မွှမ်း ၊ စည်နီ ၄၊ ငွေနှဲ၊ ငွေခရာ၊ ရွှေအင်ဝ၊ ငွေအင်ဝ၊ ရွှေကျည်ဝ၊ ငွေကျည်ဝ၊ ဆောင် ရွက်တီး မှုတ်၍ထွက် စေဝင်စေ၊ ဆင် တော် ကျွေး ရန်သာယာဝတီကတိုင် ၄၀ ပေး ၍ ကျွေး စေ။ လစည် ၂၉ ရက်၃၀တိုဝ်၌ထမင်း ဆံာဥ် ချက်ဆား ၅ ဝိကျ၊ ကျီဝန်ကပေး စေ။ ဦး စီး ကိုနာဂနန်သူ၊ ကုံး လယ်နာဂ ဝေလု၊ နောက်ထိုင်နာဂစန္ဒာတို့ကို

ဝတ်ကောင်း နွား တောင်း နှင့်စီး စေ၍ ရေပေး ရေချထွက်ဝင်စေ။ ဝန်တို့ စီရင်။

4 October 1638

သက္ကရာဇ် ၁၀၀၀ ပြည့်တဆောင်မုန်း လဆန်း ၉ ရက်နေ့နနွား ခံစမြောင် မှူး ထုတ်၍လွှတ်တွင်ပြန်သည့်အမိန့်တော်။

( မြို့ကြည့် ၁၉၄၄၊ ၉ဂ၊ ၁၇၁၊ ၇ပေ၊ တက်ဗဟို၄၅၂၃၅ )

8 October 1638

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိသည်။ အဝေး မြို့ဝန်တို့မှာ ရုံး တက်လျှင်သနား တော်မူသည် ဆောင်ထား သက္ကလပ်အိပ်နီ သွတ်၍ ရှေ့သွား စေ။ သင်ဖြူးအနား မွမ်း မှီအုံး ဝန်း သက္ကလပ်ချုပ် စေ။ ခမောက်တင်နှင့် နေ ရောင်အုပ် စေ။ သနား တော် မှုသမျှအဆောင်အရွက်အစီး အနင်း တိုင်ကိုင်သော ဆောင်ရွက်စီး နင်း ၍ ရုံး တက် စေ။ မှတ်စာ တော် ပေး အပ်သည်ကို မှုတ္တမမြို့ဝန်မင်း ရဲစည်သူမှာ ရုံး တက်လျှင်လက်ဝဲ လက်ယာ သေနတ်စီ စည်ကျင်း ပ ဆောင်ရွက်၍တက် ကြောင်း ကိုင်နားခံတို့ဝင်က ရွှေဘဝါး တော် အောက် လျှောက်၍ ရွှေနား တော်ကြား ရသည်။ မင်း ရဲစည်သူသည်ငါ့အသျှင်ဘဝရှင်မင်း တရား ကြီး ဆွေ တော်ရင်း မင်း သား မြေး ဖြစ်၍ ရာဇဝတ် တော်ကိုထင်ရှား အောင်မစီရင်သည်။ စစ်ကဲစာ ရေး ကြီး တိုင် ရှောင်ချည်းမြို့တံခါး များ မှာ နေ စေ။ သူရဲ ကောင်ဟန်ရှမ်း အာကာဝန်း ရုံ၍ နေ စေ။ မင်း ရဲစည်သူထွင်အကြီး ပြုသူကြာကန်စား သန်လယ်စား [illegible] နောင်းဝန်း စား ရန်နောင် စား ဆိုသူ ငကျော်၊ ငဝ၊ ငရ၊ ငထွန်း တို့ကိုဆင်စာ ရိတ်ထည့်၊ မင်း ရဲစည်သူအိမ် သို့ နေ့ညဉ့် ရောက်သည်၊ တေမိ၊ ငလိပ်၊ ငကို၊ ငကိုမိတို့ကို ဝေး စွာ သောအရပ်သို့ ပို့ ထား ရမည်။ လေး သွှေတ်များ ကိုအခွန်ဝန်စာ ရေး တို့က ရေး မှတ်၍လှက်တိုက်မှာ သွင်း ထား စေ။ ဝန်တို့ကမှာ။

8 October 1638

သက္ကရာဇ်၁၀၀၀ပြည့်တန် ဆောင်မုန်း လဆန်း ၁၃ရက် နေ့နား ခံ ပြောကြီး မှူး ထုတ်၍လွှတ်တွင်ပြန်သည့်အမိန့် တော်။

( မှီး ကြည့် ၁၉၄၄၊ တက်ဗဟို၄၅၂၃၅ )

ဘုန်းတော်အလွန်ကြီး မြတ်တော်မူလှသော အသျှင်ဘဝရှင်မင်းတရားကြီး ဘုရား အမိန့်တော်ရှိသည်။ ရာဇမဏိစူဠာ စေတီတော်သိုဝ် ရွှေလောင်း တော်နှင့်ထွက် စံတော်မူမည်၊ လေပြင်း ရေပြင်းကိုမမြင်နိုင်၊ လှော်ကား မျှားကိုလိုက်စေ၊ ညီတော်မင်း ငဲကျော်စွာမှစ၍ မင်းသားကြီး၊ မြို့ဝ်စား၊ မြင်းမှူးတို့ကိုဝ် လည်း လှေနှင့်လိုက်စေ၊ မြို့ဝ်တံခါးမှူး၊ အဝန်း ငယ်သားတို့ကိုဝ်လည်း ဝန်တို့က ခေါ်၍အကြီး အကြောင်းကိုပြသ၍ အာဏာပေး မှတ်ရမည်၊ အာဏာပေး မှတ်ရာ ပေး အပ်သည့်စာချွန်ထွင်ထွက်သူတို့ဝ်ကိုလည်း မဝင်စေနှင့်၊ ဝင်သူတို့ကိုဝ်လည်း မ ထွက်စေနှင့်၊ ဖွက်သူဝင်ရလျှင် ဝင်သူထွက်ရလျှင်၊ ကြီးစွါသော ရာဇဝတ်ကိုခံရမည်၊ ပေး အပ်သည့်စာထွင်သွင်း၍ပေး၊ မြို့ဝန်၁၊ မြို့ဝ်စာရေး ၁၊ ထောင်မှူး အ ဝန်းတို့ကိုလည်း ရုံးထွင်နေစေ၊ လေရိုဝ်မိုး ရိုဝ်ကိုကြည့်၍ သတ္တဒါန်၊ သဗ္ဗာန်၊ ငဲလှေ၊ ကတ္တူ၊ စစ်ကွဝ်၊ လှေမှူး လှေကွဝ်တို့ကိုဝ်ခန့်ထား၍ နေငြိမ်မှလာစေ။ နန်းတော်မှာအထွင်း ဝန်၁၊ သံဆင့်၁၊ စေါင့်စေ၊ လွှတ်မှာ သေနာပတိ၁၊ ဝန်ထောက်၁၊ စေါင့်စေ၊ စာရေးကြီး အသုံး စါရေး ၁စီ နေစေ။

15 October 1638

သက္ကရာဇ် ၁၀၀၀ ပြည့်တဆောင်မုံး လပြည့်ကျော် ၅က် နေ့နား ခံစ မြောင်မှူး သုတ်၍လွှတ်ထွင်ပြန်သည့်အမိန့်တော်။

( မြှုး ကြည့် ၁၉၄၄၊ ၉၀-၁၇၁-၇ပေ။ တက်ဗဟို ၄၅၂၃၅ )

သားတော်အမြင့်စား နှင့်မင်းရဲအောင်တင်ဆိုဝ်ကြသည့်စကား မှာအမြင့်စား
သည်ခမည်းတော်နှင့်အတူအိပ်လိုသည်အကြိမ်ကြိမ်ရှိခိုး သံတော်ဦး တင်သောကြောင့်
မင်းကေရာဇ်နှင့်သားတော်သည်ဆူး နှင့်ဘက်သကဲ့သို့ဝ်ဖြစ်သည်။ ဘက်ထက်ဆူး ကျ
လည်း ဘက်ပေါက်မည်၊ ဆူး ထက်ဘက်ကျလည်း ဘက်ပေါက်မည်အရာရှိ၍လည်း ညီတော်
တို့ဝ်နှင့်မအိပ်၊ မင်းရဲအောင်ထင်နှင့်အိပ်ပါမည် လျှောက်သောကြောင့်ငါကပင်
အိပ်စေတော့ဆိုဝ်မိချေသည်။ အမြင့်မြို့ဝ်စား သည်လိမ္မာသောသူမဟုတ်ဘဲလျက်ပင်
မင်းရဲအောင်ထင် မှေး မှေး ရှိစည်လက်နက်စွဲ၍သင်း သည်ထား နှင့်ထ၍ခုတ်
သည်။ ဟယ်ဆိုဝ်၍လက်ဝဲလက်ဖြင့်ဟန့်ရာတွင်လက်မကြား ကိုထား သွား ကျသည်၊ အ
နာကိုဝ်ဆေး ကုစေ။ မင်းရဲအောင်ထင်ကိုအန္တရာယ်ပြုခြေငါစေတော်မမူ၊
ငါသည်အကြောင်း ကိုမသိပါ၊ သိပါချေလျှင်မဟာသမတမင်း တို့အား ထား သော
ကမ္ဘာတံဆာသမ္မာကျမ်း အတိုင်း ရောက်ပါစေတော့ဂတိဆိုတော်မူ၏။ မင်းရဲ
အောင်ထင်လည်း စိတ်မပြေရှိသည်။ အမြင့်စား ကိုဝ်အလဇ္ဇီဆဲမျိုဝ်များ စွာဆိုဝ်
၍ဆဲရာတွင်မှခမည်း တော်မင်း တရား က အမြင့်စား ကိုဝ်ခေါ်၍မောင်
သူကိုတင်စား ချေသောကြောင့်မိဘမလွတ်ထိခိုက်၍ရှိသည်၊ ဗညား ကျမ်း တော၊
နန္ဒယောတာတို့ကိုဝ်ခေါ်တော်မူ၍တရား ကိုဆွေး နွေး တော်မူလျှင်မလိမ္မာ
သောလူသူလာမှမရောက်သောသူတို့ဝ်သည်လိမ္မာသောသူကိုဝ်ကျူး လွန်သည်ဟူ၍အနာ
တရပြုအံ့၊ မလိမ္မာသောသူထက်အဆအရာမိုက်သည်၊ ရူး သောလူကိုဝ်မရူး သောသူ
ကပုတ်ခတ်ချေသော် လျှော်စေ။ အနာစွဲသောသူကိုသိလျက်မကောင်း သောစကား
ကိုဝ်ဆိုဝ်ချေသော်တရား ကိုခံစေ၊ အကျိုး အပဲ့ကိုအကျိုဝ်အပဲ့မဆိုဝ်ရ၊ အကန်း ကို
ကန်း သည်မဆိုရ၊ ဆိုသောသူတို့ကတရား ခံရချေသည်၊ ဓမ္မသတ်ဖြတ်ထုံး စီရင်ဂိုး
စာဟောင်း စာတန်း ရှိသည်၊ ရှိခိုး သံတော်ဦး တင်ရာတွင်သား တော်အမြင့်
မင်း သား သည်အရွယ်သို့မရောက်သေး ၊ အမြင့်မင်း သား သည်မင်းရဲအောင်
ထင်ကိုကျူး လွန်သည်ဟူ၍ငါတောင်း ပန်သော်လည်း မခံ၊ မင်းရဲအောင်ထင်က
အလဇ္ဇီမကြား ကောင်း မနာသာမိတိုင်ဘရောက်ဆဲဆိုဝ်သည့်စကား ကိုဝ်မင်းရဲ
အောင်ထင်ကိုခေါ်၍စီရင်ထုံး ဓမ္မသတ်အစေါင်စေါင်၌ကောက်နှုတ်သည့်အချက်
များ နှင့်သေနာပတိတို့ကဆိုဝ်၏။ မင်းရဲ.အောင်ထင်ကလည်း သည်း မခံနိုင်၍

ဒေါသ ပေါက်သည် ချေဆို၏၊ အမြင့်မင်း သား နှင့်မင်း ရဲ အောင်ထင်ကိုလက်ဘက် ရှေ့တော်တွင် ပေး၍ ပြေနေစေ။

(15 October 1638)

(သက္ကရာဇ် ၁၀၀၀ ပြည့်တန်ဆောင်မုန်း လပြည့်ကျော် ၅ ရက်) နေ့အမိန့်တော်။

( မျိုး ကြည့် ၁၉၄၄၊ ၉၀-၁၇၁-၇ပေ၊ တက်ဗဟို ၄၅၂၃၅ )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသောအသျှင်ဘဝရှင်မင်း တရားကြီး ဘုရား
အမိန့်တော်ရှိသည်။ ညီတော်မင်း ငဲကျော်စွာသဇီဝကသည်နိဇီဝကသိုဝ် ရောက်
ကြောင်း ကိုရွှေနား တော်ကြား တော်မူသည်။ သေနာပတိ ၁၊ ဝန်ထောက် ၁၊
စာရေး ကြီး ၁ တိုဝ်အိမ်သို့ဝ်သွား ၍ စီရင်၊ စီရင်ရမည်မှာဘိုး တော်ဟံသာဝတီ
ဆင်ဖြူရှင်ညီတော် တောင်ငူမင်း ခေါင်တွင်စီရင်သည့်ထုံး အတိုင်း တွင်တလား ကြီး
တလုံး ပျည်ကိုကမွတ်ကြီး ကမွတ်သေး ပွတ်ချမ်း သတ်စေ၊ ရွှေအတွင်း ပြင်ထည့်စေ၊
ကတ္တီပါနီမွမ်း ၍ ပတ္တမြား စီ၊ ရွှေမှော်ကြဲစေ၊ အဘုံး ရေကန်နည်း တူ၊ ကမွတ်
ကိုဝ်ပုဇွန်ခွန်မွမ်း စေ၊ ကမွတ်လေး ထောင့်ညောင်ရွက်ရွှေသား ရှစ်ချပ်ကိုဝ်
ပတ္တမြား စီစေ၊ အဘုံး နည်း တူ၊ စမြင်တိုင်ထင်း ဘီး ထင်နံ့သာထုံ၍တည့်စေ၊ သံ
ကွန်ရွက်ဘိုဝ်ချင် ၁၂ လုံး ထိုဝ်စေ၊ ပျည်ခုံ ချင်ပု ရွှေထည့်စေ၊ အထွင့်ငှက်မနား တတ်
စေ၊ ကတ္တီပါမွမ်း ငစေ၊ လေး တောင့်ကျေး စည်တိုင်ထည့်စေ၊ ရွှေမြူတာဖလုံး ၊ ငွေ
မြူတာဖလုံး ဆွဲစေ၊ ပိတန်သတောင်လည် ပြောက်ထုတိုင် ခြောက်ချောင်း ၊ ကတ္တီပါ
နီမွမ်း စေ၊ ပျည်ခုံ ရွှေပိတန်လိုက်စေ၊ ကုဗ္ဘိထမင်း ကျင်း စေ၊ ပျည်ခနောက်တ
လား ကိုဝ်လက်ကျပ်မစေ၊ အလောင်း မှာသံလျှင်း နှင့်ဆောင်စေ၊ လက်ပင့်ထီး ဖြူ
၄ စင်း အုပ်စေ၊ စန္ဒား ၊ ယမား ၊ ရွှေမြူတာ၊ ငွေမြူတာ၊ ရွှေတကောင်း ၊
ငွေတကောင်း ၊ ရွှေပချပ်၊ ငွေပချပ်၊ ရွှေဖျည်း ၊ ငွေဖျည်း ၊ အရိုး ကတ္တီပါနီ
ရစ်စေ၊ စည်နီရှစ်လုံး ၊ ငွေနှဲ၊ ငွေခရာ ၊ ပုံသာ၊ လင်ခွင်း ၊ စည်ပလုတ်စုံ
တီး စေ၊ ယမြား ငင်စေ၊ မြမ္မာပတ်၄ဆိုင်း ၊ မွန်တလိုင်း အတီး အကတီး စေ၊
အကူတော်ရွှေဆိုင်း ၅၀၀၊ ခါသာအုပ် ၅၀၀၊ သာလူအုပ် ၅၀၀၊ ဖျင် ၁၀၀၊ လက်
ဘက်ချောင်း ၁၀၀၀၊ လက်ဘက်တင် ၁၂၊ ကြေး ပတ်နှင့်ကြေး တဆယ့်နှစ်တမ်း ၊
အငိုဝ်လွယ်စီး ရန်ဆင်ငဲကနှင့်ပေါင်း တင်၊ ဆင်ငဲကမတင်နှင့်အုံး အိပ်ရာတင်
ဆင် ၄ စီး ၊ ငှက်ချေး ခံ ရွှေကြိုးဆစ်၊ အထွင့် ရွှေတံဆောင်း ထီး စိုက်ာ ထောင်လည်
ပြောက်ထု၊ နီပါး ထည့်၊ ရွှေညောင်ရွက်ဆွဲ၊ မီး လေါင်တိုက်၊ တံခါး လေး ရပ်၊
အလောင်း စင်တွင်အုပ်စီ၊ တဆောင်ရှေ့ဦး နောက်ဦး နှင့်ဝေါအနီတစု ရွှေ
၂ စု၊ ကျိုင်း ရွှေချက်ဂ၊ မင်း ဆောင်တော်၊ စား တော်ကွမ်း ရေကိုင်၊ အလောင်း
တော်ကိုမင်း သာမည်ရမြင်း မျိုး တိုဝ်ထမ်း စေ၊ ရန်အောင်မြင်တံခါး ကထုတ်စေ။

(15 October 1638)

(15 October 1638)

(သက္ကရာဇ် ၁၀၀၀ ပြည့်တန်ဆောင်မုန်း လပြည့်ကျော် ၅ ရက်)နေ့အမိန့်တော်။

ဘဝရှင်မင်းတရားသည် ဖေါင်း ရွှန်ဝတ်ဖြူနှင့် ဝေါတော်စီး၍ စံရာတံခါး ကထွက်တော်မူသည်။ မီး တင်လျှင်ဝင် တော်မူသည်။ ထို နေ့သကြိ်တော် ခေါ်သည်၊ အဝတ်ဖြူ ၇ ရက်၊ သစ်ကြတ် ၇ ရက်ဝတ် သောခါ၊ ဖေါင်း ရွှန်ဆင် တော်မူသည်၊ နီပါး သေး ၇ ရက်ဝတ် တော်မူသည်မှ ပေါင်း ဝန်း ဆင်တော်မူသည်။

( မျိုး ကြည့် ၁၉၄၄၊ ၉၀-၁၇၁-၇ ပေ။ တက်ဗဟို ၄၅၂၃၅ )

ဘုန်း တော်အလွှန်ကြီး မြတ်တော်မူလှသော အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့်တော်ရှိသည်။ နောင်တော်မင်း တရား သား မင်း ရဲအောင်ထင်၊ သား တော်မင်း ရဲကျော်ထင်၊ သား တော်မင်း ရဲကျော်ခေါင်၊ သား တော်မင်း ရဲ သီဟရာဇာ၊ သား တော်မင်း ရဲသီဟသူတို့ကိုဝ်အဆောင် ရွှေကျပ်မြင်မိုရ်၊ လွှက်အိုး ၊ ရေတကောင်း ၊ ဘက်စိမ်း ကတော့ဘုံး ကျအုပ်ကျစေ၊ ကျိုင်း ရွှေချက်ဆောင်း စေ၊ စီး ဆင် ၁၀ စီး ၊ လှော်ကား လှေမှတ်စင်း လုံး ပြည့်ငှက်ရေး စေ၊ ခင်တုရင်အ မွမ်း ပျောက်ထု၊ တုရင်လွတ်၊ ဟင်း ရန်ဖူး ၊ အမိုဝ်နီပါး ထည်မွမ်း စေ၊ တက်မ အနီ၊ လှော်တက်အဖြူ၊ လှော်လူဗေါင်း ချွန်း ပေါင်း စေ၊ ပုံတိုင် ရွှေကုံးဆစ်၊ အလံ အထွင့် ရွှေနီပါး ၊ အ(လံ) ဦး ပဲ့စိုက်စေ။ လုင်တိုင်ဦး ပဲ့ထည့်စေ၊ ပရိတ်ချည်ငါးဆင့်၊ ငွေကျိုဝ် ငွေကတော့၊ အောင်ဖြူငါးပွင့်ဆွဲစေ၊ လုင်တိုင်တွင် ဆောင်ထား မည်သရီ နက်အိပ်သွပ်၍ထား ထမ်း တို့လိုက်စေ၊ စစ်ချီစစ်တက် ဆောင်မည်မှာ စည်ဖြူငါးလုံး ၊ ပုံသာနှင့် ကျေး ခရာ၊ ကျေး နှဲ၊ နှဲကြီး ငယ် ၃၊ ခရာ ၂၊ စည်ပလုတ် ၁၊ လင်ကွင်း ၁ တီး စေ၊ ငါသနား တော်မူသည်။ ဝန်တိုဝ်က ခေါ်၍ပြန်။

20 October 1638

သက္ကရာဇ် ၁၀၀၀ ပြည့်တဆောင်မုံး လပြည့်ကျော် ၁၀ ရက် နေ့နား ခံ ပြော့ကြီး မှူး ပြန်သည့်အမိန့်တော်။

(မျိုး ကြည့် ၁၉၄၄၊ ၉ဂ-၁ရရ-ရပေ။ တက်ဗဟို ၄၅၂၃၅၊ ဂန့်ဂေါ်အုံ့ပေ)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူသော အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့်တော်ရှိသည်။ မိုး ဝန်း မြို့ရောက်အချီအသွား ခန့်တော်မူသည်၊ ဗိုလ်မှူး သီရိမမ္မာမင်း ရဲ၊ သီရိဓမ္မာမင်း ဖျား ၊ သီရိဓမ္မာမင်း စော၊ သီရိမဟာမင်း စောတို့ကိုခန့်တော်မူသည်၊ ဦး တည်ပွား ကစီရင်သော မြို့ဝ်ငှာနီး စဝ်သည်၊ သတိဂတိနှင့်ညည့်မှုနေ့မှုမြဲမြဲလုံ့ချုံ့အောင်အစွမ်း သတ္တိရှိသည့်အတိုင်း စီရင်ထမ်း ရွက်ရမည်ဖြစ်သည်၊ ခြေသည်သူရဲသူခက်ရဲမက်ဗိုလ်ပါတို့ကိုဝ်လည်း ရှေ့နောက်အုပ်စည်း မပျက်အထွက်အဝင်အယွင်း အယိုမရှိစေရ၊ ကြပ်ကြပ်တည်း တည်း မလစ်မဟင်း မယွင်း မယိုရအောင်အုပ်ကွက်စီရင်၊ စီရင်ခင်း စီရင်ဖွယ်ရောက်လျှင်အနီး အဝေး မထောက်မညှာစီရင်ရမည်၊ ရာဇဝတ်တော်သည်အလုံး အပြား မသိသာ၊ ကိုယ်ရေး ကိုယ်ရာလုံ့ချုံ့အောင်နှင့်အမှုတော်အရေး တော်သင့်အောင်စီရင်။

တပ်ပါသေနာပတိ၊ ဝန်ထောက်၊ စာရေး ကြီး ၊ ရဲမက်၊ လက်နက်ကိုင်တို့ကိုအကျိုဝ်အကြောင်း အပြစ်မှိုဝ်ကိုပြသ၍ မပြတ်ပြောဆိုဝ်တိုင်ပင်ရမည်၊ မတိုင်မပင်အလျှောက်ဆောင်ရွက်၍အမှုတော်မပြေ ရှိသျှင်လည်း ငြီတော်မျှား ဖြစ်သည်ဟု၍ ရာဇဝတ်တော်ကိုထင်ရှား အောင်မစီရင်မနေသာစီရင်ရမည်၊ ပါသည့်သူရဲသူခက်လက်နက်ကိုင်တို့မှာလည်း တပ်ကခွါ၍အဝေး အလ်အရှာအဖွေမသွား စေနှင့်၊ ထင်း မှုရေမှုပြည့်ဝလောက်ငံ့အောင်တပ်တွင်း အများ ယူဆောင်ထား စေရမည် တပ်တွင်း ထင်း ရှိသျှက်တဂ်ကခွါ၍အဝေး အလ်သွား သည့်စစ်သည်ရဲမက်တို့ကိုစစ်ကြော၍မှန်လျှင်ရာဇဝတ်တော်ကိုထင်ရှား အောင်စီရင်၊ ကင်း စေါင့်ကင်း နေအခန့်အထား မျှား မှာလည်း မလစ်ခဟင်း မယွင်း မယိုရအောင်ခန့်ထား မြဲလူတို့ကိုဂ် ခန့်ထား ရမည်၊ ရှေး ထုံး စံအစဉ်ရှိသည့်အတိုင်း ခန့်ထား ရမည်၊ ရှေး ထုံး စံအစဉ်ရှိသည်အတိုင်း လဲလှယ်သင့်သမျှတို့ကိုင် ကျေး ဇူး သစ္စာတော်ကိုဝ် ထောက်နိုင်မျှော်နိုင်မည့်သူတို့ကိုဝ်ကြပ်ကြပ်တည်း တည်း မှာထား ၍ခန့်ထား လဲဆိုဝ်စောင့်နေစေ၊ အမှုတော်အရေး တော်ကိုဝ်အကျွမ်း အကျင်မရှိသတိဂတိနည်း သူသောက်သည့်သစ္စာရေဦအကျိုဝ်အပြစ်ကိုဝ်မှမဆင်ချင် ကျေး ဇူး သစ္စာတော်ကိုမသိသည့်သူတို့ကိုမခန့်မထား နှင့်၊ တော်သင့်ရာရဲရောင်မြန်မာသည့်လူ၂၀လူ၃၀မပြတ်မလတ်စေါင့်နေစေ၊ အစေါင့်အနေခန့်သည့်လူတို့မှာတပ်ဘော်တမျက်နှာလျှင်လူ၅ယောက်

တန်သည်။ ာဝတန်သည်၊ တပ်ဟော်နှင့်ငါး ရာတွင်း ကွာတွင်လမ်း မလမ်း ဝလမ်း ပေါက်လမ်း တွေ့ရှိတိုင်း စောင့်နေစေ။ အရေး အကြောင်း ထင်မြင်လျှင် စောင့်နေ သူတို့ပ်နေရာကတ ယောက်စုတ်သံကြား တယောက်နှင့်တယောက်ကြား ယောက်တန်ရုံ အသံပေး ရမည်၊ အစောင့်အနေခန့်ထား သူတို့ပ်မှာတပ်မှူး စစ်ကဲတို့ကခန့်ထား သည့် အတိုင်း စောင့်နေသည်မစောင့်နေသည်ကိုပ်တပ်ပါစာရေး ကြီး တို့ကမြင်း တော်သည် တို့ကိုပ်သူ့ညှိစေပါး စုံစမ်း ခန့်ထား ကြည့်ရှုစေ၊ ခန့်ထား သည့်အတိုင်း တည်၍ စောင့် နေသူတို့ပ်ကိုပ်ထပ်၍မှာစာအပ်၊ မတည်သူတို့ကိုပ်ဗိုလ်မှူး စစ်ကဲတပ်မှူး စစ်ကဲတိုပ် ကိုပ်အပ်၍ ရာဇဝတ် တော်ကိုပ် နောင်မဝံ့အောင်သူရဲသူခက်တို့ကိုကြည့်ရှုစေ၍အဆုံး အရှုံး စီရင်ကွပ်ညှပ်ရမည်။

တပ်ပါမြင်း ဆင်တို့ကိုလည်း မျက် ရေဝလင်အောင် နေ့ကိုတပ်နား ပတ် လည်ကြိုပ်ကိုင်လူနှင့် ကြောင်း စေ၊ ညည့်ကိုပ်တညည့်လုံးအာတ်နိုင်သမျှတအိုး စား ကလူတ ယောက်စီခန့်၍ မျက်ရိပ် စေ၊ ရသည့်မျက်ကိုပ် ကျွေး မွေး စေ၊ တပ်မှူး စစ်ကဲတပ် စာရေး တိုပ်ကလည်း အရပ်ရပ်မြို့ပ်ရွာများ သို့ရဲမက်တို့ကိုအရောက်အပေါက်မရှိ ရအောင်မြစ်တား ရမည်၊ အလိုရှိလျှင်အလိုရှုံသမျှတို့ကိုပ် သေနာပတိဝန်ထောက်တို့ မှာအစီရင်ခံ၍စာချွန်ပေး မှစာချွန်နှင့်စော်သွား မြို့စား တပ်ပေါင်း စား တို့မှာယူစေ၊ တော်မှူး စစ်ကဲတို့လည်း တပ်ပါမြင်း ဆင်တိုပ်ကိုပ်ဆယ်ရက်တကြိမ်ကြည့်ရှု လှည့်ပတ်၍မြင်း ဆင်ပိန် လျှော့လျှင် ကျောင်း သည့်လူထိန်း သည့်လူတိုပ်ကိုပ် နောင်မ ဝံ့အောင်ဒဏ်ခံစေ၊ (လင်သည့်မြင်း ဆင်များ မှာကုံ ကျွေး ဆင်ထိမ်း တိုပ်ကိုပ်ဆု လပ်ခံစေ၊ မြင်း စီ၊ မြင်း သည်၊ ဆင်စီး ၊ ဆင်သည်၊ သူရဲ၊ သူခက်တို့မှာ အရေး အကြောင်း ရှိသမျှမြင်း တို့ကိုပ်စီး စေ၊ အရေး အကြောင်း မရှိသည်တို့ကိုပ်မစီး စေနှင့်၊ ထား လှံ သေနတ်အမြောက် လေး စွဲကိုင်သူတို့ပ်မှာလည်း မပြတ်မလပ်ပြင် ဆင်ပွတ်သတ်စေ၊ လက်နက်ကြိယာအပ်ရင်း ကအရာအချက်မရှိ၊ ကိုင်သူစွဲသူတို့လက်သို့ပ် ရောက်မှပျက်စီး ရသည့်အရာများ မှာအစီရင်ခံ၍ကြား သိရလျှင်စွဲကိုင်သည့်သူတို့ ကိုပ်ကွပ်၊ တပ်တွင်း ဘပ်ပြင်ပတ်လည်အမှိုက်စသောအဆွေး အဟောင်း အစအနမ်း ပွါး မီး ပေါက်ထိလျှင်အလုံ့ဖြစ်၍မီး တောက်မည့်အရာများ ကိုမရှိစေနှင့်၊ လှည်း ခါ သုတ်သင်ရှင်း လင်း စေ။ တပ်တွင်း ဘပ်ပြင်မီး မှုထင်း မှုကို် ထောင်မှူး အဝန်း

တို့ကိုယ်မပြတ်နှိုး ဆော်စေ။

နံနက်တချက်တီး အချိန်ကိုဝ်တဝ်ချိမည်ဖြစ်သည်၊ နံနက်လေး ချက်တီး အချိန်ကိုဝ်ချက်ပြုတ်စား သောက်ပြီး စေ၊ ည(နေ)သုံး ချက်တီး အချိန်ကိုဝ်တဝ် တော်ချမည်၊ သုံး ချက်တီး ကျော်ခြောက်မောင်း ကိုဝ်ချက်ပြုတ်စား သောက်၍ပြီး စေ၊ မောင်း သံပေး စေ၊ နှိုး ဆော်၍ မောင်း သံပေး သည့်အချိန်ကလွန်သည့်ညနေဝင်ကိုဝ်ကြက်မွေး ကြက်တောင်ဖြင့်တို့ဝ်၍စမ်း သတ်စေ၊ စွဲကဝ် လောင်လျှင်စွဲကဝ်လောင်သည့်တဝ်မျိုး တဝ်စာရေး တို့ကိုဝ်ကွာ်၊ ညည့်အခါမှာတဝ်ပါတ်လည်မီး အိုး နှင့်စေါင့်၍ကြည့်ရှု မြှော်ထောက်ရမည်၊ မီး ပေါက်မီး ပွါး တဝ်ပြင်တဝ်ဘွင်း မှာမီး နှင့်စဝ်သမျှကိုဝ်မရှိစေနှင့်၊ တဝ် တော်ချ၍အိဝ် နေသည့်ကာလဗိုလ်မျိုး တင်မျိုး နား ခံတဝ်စာရေး သေနာပတိဝန်ထောက်စာရေး ကြီး တို့ဝ်အညီအညွတ်အရေး တော်ကိုဝ်တွေး ထောက်မြှော်တင်း ၍ည လေး ချက်တီး ကသည်ညည့်နှစ်ချက်တီး တိုင်ပြောဆိုဝ်တိုင်ပင်ရမည်၊ စွဲကိုင်ရသည့်မြား လှံ သေနတ်ရထား လှည်း လေး လွှား ကာဒိုင်း စ သော ကိရိယာများ ကိုဝ်အလိုဝ် တော်ရှိလျှင်ရအောင်ကိုယ်နှင့်အနီး အပါး ထား စေ၊ ဗိုလ်တဝ်မှစ၍ပါသည့်အတဝ်တဝ် သေနာပတိဝန်ထောက်စာရေး ကြီး တို့ဝ်အိဝ်နေသမျှမှာလည်း တဝက်အိဝ်လျှင်တဝက်မအိဝ်မနေ စေါင့်နေစေ၊ နိုး နိုး ကြား ကြား သိသိမြင်မြင်အရေး တော်ကုန်ထွင် အောင်စီရင်။

သက္ကရာဇ်၁၀၀၀ပြည့်နတ်တော်လွှန်း ၇ရက်ဗိုလ်မျိုး တိုဝ်ကိုဝ် ပေး အင်ရန် အမိန့်တော်ကိုနား ခံပြောကြီး မျိုး ထုတ်၍လွှတ်ထွင်ပြန်သည့်အမိန့်တော်၊ (မျိုး ကြည့် ၁၉၄၄၊ ၉၈-၁၇၁-၇၄ပ။ တက်ဗဟို၄၅၂၃၅)

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသောအသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့်တော်ရှိသည်။ သေနာပတိမဟာသီရိဇေယသူရ၊ ဝန်ထောက်နေမျိုး သင်္ချာ၊ စာရေးကြီး တုရင် ၁၀ သော်တို့က မှတ်စါတော်မှာတပ် တော်မှတ်စာ ပေး မြဲ ပေး ရသည်၊ ညီတော်တို့ထွင်ဆိုး သွန်း ပျက် ချော်၍လျှပ် ပေါ်သည့်လူတိုဝ်ရှိလျှင်မနေစေ နှင့်၊ သေနာပတိတို့က ဝေး စွာ သောအရပ်သို့ဝ်ပို့ဝ်၊ တပ်မှူး စစ်ကဲတို့တွင်ရှိလည်း မနေစေနှင့်၊ ဝေး စွာ နှင်ထုတ်ရမည်၊ ဗိုလ်မှူး စစ်ကဲနား ခံတပ်စာရေး တိုဝ် မှ စ၍ဟပ်ပါမြင်း မှူး မင်း သား ၊ စော်ဘွား တို့မသင့်မတင့်ရှိလျှင်နှစ်ဘက်ကိုဝ် စစ်၊ ကျူး လွန်လျှင်လွန် သော သူတို့ဝ်ဝယ်၊ ကျွန်အကြီး တို့ဝ်ကိုဝ်ထင်ရှား အောင်ရာ ဇဝတ်တော်ကိုဝ်စီရင်၊ စစ်ဝတ်တံဆာရာဇဝတ်ခံရသူတိုဝ်မှာရှိသမျှကိုဝ်သိမ်း ထား ၍ နောင်ဘုန်း တော်ကြောင့်အသစ်ရောက်လာသည့်သူတိုဝ်တွင်ရဲရင့်မြန်မာသူတို့ ကိုဝ်ပေး အပ်ရမည်။ ငါ့အမှုတော်ကိုဝ်ထမ်း သည့်ညီတော်မင်း သား မြင်း မှူး စော် ဘွား မြို့ဝ်စား တို့မှ စ၍သူရဲသူခက်တွင်အပြစ်အလျောက်စီရင်သမျှတို့ကိုဝ်သင့်ဘင့်ညီ ညွတ်၍အမှုတော်ကိုဝ်ကုန်တွင်အောင်ကြိုဝ်စား အား ထုတ်၍ထမ်း ရွက်မည်အကြောင်း ကိုင်နှိုး ဆော်ရမည်။ ခန့်ထား ၍ချီသွား သည့်တပ် တော်တွင်ရာဇဝတ်မှုမှစ၍အ လုံး စုံအမှုမျိုး ပေါ်ထွက်သမျှတို့ဝ်မှာညီတော်တိုဝ်မှစ၍ စော်ဘွား ကြီး မင်း သား မြင်း မှူး စစ်ကဲစာရေး ကြီး တပ်စာရေး တို့တညီတည်း သေနာပတိတိုဝ်ကိုဝ်တိုင် ပင်၍စီရင်သင့်သမျှကိုဝ်စီရင်။ ငါ့ရွှေဘဝါး တော်အောက် လျှောက်သင့်သည်ကို လျှောက်၊ အမှုတော်ကိုဝ်ကျေး ဇူး သစ္စာတော်နှင့်အညီကြိုး စား အား ထုတ်၍ကုန်တွင်အောင် ထမ်း ။

1 November 1638

သက္ကရာဇ် ၁၀၀၀ ပြည့်နတ်တော်လဆန်း ၇ ရက်နေ့အမိန့်တော်။

( မှိုး ကြည့် ၁၉၄၄၊ ၉၈ – ၁၇၁ – ၇ ပေ။ တက်ဗဟို ၄၅၂၃၅ )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့်တော်ရှိသည်။ သီရိဓမ္မာမင်း စော သေလွန်ရာမှာ ပျည်အပုံး ရေကန်က က မွတ်နား ကိုပွတ်ချမ်း သတ်စေ၊ ရွှေပုစွန်ခွန်မွမ်း စေ၊ ကညီပါနီမွမ်း၍ ရွှေမော် ကြိ စေ၊ ပျည်ခုံ ချင်ပု ရွှေတိုင်ဒါဝိုင်း ဇိတန်တိုင် ခြောက်ချောင်း နီပါး ထည်ရစ်စေ၊ သတောင် ပြောက်ထု၊ ကုတ်ဟီး ထမင်း ပူဇော်ပွဲ၊ စန္ဒား ၊ ယမား ၊ ရွှေမြူတာ၊ ငွေမြူတာ၊ ရွှေတကောင်း ၊ ငွေတကောင်း ၊ ရွှေပချပ်၊ ငွေပချပ်၊ ရွှေဖျည်း ၊ ငွေဖျည်း ၊ နီပါထည်၊ အင်္ဂရိဝ်ကိုစည်း စေ၊ စည်နီဖြ၊ ပုံသာ၊ နှံ၊ ခရာ၊ အစုံ၊ ငှက် ချေး ခံ၊ ဝါး ဖုံး ၄ နီပါး ထည်ရစ်၊ အထွင့်ရွှေတဆောင်း ရွှေထီး စိုက်၊ သတောင် လည်း နီပါထည်ပြောက်ထု၊ မီး လေင်တိုက်တံခါး လေး ရပ်၊ သံလျှင်း ၊ သံကွန်ရက်၊ ဖိုဝ်ချင် လေး စုံ၊ ဆင်၄အင်္ဂရိဝ်လွယ်လူနှင့်လူကြမ်း ရ၊ မြမ္မာဆိုင်း အက၄၊ မွန်ဆိုင်း အက၄၊ လက်ပင့်ထီး ဖြူရွှေချက် ရွှေညောင်ရွက်၃ဆင့်နှင့်အင်္ဂရိဝ်ဆေး ရေး ရွှေသံ ခါပေါက်၁၀၀၀၊ ပေါင်း ပြန်ရှေ့ဦး နောက်ဦး ပါကျိုင်း ရွှေချက်၄၊ ပေါင်း ပြန် အနီတစု ရွှေနှစ်စု၊ ရွှေဘွဲ့တော်သီရိမဟာဓမ္မရာဇာသူသနား တော်မူသည်။ အကူ တော်ရွှေဆိုင်း ၂၅၊ ခါသာအုပ်၄၀၊ သာလုအုင်၂၀၊ ဖျင်၁၀၀၊ ပုဆိုဝ်ထည်၅၀၊ လက်ဘက်ချောင်း ၁၀၀၊ ကြေးဖြဝကူတော်မူသည်။ ဝန်ထောက်စာရေးကြီး တို့ကိုဝ် အိမ်မှ ငစီရင်စေ။ အစီအရင်ပြီး ကြောင်း ကိုဝ်ရှိခိုး သံတော်ဦး တင်ရမည်။

4 November 1638

သက္ကရာဇ်၁၀၀၀ပြည့်နတော်လွှန်း ၁၀ရက်နေ့နား ခံပြောကြီး မျှုး ထုတ်၍လွှတ်တွင်ပြန်သည့်အမိန့်တော်။

( မြီးကြည့် ၁၉၄၄၊ ဒ၇-၁၇၁-ရပေ၊ တက်ဗတို၄၅၂၃၅ )

ဘုန်း ဘော်အလွန်ကြီး မြတ်တော်မူလှ သောအသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့်တော်ရှိသည်။ ဟံသာဝတီမြို့ဝန်မင်း ရဲကျော်ထင် သလွန်ရာမှာမင်းသား နေရာနေဖြစ်သော်လည်း ရွှေဘဝါး တော်အောက်တွင်မဟုတ်၊ အဝေး မြို့ရွာ မှာကံနှင့် လျော်စွာဖြစ်လေသည်၊ အဝေး မြို့ဝန်မင်း သား တို့ဝ်သဂြိုဟ်ထုံး ကိုကြည့် သော်မုတ္တမမြို့ဝန်မင်း ရဲစည်သူကိုဝ်သင်္ဂြိုဟ်သည့်စာတန်း မှာအထူး သင်္ဂြိုဟ်တော်မ မူ၊ မြို့ဝ်သုံး ရွာစံ ရှိသည့်အတိုင်း သင်္ဂြိုဟ်စေ။ ရွှေနား တော်ကြား ရှိနိုဝ်သံ တော်ဦး ထပ်၍တင်ရာတွင်၊ အထူး မခန့်ထား သာ၊ မြို့ဝ်ထုံး ရွာစံ ရှိသည့်အတိုင်း သင်္ဂြိုဟ်စေ၊ ထပ်၍အမိန့်တော်ပြန်သည်။ ဟံသာဝတီမြို့ဝန်ကိုဝ်မြို့ဝ်ထုံး ရွာစံ ရှိသည့်အတိုင်း သင်္ဂြိုဟ် စေ။

28 December 1638

သက္ကရာဇ် ၁၀၀၀ ပြည့်တပိုဝ်တွဲလဆန်း ၅ ရက် နေ့နား ခံပြော့ကြီး မှူး ထုတ်၍လွှတ်ဖွင်ပြန်သည့်အမိန့် ဘော်။

( မျိုးကြည့် ၁၉၄၄၊ ၉၀-၁၇၁-၇ ပေ၊ တက်ဗဟို ၄၅၂၃၅ )

ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သော အသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား
26 August 1312
အခွင့် တော်ရှိသည်။ သက္ကရာဇ် ၆၇၄ ခု တော်သလင်း လပြည့် ကျော် ၁၀ ရက် နေ့ ဝဇ
ယပုရ ပထမမြို့တည်မင်း သည်သား တော်သင်္ခယာ စောယွန်း ကို ဇေယပုရဟု သော
စစ်ကိုင်း မြို့ကို ပေး သည်၊ အရှေ့မြစ်သို့ကူး ၍သပြေပင်လှုင်အချား ၊ အနောက်
တောင်မှ သော်မြစ်လယ် ကြောတဝက်၊ မြောက်ကိုင်း ကြီး ခက်ခတည်း ၊ သား တော်
စစ်ကိုင်း မင်း ကရစေပိုင်စေ၊ မင်း ခမ်း တော်စုံနှင့် ငွေဖေါင်၊ ငွေလှေ၊
လှော်ကား နှင့်တကွထီး ဖြူ၄စင်း ၊ ဝေါကြီး ကျိုင်း ငွေချက်၈ ၊ စီး ဆင်၆၊ ယည်သာ
၂၊ စား တော်ကွမ်း ရေကိုင်၊ ထား လိုက်၊ အဆောင်နီ၊ သွောက်ကြီး နှင့်နန်း ၁၂
ဆောင်ပေး သည်။ စာ ဟောင်း စာတန်း ရွှေတိုက်စာရင်း တော်ရှိသည်၊ ငါ့သား
တော်ပင်း တလဲစား ကိုဝ်အိမ်ရှေ့ဆောင်အပ်၊ မင်း ရဲသီဟသူ၊ မင်း ရဲကျော်ထင်
မင်း ရဲကျော် ခေါင်တို့ကိုဝ် ဝေါပလာကြိုင်း ကြီး ရွှေချက်၁စီ ၊ ကျိုင်း ငယ်ရွှေချက်
၂စီ၊ စီး ဆင်ယည်သာ ပေါင်း ဝန်း ၁စီ၊ လှော်ကား ရွှေစက်ကွင်း ဦး ၂ပဲ့၅စီး
စေ၊ ခင်တုရင် ရွှေတစုအနီ ၂စုစီ စေ၊ လက်သင်၁စီ၊ သက္ကဒါန်၁စီအပ်၊ ဓား လိုက်
စား တော်ကွမ်း ရေကိုင်အစုံ၊ စည်နီ၊ ပုံသာ နှင့်ရလုံး ၊ ကြေနီ၊ ကြေး ဝါ၊ ခရာ၊
နှဲအစုံ ပေး အပ်ရမည်။ သား တော်တို့အကြီး ကိုဝ် ခေါ်၍ ဝန်တို့ကပြန်ဆိုရမည်။
28 December 1638
သက္ကရာဇ် ၁၀၀၀ ပြည့်တပို့တွဲလဆန်း ၅ ရက် နေ့နား ခံ တော် ပြော့
ကြီး မှူး ထုတ်၍ သွတ်တွင်ပြန်သည့်အမိန့် တော်။
( မြိုး ကြည့် ၁၉၄၄၊ ၉၈ – ၂၇၁ – ၇ပေ၊ တက်ဗဟို ၄၅၂၃၅၊ ဂန့်ဂေါ်အံ့ ပေ )

ဘုန်း တော်အသွန်ကြီး မြဘ် တော်မူလှ သောအသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့်တော်ရှိသည်။ ရှေး ဓကရာဇ်မင်း မြတ်တို့သည်သိမ်ကျောင်း စေတီပုထိုး များ ကိုဝ်ဝတ္တကံ မြေလှူတော်မူရာတွင် ကျောက်တိုင် နယ်နိမိတ်မှတ်စိုက်သည့်အရာများ သည် အသန့်အရှင်း သိသာသည့်အရာ၊ ဒွငရဖြစ် သောသဃီကဝတ် မြေမှတ် ကျောက်တိုင်ကိုဝ် ကေတုမတီမြို့ဝန်တို့က ရှိခိုဝ်သံ တော်ဦး တင်ချက်စာနှင့် ကျောက် မော်ကင်း စောင့် နှုတ်ပျက် ကြောင်း ကိုပါသည်။ ကျောက် မော်ကင်း စောင့်ငတလွတ်ငယ်ကိုထင်ရှား အောင်စီရင်။ သက်ရှိသက်မဲ့သိမ်း ၍ တိုက် တော်သို့သွင်း ။ ငတလွတ်ငယ်နှင့်အဘော် အဘက်တို့ကိုစစ်၍ စီရင်။ ဝန်တို့ကစာသင့် အောင်မှာ။

12 January 1639

သက္ကရာဇ်၁၀၀၀ပြည့်တပိုတွဲလပြည့်ကျော်၅ရက် နေ့နား ခံစ မြောင် မှူး ထုတ်၍ လွှတ်တွင်ပြန်သည့်အမိန့်တော်။

( မျိုးကြည့် ၁၉၄၄။ ၉ဂ – ငရ၁ – ရ၆ပ။ တက်ဗဟို၄၅၂၃၅ )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှ သောအသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား ?1318
အမိန့်တော်ရှိသည်။ ဇေယပူရမြို့၌၊ အနုရုဒ္ဓါမဟာဓိပတိခံ သောအသင်္ခယာစော
ယွန်း သည် မြောက်ဘက်တမါခါး မြင်း ၁၅၀၊ ပြင်စည်မြင်း ၁၅၀၊ ယူတော်မူမြင်း
၁၅၀၊ လက်ရွေး ကြီး မြင်း ၁၅၀၊ လက်ရွေး ငယ်မြင်း ၇၀၊ မြင်း သည်ကြီး မြင်း
၃၀၊ ခက်လုံး မြင်း ၃၀၊ စေါပွတ်အိုး မြင်း ၃၀၊ ကြောင်သင်း မြင်း ၅၀၊ မြင်း 1318
ပေါင်း ၈၁၀ကိုင် (မြင်း ကိုး သင်း သက္ကရာဇ် ၆၈၀တွင်) ဘွဲ့သည်။ သက္ကရာဇ် 18 January 1323
၆၈၄ ခုတပို့တွဲလဆန်း ၁၂ ရက်နေ့မဟာဥဇ္ဇနရာဇာဓိပတိမင်း တရား ဘွဲ့သည့်
ပန်း ယမြင်း ၃၀၀၊ သင်ကြီး မြင်း ၃၀၀၊ ညောင်ရမ်း မြင်း ၃၀၀၊ တရုပ်မြို့
ပါမြင်း ၅၀၊ ပုဂံမြင်း ၁၀၀၊ ဇင်း မယ်မြင်း ၁၀၀၊ ကျွန်တော် ဟောင်း မြင်း
၁၀၀၊ အိမ်ရှေ့တော်ပုခန်း မြင်း ၁၀၀၊ ဒဝယ်မြင်း ၁၀၀၊ လင်ဇင်း မြင်း
၁၀၀၊ လုံပေါ်မြင်း ၁၀၀ (မြင်း ပေါင်း ၁၆၅၃ကိုင်) ဘွဲ့သည်။ ရွှေကာ ၃၀၀၊
ရွှေလေး ၃၀၀၊ ကျောက်ဆောက်မြင်း ၄၄စီး ၊ လံဘူမြင်း ၃၀၊ သင်တောင်မြင်း
၁၀၀၊ ရက်ခန်ကန်စောင်း မြင်း ၃၀၊ ရှေ့မြင်း ၁၀၀၊ နောက်မြင်း ၁၀၀၊
လက်ဝဲမြင်း ၁၀၀၊ လက်ယာ မြင်း ၁၀၀။ အမြောက်စု ၁၅၀၊ သွောက်စုမှာ
ရွှေမြို့တော်သွောက်၊ မြေနန်း သွောက်၊ တန်တား ဦး သွောက်၊ ဘယင်ချီသွောက်၊
သူငယ်တော်သွောက်၊ အိမ်သား တော်သွောက်၊ နောက်ဝန်း ကျင်သွောက်၊ အစု
စုသွောက် (စုခုနှစ်စု) တွင်တစုကိုင်လူဦး ရေ ၁၀၀ စီဘွဲ့။ လှေသင်း တော်များ
မှာလည်း လှော်ကား ၁စင်း လျှင်လူဦး ရေ ၁၀၀၊ ထောင်ကဲအဝန်း လှေမျှနှင့်၊
ဝဲလှေကဘျှတစင်း လျှင်လူ ၁၀၀၊ စစ်ကွပ်ပဲ့နင်း ဦး ထိုင်နှင့်ဘွဲ့၊ ရွှေနန်း ရိုင်
သွောက်ဦး ရေလူ ၁၀၀၀၊ အိမ်ရှေ့တော်ပါသွောက်စုဦး ရေလူ ၇၃၆၊ ၄င်း
မြင်း ၄စီး ၊ အရပ်ရပ်မြို့ရွာတိုက်ဝင်ကျေး သီး မြို့ရွာများ မှာစချီ၊ စမြင်၊
ကလံ၊ သံပြင်၊ မြေတိုင်း ၊ မြေထိမ်း တို့ကိုင်အရပ်ရပ်ကပါသည့်အသည် ၃၀၀ စီအပ်ရ
မည်။ ရွှေပြည်စိုး ဇေတရစ်မှာအဝအသည်ရင်း ၅၀ ရှိသည်။ ရှမ်း ပြည်ပါလူတို့ကိုင်
၅၀ ဖြည့်၍အသည် ၁၀၀ ပြည့်စေ။ ဘွဲ့။ အသည်တယောက်လျှင် ၁၂ လထွင်တလကို ကြေး
စင် ၂၅ ဝိထမ်း စေ။ အသည်စာရေး တို့က တောင်း ဝတ်၅ ဝိ ပေး စေ။ ဆင်တိုင်
မှာတလလျှင် ကြေး စင် ၃ါ၊ တောင်း ဝတ်၅ ဝိ ပေး စေ။ မြင်း တိုင်မှာမြို့ထမ်း

အသည်တို့ဝ်နည်း ထမ်း စေ။ ဘဏ္ဍာ တော်များ မှာ ရွှေတိုက် တော်ရှိဘဏ္ဍာကိုဝ်လွှတ် ကအရေး အမှတ်ခန့်ထား ၍ နှိုဝ် ဆော် စေ။ အနောက်ဝန်တို့စီရင်နက်၊ နနွင်း တော်ဘိုဝ်၊ ကျေး ရွာများ ကနနွင်း တော်မှုံ့နနွင်း တက်သွင်း စေ။ တွင်း သင်း တိုက်၊ လှော်ကား ၃၀၀၀တိုက်၊ တိုက် ၂တိုက်ကတ နေ့လျှင်ညဉ့်နံနက်ဟင်း မျိုဝ်၊ ဟင်း ရွက်၊ သစ်သီး ၊ ငါး ၊ ငါး ပိ၊ ငါး သိုင်း ကြမ်း ၊ ကြက်သွန်၊ ငရုဝ်၊ ချင်း ၊ ဆီများ ကိုဝ်တနန်း လုံး သုံး ဆောင် လောက် အောင်သွင်း စေ။ စား တော်ဆံမှာစား တော်ဆံ ဖွတ်တိုဝ်ကသွင်း စေ။ ရှင်မိဘုရား မင်း ကိုယ်လုဝ်၊ အပျိုဝ် တော်တိုဝ်မှာ မြို့ဝ်ရွာကသွင်း စေ။ လက်ပါး စေ၊ အလဝ် စေ၊ အကြမ်း စေတို့ဝ်ရိက္ခာဆံများ မှာ ကျိုဝန်က ပေး စေ။ အသုံး တော်တိုက်ကဆီ၊ ဆား ၊ ငါး ပိတို့ကိုဝ် ပေး စေ။ ပြဿဒ် တော်မှာမီး ပွင့်ကိုဝ်ဝင်း ၄ရပ် ရွှေမါး သတ္တဒါန်စုကထွန်း ညှိ စေ။ ဖယောင်း တိုင်မှာတ ဆောင်လျှင်၁၂တိုင် ၁၀တိုင်၈တိုင်၆တိုင်တန်သည်ကိုဝ် ထောက်၍ပန်း တည်း တို့ကသွင်း စေ။ ဝန်တို့စီရင်။

(12 January) 1639

သက္ကရာဇ်၁၀၀၀ပြည့်(တပို့တွဲလပြည့်ကျော်၅ရက်နေ့) နား ခံပြော့ ကြီး မှူး လွှတ်တွင်ပြန်သည့်အမိန့်တော်။

(မျိုး ကြည့် ၁၉၄၄။ ၉၈-၁၇၁-၇ပေ။ တက်ဗဟို၄၅၂၃၅။ ဂန့်ဂေါ်အံ့ပေ)

28 March 1639

ဘုန်းတော်အလွန်ကြီး မြတ်တော်မူလှသော အသျှင်ဘဝရှင်မင်းတရားကြီး ဘုရား အမိန့်တော်ရှိသည်။ တောင်ငူ၊ မုတ္တမ၊ စစ်တောင်း၊ ပဲကူး၊ ပုသိမ်၊ ဒလ၊ တရိဂူမှ၊ သရေခေတ္တရာ၊ မြင်စိုင်း၊ ပန်းရ၊ စစ်ကိုင်း၊ ပုဂံထီးဆောင်းနန်း နေတို့ဝ်အနွယ်အမျိုဝ်အရိုဝ်တိမ်မြုဝ်သည့်မင်းသား မင်းနွယ်တို့ကိုဝ်ရှင်ဖွေးတို့ သွောက်၊ ရှင်ကျိုင်းတို့သွောက်၊ နန္ဒသီရိသွောက်၊ နန္ဒစည်သူသွောက်၊ ဇေယသင်ယာသွောက်၊ ဇေယဥတ္တမသွောက်၊ ဗညားဒလသွောက် မှာထမ်းရွက်စေ။ ဆွေတော်ဟောင်း မျိုဝ်တော်ဟောင်းတို့ကိုမင်းနွယ်မဆိုဝ်သာ။ သွောက်ဖွဲ့ တော်မူသည်။ ထမ်းရွက်မြဲမဆိုသာ။ သွောက်စာရင်းနှင့်ထမ်းရွက်စေ။

28 March 1639

သက္ကရာဇ် ၁၀၀၁ ခုကဆုံလဆန်း ၇ ရက်နေ့နား ခံစမြောင်မျှားထုတ်၍လွှတ်တွင်ပြန်သည့်အမိန့်တော်။

( မြိုး ကြည့် ၁၉၄၄။ ၉ဂ – ၁၇၁ – ၇၆။ တက်ဗဟို ၄၅၂၃၅ )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့်တော်ရှိသည်။ ပုဏ္ဏား ပညာရှိအမတ်ပညာရှိအင်း တော်ရေး မန္တန်သမား တိုဝ်အနောက်ကဝင်ထွက်၍ မန္တန်စုနှင့် ရှေ့မြေနန်း တော်တွင်သာ လျှောက်ထား ရန်ရှိသမျှကိုဝ်ထွက် ချက်တိုင်ပင်၍ တသံတည်း ပြင်၍ တညီတည်း လျောက်စေ။

သက္ကရာဇ် ၁၀၀၁ ခု တေရသမိမ္ဗာသ်သင့်သည်။ ကဆုံလရက်စုံ၊ နယုံလ ရက်မစုံ၊ ပထမဝါဆိုဝ်လရက်စုံ၊ ဒုတိယဝါဆိုလရက်စုံ လျောက်သည့်အရာမှာ ကေတုမ တီမြို့ဝ်ဆရာတော်လင်္ကာရမဇဂုရု၊ သီရိရာဇဂုရုဆရာတော်တို့ လျောက်သင့်သည်၊ ဝန်ထောက်စာရေးကြီး တို့ဝ်အတွင်း ဝန်သံဆင့်သံခံနား ခံမှတ်သား၍ လျှောက်စေ။

15 April 1639

သက္ကရာဇ် ၁၀၀၁ ခုကဆုံလပြည့်ကျော် ၁၀ ရက် နေ့အမိန့်တော်။

( မျိုးကြည့် ၁၉၄၄။ ၉၈ – ၁၇၁ – ၇၆ပ။ တက်ဗဟို ၄၅၂၃၅ )

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသောအသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့်တော်ရှိသည်။ ရွှေမြို့တော်အတွင်း ပြင်နေရသည့်၅သွယ်နေစသောအမည်ရ အမျိုး အကြီး ၊ စာရေး ၊ စာချီတို့သည်၊ ဓမ္မသတ်၊ ရာဇသတ်၊ ရာဇပုံ၊ ရာဇထုံး တို့ကိုတတ်သိလိမ္မာ၍ကျွမ်း ကြင်သသူလည်း ရှိသည်။ မလိမ္မာ၊ မတတ်သသူလည်း ရှိသည်။ ကြည့်မှတ်၍အဖုအဆစ်ကိုမသိ၊ စကား လာစကား သွား ထွင်သာရိတ်၍တရား စကား မရှိသည်ကိုဆင်ခြေအချုပ်အနှုပ်အငင်ကိုမထောက်၊ စိတ်ကြိုက်အမှုသည်တဘက်သို့ တံစိုး ကျေး ငွေကိုငဲ့၍အထက်ချုပ်တိုင်း မတည်ရ၊ အခြား နိုင်အံ့သောသူကိုရှုံး အောင် စိတ်စေတနာမကောင်း ခိုး ကြောင်လိုသောသဘောနှင့်ချုပ်နှုတ်၍ ရေငုတ်၊ ခဲတိုး ၊ ဆံဝါး ၊ နှုပ်ထွက်တရား သေလေး ပါး သို့ရောက် အောင်ကြိုစည်ပြုလုပ်၍ ကောက်ချက်နှင့်စီရင်သည်များ မှာတိုင်း ရေး ပြည်ရေး နှိုက်ထိုပြည်ထိုမြို့ဝ်ထိုအရပ်ထိုဒေသကို့သည် ရွှေ့ဘဲခြား၍ မိုး မရွာ၊ ကမ္ဘာစကား ရှိသည်များ ကိုကူး သန်း၍ မစီရင် စေနှင့်၊ မျိုး မတ်တို့မှာခုံသမတ်စာရေး စေပါး သသူတို့ကိုအကျိုး အကြောင်း ကိုပြသ၍နိုင်နင်း အောင်မြစ်တား ရမည်။

တရား စကား မှုတို့ကိုဓမ္မသတ်ဖြတ်ထုံး အလုံး စုံမျိုး တို့ကိုတော်တည့်မှန်ကန်အောင်စီရင်စေ၊ ရာဇဝတ်စကား များ မှာလက်မထောက်မျိုး တို့ကစီရင်စေ။ စား သည်မြို့ရွာတွင်ရာဇဝတ်စကား ထွက်လျှင်မြို့စား ရွာစား တို့ကစီရင်။ မပြီး ပြတ်လျှင်လွှတ်သို့တင်။ အရပ်ရပ်မြို့ရွာ ရွှေဘဝါး တော်အောက်တွင်စီရင်၍ပြီး ပြတ်သည်တရား စကား များ မှာ လျှော်ပစ် လျှော်ဒဏ်ကိုထောက်၍ကွမ်း ဘိုး တက်၊ လက်ဆောင်တော်မှာတဝက်အရာတော်သွင်း စေ။ ကွမ်း ဘိုး မှာလည်း တဝက်အရာတော်သွင်း စေ။

အရပ်ရပ်ကင်း ကတို့ဆိပ်တည်ပွဲအကောက်အစား များ မှာရသည်တွင် ဆယ်ခိုင်တခိုင်ကောံပြတ်သူတို့ကိုယူစေ။ ကျန်သမျှကိုအရာတော်ဖြစ်စေ။ လှေဦး ဆိုက်လှည်း ဦး ဆိုက်နွား ဝန်တင်များ မှာရောက်လျှင်လက်ဆောင်ကိုကောက်ပြတ်သူတို့ယူစေ။ ကြေး ငွေမခံမတောင်း စေနှင့်။

ကြေး ငွေတောင်း ခံရမည်မှာလှောလျှင်ကြီး ငယ်ကိုထောက်၍ ၁ဝိ၊ ၅၊ ၂၂ံ၊ ဒဝံ၊ ၁ံ၊ ၂ံတက်သက်ကောက်ခံစေ။ လှည်း ဦး မှာတစီး လျှင်ငွေဒံ၊

နွား ဝန်တင်မှာ တတင်လျှင် ၃ူ ကောက်စေ။ ကင်း မှာ လှေ ဘောင် လှေဝတိုင်း တာ၍ လှေဝတ တောင်လျှင် ကြေး ၅ ဝိ ကောက်ခံစေ။ ကင်း တို့မှာ လက်ဆောင်တင်စေ။

အရပ်ရပ်မြို့ရွာ တိုက်ဝင် ကျေး ရွာ အသည်တို့ကို အသုံး တော်ကို ခံစေ။ အရွပ်အကွပ်သား တို့ကို မခန့်ထား စေနှင့်။ အရပ်အကွက်သား တို့မှာ ငါဒေသစာရီ လှည့်တော်မူသည့် အခိုက်ကြုံမှ မြို့တံခါး ၉ ရပ်ပြကြီး ပြငယ်များ တွင်သူငယ်ချင်း တစု တန်သည် နှစ်စု တန်သည် ပေါင်း ရှက်၍ လက်နက်ကရိယာနှင့် ညဉ့်နေ့ စွဲကိုင်၍ စောင့်နေစေ။ မသာမှု၊ သာမှု၊ ဆွမ်း ကြွေး ၊ ပရိတ်နာ မခန့်မထား နှင့်၊ သူရဲ ငါး စုဝန်၊ ယွန်း စု ကောင်း ဟန်ဝန်တိုက်လူတို့ကိုလည်း ခန့်ထား ရမည်။

အရပ်အကွက်တွင်ခိုး သေး မီး ပွါး မှုများ မှာ လက်မထောက်မှုး တို့က စစ်ကြောမြဲ စစ်ကြောစေ။ ညောင်ရေ လှေ လှော်ဘုန်း ကြီး ပြဿဘင်များ မှာ အရပ်အကွက်သား တို့ကို မခန့်မထား နှင့်။ ဝန်စုသား မြို့ရွာသား ကျေး သား တို့က ဆိုင်ရာကံ ကျွေး ခန့်ရမည်။ ကူး သန်း ၍ မခန့်မထား သာ၊ လွှတ်ကစာချွန်နှင့် ပေး အပ်မှ စာချွန်အရကို ထောက်၍ ခေါ် စေရမည်။ ဝန်တို့က စီရင်။

25 April 1639

သက္ကရာဇ် ၁၀၀၁ ခုနယုံလဆန်း ၅ ရက်နေ့ နား ခံစ မြောင်မှုး ထုတ်၍ လွှတ်တွင်ပြန်သည့်အမိန့်တော်။

( မျိုး ကြည့် ၁၉၄၄။ ၉ဂ–၁ရ၁–ရပေ။ တက်ဗဟို ၄၅၂၃၅။ ဂန့် ဂေါ်အံ့ပေ )

11 September 1639

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသော အသျှင်ဘဝရှင်မင်း တရားကြီး ဘုရား
အမိန့်တော်ရှိသည်။ တောင်ငူ၊ တောင်မဲတလံကရင်နွယ်လူစု ၁၀၀ တိုင်ကိုင်ပုဂံပြည်
ကိုင်အစိုင်ရသော နရပတိစည်သူအညာတပြင်သိုင်ချိရာတွင် ညောင်ရွှေမြို့မဂ်လာ
9 September 1173
နန်း တွင်သက္ကရာဇ် ၅၃၅ ခုသတင်း ကျွတ်လဆန်း ၂ ရက်နေ့တွင် ငွေခွံ တော်ဆက်စေ
သွဲ့တော်မူသည်။ ငွေခွန်တော်စုသား တိုင်ပျည်ပျား ပြင်နား နေတိုင်ကလည်း ဆက်
6 September 1174
စေ။ ပန်း ရည်ကရင်တိုင်က ရွှေခွန်တော်ဆက်စေ။ သက္ကရာဇ် ၅၃၆ ခုသတင်း လ
ဆန်း ၁၀ ရက်နေ့လူ ၁၀၀ တိုင်ကိုင်ထပ်၍ ရွှေနွန် ငွေခွန် တော်ဆက်ခန့်တော်မူသည်
အတိုင်း စာရင်း ကျအင်း ကျသား တော်အိမ်ရှေ့ရုံပင်း တလဲမင်း သား ဝန်စာ
ရေး တိုင်ကိုင် ခေါ်၍ ဝန်တိုင်ကအပ်ရမည်၊ အိမ်ရှေ့မင်း မှာပေး ချိန်စေ။
11 September 1639
သက္ကရာဇ် ၁၀၀၁ ခု တော်သလင်း လပြည့်ကျော် ၁၀ ရက်နေ့ပြန်သည့်
အမိန့်တော်။

( မှီး ကြည့် ၁၉၄၄။ ၉၀ – ၁၇၁ – ၇ပေ။ တက်ဗဟို ၄၅၂၃၅ )

နန်း ဂိုး ငွေခွန်တော်သည်တိုဝ်နှင့်ရေစာတော်၊ နေရောင်ပြသူနှင့်နန်း ဂိုဝ် အခွန်သည်တိုဝ်သင့်နေလျှင်နန်း ဂိုဝ်အခွန်တော်သည် သေ၍အမွေဆိုဝ်ကြ သေဝ်လင်
14 July 1640
သေမယား စား အချင်း များ ကြရာတွင်သက္ကရာဇ်၁၀၀၂ ခုဝါခေါင်လဆန်း ၇ ရက်၅ နေ့သက်တော်ရမြတ်စွာဘုရား ရှေ့တော်တွင်သစ်ညိုသူကြီး အသက်ဂ ဝသူကိုသ စွာတော်ကျမ်း တိုက်၍နန်း ဂိုဝ် ငွေခွန်တော်သည်တိုဝ်ထုံး မေး သေဝ် သွောက်စု တိုဝ်နှင့်ဖြစ်စေ၊ မြင်း တော်သည်ဆင်တော်သည်နှင့်ဖြစ်စေသင့်နေကြ၍လင်သေ သေဝ်မယား သေသေဝ်အမွေစား တိုဝ်အချင်း များ ၍ ဂှိကြလျှင်နန်း ဂိုး ခွန်တော် သည် ယောကျ်ား ဖြစ်စေ၊ မိမ္မဖြစ်စေနန်း ဂိုဝ် ငွေခွန်တော်သည်ကပါရင်း ဥစ္စာ ကိုဝ်အခြား ထား ပြီး မှမိမ္မကပါရင်း ဥစ္စာကိုလည်း အခြား ထား ပြီး မှနန်း ဂိုဝ် ခွန်သည် သေလျှင်သား မြေး အရာဆက်၍ထမ်း သူမဂှိလျှင်ညီဖြစ်စေအစ်ကိုဖြစ်စေ၊ ခွန်တော်သည်လင် သေ၍လင်အရာကိုစိုက်၍ထမ်း သူနှင့်မယား အမွေဆိုကြ သေဝ်မ ယား ကပါသည့်ဥစ္စာကိုခြား ၍ထား ပြီး မှလင်ကပါရင်း ဥစ္စာကိုလည်း ခွန်တော် ကိုစိုက်ထမ်း သသူရသည်။ ၂ ပါး စုံပြု၍ဖြစ်ပွါး သည့်ဥစ္စာကိုမူကား အရာတော်စိုက် ထား သသူနှင့်မယား နှင့်တယောက်တဝက် ဝေစေ၍ယူကြရသည်။ ထမ်း ရာလယ်ကို လည်း ထမ်း သူတဝက်ယူကြသည်ကိုအထက်စီရင်သည်ကိုလည်း ကြား ဘူး ၏။ ကျွန်ုပ်တို့လည်း စီရင်တော့သည်။

တောင်သူ ရွာသူကြီး အသက်ဂ ဝသူနှင့်ငှင်း ညောင်ဝန်း သူကြီး အသက် ရ၃ နှစ်သူငှင်း တမာခါး သူကြီး အသက်၅၅ နှစ်သူ၊ ငှင်း ရေမျက်သူကြီး ၊ ငှင်း င သရောက်သူကြီး တိုဝ်နှင့်တကွ ၅ ယောက်သား ကိုဝ်သစွာတော်ကျမ်း တိုက်၍ မေး သေဝ်သစ်ညိုသူကြီး ထွက်ဆိုဝ်သည့်အတိုင်း ထွက်ဆိုဝ်သည်။

သစ်ညိုသူကြီး နှင့်ရွာသာယာစား မကျွန်ငချစ်လှ၊ ငှင်း လင်နှင့်မယား ကိုဝ်အခွန်တော်ထမ်း သွင်း ခဲ့၍ ရွာသာယာစား အမွေကိုဝ် တွေ့ကြရာတွင်နန်း ဂိုဝ်ခွန်တော်သည်ထုံး ၊ အမွေ ဝေဂိုဝ်ကိုစစ်မေး သေဝ်၊ သစ်ညိုသူကြီး ကသက်သေ ညွန်း သသူ တောင်ရွာသူကြီး င ဆွေမောင်ကိုသစ္စာတော်ကျမ်း တိုက်၍စစ် သေဝ် ထွက်ဆိုသည်၊ ငသရောက်နန်း ဂိုဝ်ခွန်တော်သည်အမွေ ဝေဂိုဝ်ထုံး အစဉ်သည်၊ အမိအဘတွင်သား ယောကျ်ား မဂှိ၍သား မိမ္မသာဂှိလျှင်လည်း အခွန်တော်ငွေ

ကိုဝ်မိမ္မထမ်း ရွက်ရတော့သည်။ စည်း စိမ်ဥစ္စာရှိလျှင်လည်း အခွန်တော်ကိုဝ်ထမ်း သသူသာသိမ်း ယူရသည်။ တပါး တခြား အမွေမခံရချေ။ စည်း စိမ်ဥစ္စာမရှိလျှင်မိ သက်ဘသက်ထမ်း ကြရတော့သည်။ သား ချင်း ရှိလျှက်ကျွန်ကိုထမ်း ရခန့်ရအရိုဝ်မရှိ ချေ။

ပြည်ကတော်ကိုဝ်သစ္စာကျမ်း တိုက်၍ မေး သော်ထွက်ဆိုဝ်သည်။ ငသရောက် နန်း ရိုဝ်ငွေခွန်တော်အစည်သည်အဘတိုင်ကိုဝ်လည်း သား ထမ်း ရတော့သည်။ အမိ တိုင်ကိုဝ်လည်း သမီး ထမ်း ရတော့သည်။ သား ယောကျ်ား မရှိလျှင်သား မိမ္မအမိ တိုင်အဘတိုင်ကိုဝ်ထမ်း ရတော့သည်။ သား မိမ္မမရှိလျှင်သား ယောကျ်ား သည်အမိ တိုင်အဘတိုင်ကိုဝ်ပင်ထမ်း ရတော့သည်။ စည်း စိမ်ဥစ္စာကိုဝ်လည်း အရာစိုက်ထိုက် သသူယူ၍ စိုက်ထမ်း ရတော့သည်။ စည်း စိမ်ဥစ္စာမရှိလျှင်လည်း အခွန်တော်ငွေကို မလွှဲသာချေ။ ထမ်း ရတော့သည်။ မောင်တွင်သား မြေး မရှိသော်လည်း နှမ ဆက်၍ထမ်း ရတော့သည်။ နှမသား မြေး မရှိလျှင် မောင်ဆက်၍ထမ်း ရတော့သည်။ တပါး အဆွေအမျိုး သည်လည်း ဘိုး ဆက်ဘွား ဆက်အခွန်တော်ငွေဆက်လျှင်လည်း ညှိ၍ခံ ရတော့သည်။ ကျေး ကျွန်ကိုကား အရှင်အဆွေအမျိုဝ်သား ချင်း မြေး ဆော် အခွန် တော်ထမ်း သူတိုဝ်စိတ်တူကြလျှင်ကျွန်ပင်ဖြစ်သော်လည်း အခွန်တော်ကိုထမ်း ရ၏။ စိတ်မတူလျှင်မထမ်း ရချေ။

ရေမျက်သူကြီး ကိုဝ် မေး စစ် သော်ထွက်ဆိုဝ်သည်။ ငသရောက်အရိုဝ်အ စဉ်သည်အဘတိုင်အမိတိုင်ရှိလျှင်အဘတိုင်ကိုသား ထမ်း ရသည်။ အမိတိုင်ကိုသမီး ထမ်း ရတော့သည်။ အဘလွန်ခဲ့လျှင်လည်း တဝမ်း ပေါက်သူနှမသည်စည်း စိဥစ္စာရှိလျှင် လည်း အမွေခံရတော့သည်။ နှမလွန်၍သား ဆက် မြေး ဆက်မရှိလျှင်လည်း မောင် သည်နှမစည်း စိမ်ဥစ္စာရှိသမျှကိုဝ်ခံရတော့သည်။ သား ချင်း မြေး ဘော်ရှိလျှက် ကိုကိုယ်စား ထမ်း ဟူ၍တပါး တခြား ကိုမခံရချေ။

ငချစ်ပွကသက် သေညွှန်သသူရှင်မိမျိုဝ် လျှောက်ကိုဝ်သစ္စာတော်ကျမ်း တိုက် ၍ မေး သော်ထွက်ဆိုဝ်သည်။ ငသရောက်အရိုဝ်အစဉ်သည်အဘတိုင်ကိုလည်း သား ထမ်း ရတော့သည်။ အမိတိုင်ကိုလည်း သမီး ထမ်း ရတော့သည်။ မောင်သေ၍သား မြေး ဆက်ခံမည့်သူမရှိလျှင်လည်း နှမထမ်း ရတော့သည်။ နှမသေ၍သား မြေး အဆက်မ

8 September 1640

ရှိလျှင်ကျွန်ကိုဝ်အရှင့်ကိုယ်စား ဟူ၍အခွန်တော်ကိုဝ်ထမ်း ရသည်ကိုဝ်ကျွနုပ်တိုဝ်မကြား စဘူး ချေ။ အရှင်သား ချင်း မြေး ဘော်အမွေခံမည့်သူစိတ်တူလျှင်ထမ်း ရ၏။ စိတ်မတူလျှင်မထမ်း ရချေ။

ပဉ္စင်း မိနှောင်း ကိုဝ်သစ္စာတော်ကျမ်း တိုက်၍မေး စစ် သော်ထွက်ဆိုဝ်သည်။ ငသရောက်နန်း ဂိုဝ်အစဉ်သား မြေး ဆက်၍ထမ်း ရွက်ရ တော့သည်။ သား မြေး မရှိလျှင်စည်း စိမ်ဥစ္စာကိုဝ်သိမ်း ယူသသူထမ်း ရ တော့သည်။ ကျွန်အရှင့်ကိုယ်စား ထမ်း ရသည်ကိုကျွနုပ်တိုဝ်မကြား ။ ကျွနုပ်တိုဝ်ကိုဝ်လည်း ကျွန်နှင့်ဘက်ရဘူး သည်မရှိ။

၄င်း မယီး သူကြီး မကိုဝ်သစ္စာတော်ကျမ်း တိုက်၍မေး သော်ထွက်ဆိုဝ်သည်။ ငသရောက်နန်း ဂိုဝ်အစဉ်သည်သား မြေး ဆက်၍ထမ်း ရ တော့သည်။ သား မြေး မရှိလျှင်ဥစ္စာစည်း စိမ်ကိုဝ်သိမ်း ယူသသူထမ်း ရ တော့သည်။ ကျွန်ကိုဝ်အရှင်ကိုယ်စား ထမ်း ရသည်ကိုဝ်ကျနုပ်တိုဝ်မကြား ။ ကျွနုပ်တိုဝ်ကိုလည်း ဘက်ထမ်း ရဘူး သည်မရှိ။

၄င်း မထီး သူကြီး မကိုသစ္စာတော်ကျမ်း တိုက်၍မေး သော်ထွက်ဆိုဝ်သည်။ ငသရောက်နန်း ဂိုဝ်အစဉ်သည်အဘတိုင်ဖြစ်လျှင်လည်း အဘသား လည်း အဘတိုင်ကိုဝ်ထမ်း နေသည်။ အဘစည်း စိမ်ဥစ္စာကိုဝ်လည်းအဘသား တဝက်အမိသမီး တဝက်အမွေကိုစား ရ၍ ငွေတိုင်ကိုလည်း ယူရ၏။ မောင်သေ၍ညီသား မရှိလျှင်နှမထမ်း ရသည်။ နှမထွင်သား မြေး မရှိလျှင်လည်း မောင်ထမ်း ရသည်။ သည်မူကား နှမကြီး မြေး ဖြစ်သသူသည်အခွန်တော်ကိုထမ်း ရ တော့သည်။ ကျွနုပ်တိုဝ်ကျွန်နှင့်အရာထမ်း ဟူ၍ကျွနုပ်တိုဝ်မတောင်း မခံ။ မြေး ဖြစ်သသူအဝေး အလံ့ရှိစဉ်ကျွနုပ် တောင်း နှင့်၍ မြေး မြစ် ရောက်ပြီး လျှင်လည်း မြေး ကိုကျွနုပ်ခံ၍အခွန်တော်ကိုဝ်သွင်း တော့သည်ကိုဝ်ထိုမိမ္မ မြေး တစုခွန်ငါး ယောက်အနက်သား သေလျှင်မိမ္မလေး ယောက်ခေါင်း ထွင်သာတင် တော့သည်။ ယောက်ျာ ရှိမှမဆိုဝ်သာချေ။ သည်လေး ယောက်အနက်တယောက် သေပြန်လျှင်လည်း သုံး ယောက် ခေါင်း ထွင်တင်ပြန် တော့သည်။ ယောက်ျား ရှိမှမဆိုရချေ။ ထွက်ဆိုဝ်သည်။

8 September 1640

သက္ကရာဇ် ၁၀၀၂ ခုသတင်း ကျွတ်လဆန်း ၄ ရက်စနေ နေ့ပြဲတိုက် တော်

သိုဝ်ထွက် တော်မူရာတွင်ငသ ရောက် ငွေအခွန်သည်နှင့် နေ ရောင်ပြမသား နှင့် သင့်၍အခွန် တော်သည် သေ၍၊ အမွေကိုဆိုဝ်ကြရာမှာအကြီး တိုဝ်ကိုဝ် မေး သည်။ အစဉ်ရှိသည်ကိုဝ်သံ တော်ဦး တင် သော်ဝင်း တော်သား ကိုယ်ရုံ တော်ဟူ၍လည်း ဆိုဝ်ရခြိမ့်ည် လောဝ်။ ရာဇသတ်ဓမ္မသတ်ဟူ၍လည်း ဆိုဝ်ရခြိမ့်မည် လောဝ်။ သူတို့အရိုဝ် အစဉ်ရှိသည်ကိုဝ်လိုက် ရခြိမ့်မည်ဟူ၍ဘုန်း တော်အလွန်ကြီး မြတ် တော်မူလှ သောအသျှင်ဘဝရှင်မင်း တရား ကြီး ဘုရား အမိန့် တော်ရှိ၍အစဉ်အတိုင်း ထုံး ကို မေး စစ်၍စီရင်ထုံး ကိုဝ် ရေး ကူး သည်။

( မျိုး ကြည့် ၁၉၄၄၊ ပု ၆၁၇။ ၉၈ - ၁၇၁ - ၇ေပ။ တက်ဗဟို ၄၅၂၃၅ )

29 April 1641
သက္ကရာဇ် ၁၀၀၃ ခုနယုန်လဆန်း ၁ ရက်နေ့အဝမြို့ဝ်တွင်မီး လောင်သည်။ ၁၀၀၃ ခု
တကြိမ်လောင်ပြန်ရာတွင်မြို့တွင်းတွင်သတင်းသုံး နေကုန်သောရဟန်းသင်္ဃာတို့ကို
ရုံးသို့ပင့်၍စစ်ကြောရာတွင်ပန်းယအောင်တပ်ကျောင်း မဟာရတနာကရ ဆ
ရာတော်က မေတ္တာစာဆက်သွင်းသည်အချက်တွင်၊ မဟာသမတမင်းတို့မှစ၍အပြည်
ပြည်တောင်ထီး ဆောင်းနန်းစံမြန်မာဦး စွန်းထွန်းသမ္မုမင်းကေရာဇ်တို့
လွှတ်ရဟန်းဘို့ဝ်သည်ကစား၍နေသော်လည်း မပြစ်မှား အပ်သောသူဖြစ်၍မနော
ကံမှုမရှိအော်။ ထုံးကား နရပတိစည်သူမင်းကြီးသည်ပေါင်နှင့်ရေသဘင်စံရာတွင်
ရဟန်းတယောက်ငါး မျှား၍နေသည်ကိုဝ်ရဟန်း ပင်ငါးမြှားသည်ဟုသောစိတ်
တော်ရောက်ရာတွင်မနောကံဖြစ်၍ပစ်မှားမိသောကြောင့်စီး တော်မူသော
ဘောင်တော်တန့်ရပ်သည့်အရာကိုဝ်ယခုစစ်ကိုင်းတွင်တန့်တီဘုရားတွင်သည်။ ထိုရ
ဟန်းကိုဝ်ကံတော့ပူဇော်တော်မူမှဘောင်တော်သွားမြဲသွားသည်၊ ရှေးစကား
စဉ်ရှိသည်။ မြို့တွင်းတွင်ရဟန်းသင်္ဃာတို့ကိုဝ်ရုံးသို့ဝ်ခေါ်၍စစ်သည်အချက်၊ မြို့ဝ်
တွင်းကသည်မြို့ဝ်ပြင်ပန်းယစစ်ကိုင်းသို့ကျောင်းများကိုဝ်ပြောင်းချီမည်အကြံ
တော်ရှိရာမှာကျမ်းဂန်ကိုဝ်ထောက်သော်သင်္ဃိကကျောင်း ပုဂ္ဂလိကကျောင်း စာ
သင်ကျောင်း စေတု ဒီသာကျောင်းဟူ၍ကျောင်း လေးရပ်ကိုဆောက်သူတို့ဝ်ဆရာ
အားတင်လှူသောခါရေစင်သွန်း၍ရေစက်မဟာပထဝီထက်ကျ၍နှစ်သိမ်း လေး
သောင်းသောမြေအထုတိုင်ပြို့လေသည်။ အဝီစီတိုင်ထိသည်။ လူနတ်တို့သာဓုခေါ်သည်၊
ငရဲသတ္တဝါတိုဝ်ကံသင့်သူကျွတ်၍စုန်သွားလေသည်။ ထိုကျောင်းတို့ကိုဝ်နေရာမှာမ
ပြောင်းမချီသင့်၊ ပြောင်းချီရွေ့သောသူ၏အမှုသည်အကုသိုလ်အားကြီးလေသည်
အရာတုံဝ်ကုံဝ်လာသည်။ ယ္ခုစစ်တော်မူသည့်ရဟန်းတို့တွင်မြန်မာရဟန်းများတို့
ကိုဝ်နှုတ်တော်မူရသည်။ ရှမ်း၊ ယွန်း၊ သိုး ဒယား၊ ဒဝယ်၊ တနင်္သာရီ၊ တလိုင်း၊ ကု
လား စသောလူမျိုးတိုဝ်ရဟန်းပြုသည်။ ရဟန်းသာမဏေတို့ကိုစစ်တော်မူအား ရှိ
လျှင်ကျောင်းသို့ဝ်စေ၍တိုက်သင်္ဃာအကြီး ရှေ့မေးမြန်း တော်မူ။ နှုတ်ထွက်အတိုင်း
မှတ်စေ။ လွှတ်ရုံးကခေါ်၍ရဟန်းသင်္ဃာတို့ကိုမစစ်မကြောသင့်။ တနိုင်ငံကကြွား
သော်လည်း မြန်မာနိုင်ငံ၌ရဟန်းသင်္ဃာကိုမှုမယုံရ၊ ဘုရားသခင်သာသနာကွယ်
ပြီဟုသောအယူသဘောရောက်ရာသည်။ ထိုဝ်သို့ဝ်ရောက်သမျှသည်ရေမြေရှင်သည်ပ

ကတူပပြုရသည်။ သူသည်အား နေသဖြစ်၍အကျော်အစော ကောလာဟလမသင့်ဖြစ်သည်။ ကျောင်း များ နှင့် စေတီပုထိုဝ်ရုပ်ထု ရှေး တည်ထား သမျှတို့ကိုဝ်နဂိုကယာယီမဖြစ် စေသင့်သည်ကိုဝ်အမြဲမှတ် တော်မူပါသည်ဖြစ် သော ကြောင့်ရဟန်း တို့ကိုဝ်သွတ်ရိုး က ခေါ်၍မစစ်နှင့်၊ ကျောင်း မှာသာ မေး မြန်း စေ။ ဝန်တို့ကစီရင်။
( မျိုးကြည့် ၁၉၄၄၊ တက်ဗဟို ၄၅၂၃၅ )

24 January 1642

ဘုန်း တော်အလွန်ကြီး မြတ်တော်မူလှသောအသျှင်ဘဝရှင်မင်း တရားကြီး ဘုရား အမိန့်တော် ရှိသည်။ ဒဂုဏ်စေတီတော်ကိုဝ်တိုင်း တလျှင်ဘိနပ်တော်အတောင် ၂၀၀ ရှိသည်။ ကုန်သည်ညီနောင်တိုဝ်သည်ဥက္ကလာဘမင်း တရိဂုမ္ဘမင်း တိုဝ်သည်ယခုတိုင်း တာသည့်အတိုင်း တည်ထား သည်လော။ ရာမညဒွိအစိုး ရသောမင်း တိုဝ်လက်ထက် ထဝ်၍တည်သလော်။ အထက်တည်ရင်း စေတီပမာဏသည်ဒဂုဏ်စေတီရင်း တွင်သာ မ်ကပြ သော ငစေတီ တော်လည်း ရှိသည်။ ထိုဝ် စေတီ တော်နည်း စေတီတည်ထား ၍အ မြင့်ရိထီး အဝ၅ဒိ သကြည်ဘုံခင့်မျှား ဖွင်နဝရတ်အပြည့်စီ သောထီး တော်ကိုမည် သည့်မင်း တွင်လျှုဘူး သနည်း ။ ထိုအကြောင်း များ ကိုဝ်သိသော အောင်အနန္တမဇ အနုပူဇ္ဇါဆရာ တော်တို့ကိုလွှတ်သို့ဝ်ပင့်၍ မေး လျှောက်ရမည်။ ဆရာ တော်တို့မိန့်တော် မူသည့်အရာများ ကိုမှတ်သား ၍ဝန်တို့ကသွင်း ။

24 January 1642

သက္ကရာဇ် ၁၀၀၃ ခုတပို့တွဲလဆန်း ၅က် နေ့နား ခိစ မြောင်မှူး ထုတ်၍ လွှတ်တွင်ပြန်သည့်အမိန့်တော်။

( မြိုးကြည့် ၁၉၄၄၊ ၉ဂ-၁၇၁ - ၇ပေ။ တက်ဗဟို၄၅၂၃၅ )

16 February 1642

သက္ကရာဇ် ၁၀၀၃ ခုတပို့တွဲလပြည့်ကျော် ၁၄ နေ့ ဝိနည်း မိဂ်ကျောင်း ရဝိဋ္ဌ
ဆောက်သော ကျောင်း တကာ မကိုဝ်ရုံး တော်သို့ဝ်ခေါ်၍ပြန်သည့်အမိန့်တော်။
ဘုံသုံး ခွင်နှိုက်လူနတ်ဗြဟ္မာသတ္တဝါတို့သည်ဆင်း ရဲချင်း သာ၊ ချမ်း သာသည်ဟူ၍
မဟိုသ ငွေး ကြီး ငါး ပါး စကြ္ဝဒေး မန္တတ်မင်း ၊ နတ်မင်း ကြီး ၊ သကြား၊ ဗြဟ္မာ
မင်း ဖြစ်သည်၊ ဘုရား ပစ္စေကဗုဒ္ဓာ၊ ရဟန္တာသူတော်ကောင်း တို့ဋ္ဌဆုံး မခံ၍
ကောင်း စွာသီလဆောက် တည်ဘူး သည် ; ကောင်း မှု၊ဒါန်း ပူဇော်ဘူး သည်
အကျိုဝ်သည်အခိုက်ကြုံ၍ ပေး လတ်သော ခါအလိုဝ်အတိုင်း ဖြစ်နိုင်သောသ ငွေး ကြီး စ
ကြဝဒေး မန္တတ်မင်း နတ်မင်း ကြီး သကြား မင်း ဗြဟ္မာမင်း အဖြစ်ကိုရသည်။
ကောင်း မှုအကျိုဝ်ကြသည့်အခိုက်ဖြစ်သည်သည်အကျိုဝ်ဖြစ်သည် ရေပွက်၍လုံမ်လုံမ် ဖွေး
ဖွေး ပေါ်သမျှသာသည် ရေပွက်သည် ပျောက်ပြန်စင် လေသကဲ့သို့ ကောင်း မှုအကျိုဝ်
စံစား ရသည်သည်အမြဲမဟိ၊ နိဗ္ဗာန်သာလျှင်ချမ်း သာချင်း မြဲသည်။ နိဗ္ဗာန်ချမ်း
သာကိုဝ်ရသည်မှုကား ဘုရား ပစ္စေကဗုဒ္ဓာရဟန္တာဖြစ်မှသာ နိဗ္ဗာန်ချမ်း သာ
ကိုဝ်ရသည်။ မြင်သမျှသသူဒို့အလျှ ကောင်း မှုပြုသည်ကား ကောင်း မှုအကျိုဝ်ဖြစ်ရာ
ကြောင်း ကိုဝ်သာရဟန်း သူမြတ်တို့ဝ်ဟော တော်မူပါသည်။ဟော တော်မူ သောအတိုင်း
ပင်ပြု သောအကျိုဝ် ကောင်း မှုသည် သည်က သေလျှင်ပင်ဖြစ်သည်မဟုတ်မဖြစ်နိုင်
ကောင်း မှုအကျိုဝ်ကိုဝ်ဘုရား မြတ်စွာ ဟော တော်မူ၍ ရဟန်း သံဃာတို့သည်ဆင့်
၍ ဟောပြန် တော့သည်တကါး ၊ ပသို့ ကြောင့်အကျိုဝ်မခံရမည်လည်း ဆိုဝ်မူ ကောင်း
မှုအကျိုဝ်ခံရ သော ခါခံရဘူး လေသည်ကိုဝ်သဗ္ဗညုဉာဏ် တော်ဖြင့်မြင် တော်မူသည်
အတိုင်း ဟော တော်မူလိုသည်၊ကောင်း မှုအကျိုဝ်ခံရ လေသသူသည် အပယ် လေး ပါး
ငရဲ၊ ပြိတ္တာ၊ တရိစ္ဆာန်၊အသူရကာယ်ဝယ် ကောင်း မှုပြုလျက်ပင်ဖြစ် လေသည်၊ မရေ
တွက်နိုင်သည့်ကိုဝ်အကြောင်း မစပ်၍ ဟော တော်မမူ၊အလျှ ကောင်း မှုလူတကာတို့ဝ်
ပြုလျှင်ရှင်ဘုရား များ အကျိုဝ်ကို ဟောသည်ပြုသည်သည်လျှ သောအလျှကိုသဒ္ဓါ ပါစေ
ဝမ်း မြောက်ပါစေသည်၍အကျိုဝ်သည်ဝါသနာ ပါပါစေဟူ၍ ဟောသည်အထွက်သာ၊
ဧရာဝတီမြစ် ရေကိုဝ်သဲတဆုပ်နှင့် ရေမစီး အောင်ဆယ်သည်ပြုသကဲ့သို့သာ၊ တည်
စမငယ် ကျောင်း ဆောက်သည်သည်၊ သစ်ရွှေသည်၊ထုပ် လျှောက်ခွဲသည်၊ ပြင်ကိုင်သည်၊
ကျောင်း ရာခင်း သည်၊ ငြမ်း ဆောက်သည်၊တွင်းတူး သည်၊သစ်ရှူသည်၊ အမွှံချင်ပိတ်

တင်သည်၊ကျောင်း တင်မည်၊ သည်မျှား ကိုဝ်နရကာပြုသည်မျှား သည်၊ ကြက်ဝက်အ
ရက်နှင့်မဟုတ်လော၊ ကျောင်း တကာမဟူ၍ခံသည်၊ သူခေါ်မှဝမ်း မြောက်သည်၊
သည်မျှား သည် ကောင်း မှုပြုရာတွင်ပင်မကောင်း မှုမှီကဝ်၍ပါလာသည်မဟုတ်
လော၊ ကျောင်း နေသံဃာတော်ကိုဝ်ငဆရာဟူ၍ ခေါ်သည်၊အိမ်ဆောက်ရာဆောက်
စပါး ထင်း မီး ထင်လောင်လျှင်အလှူခံသည်သံဃာတော်မှာတပည့်ခေါ်ချေသည်။
ဝန်စယ်မီး ထင်း လွတ်အောင်နံ့ချေသည်။ နာဖျား လျှင်ဆေး ဝါး အလှူခံမှာကိုဝ်
တောင်း ချေသည်။ မငမပါဝမ်း နည်း သည်ဟူ၍ပြုချေသည်၊ ဝတ်ဆွမ်း ဝတ်ဟင်း
ယူတွင်မှာလိုက်သည်၊ မပင့်ပဲကိုဝ်ဆရာဟူ၍အိမ်သို့ဝ်အလာခံသည်၊ သည်မျှား သည်
ကျောင်း ဆောက်၍သံဃာတော်ကိုဝ်ဆရာမွေး သည်ဟူ၍ပြုပါလျှက်ပင်ဆရာမွေး
သည်အပြစ်မကောင်း မှုမှာအပယ်လေး ပါး ၏အကြောင်း သည်သိုဝ် ကြောင့်ဖြစ်
ပြန်သည်မဟုတ်လော၊ ကျောင်း ဆောက်၍သီလလည်း ရဟန်း အကျင့်ဖို့မည်၊ တပည့်
တပန်း ကိုဆုံး မမည်၊ စိတ်နှင့်မညီလျှင်နှင်ဖြိုဝ်မည်၊ စာပေကျမ်း ဂန်လည်း တ
ပည့်ကိုဝ်သင်မည်၊ ကိုဝ် သော်လည်း သင်မည်၊ လူသူအတဲအနေမခံမည်၊ တကာ၊ တ
ကာမလာလျှင်ပါဏာတိပတ်သုအသက်ကိုဝ်မသတ်နှင့်၊ သူသတ်စါး သတ်လမည်၊ အဒိန္န
ဒါန်သုဥစ္စာကိုဝ်အလိုဝ်မဟိနှင့်မခိုး နှင့်၊ သူခိုး ဝ်ပြန်ဖျက်ပြန်လမည်၊ သုသား
အိမ်ရာကိုဝ်မပြစ်မှား နှင့်၊ ယောကျ်ား မဖြစ်ပဲမိန်း မမဖြစ်ပဲဖြစ်မည်၊ မိမိ
သား မယား ကိုဝ်သူဖျက်ဆီး ပြန်လမည်၊အပယ်လေး ပါး တွင်လည်း ခံရမည်။ မုသာ
ဝါဒမမှန်ကိုဆိုလျှင်ခွေး ကောင်ပုတ်ကဲ့သို့ဝ်ခံတွင်း ပုပ်မည်၊ ဆိုဝ်သမျှကိုဝ်သား
မြေး ကျေး ကျွန်တိုဝ် သော်လည်း မတည်ဟိမည်၊ အကောင်း ဆိုဝ် သော်လည်း သူမ
နာလိုဝ်မယုံဟိမည်၊ သူရာမေယ သေရဉ် သေရက်ကိုဝ် သောက်လျှင်ရူး မှိုဝ်အပြစ်
ရူး ချင်း ၊ လျှာကြီး ၍စကား မပီချင်း ၊ အရုပ်၏ကြဉ်ဖွယ်မဟိချင်း သိုဝ်သည်အပြစ်
သည်အပယ်လေး ပါး ငရဲသည်ပြင်ဖြစ်ရချင်း ဖြစ်သည်၊ တကာနှလုံး သွင်း ၊ စောင့်
ဟူ၍ ဟောချင်း ၊ ဆုံးမချင်း သေချင်း နှိုက်မလွဲသာ သေရမြဲမြဲ၊ သည်က သေလျှင်ဖြစ်
ကောင်း အရာမှာဇာတိဖြစ်ပြန်လေသည်။ ဇာတိဖြစ်ရာမှာဇျာမိ အနာနှင့်
မကင်း ၊ ဇရာတရွတရွရုပ်ခေါက်ပျက်၍အိုရချင်း ၊ မရဏာ သေရချင်း သို့ဝ်
နှင့်သို့ဝ်နှင့်သာတို့ဝ်သူငါဘုမ်သုံး ခွင်ဝယ်ဟိသမျှသည်ဖြစ်ကုန်သည်၊ နိဗ္ဗာန်သာအ

မြဲအတည်၊ ချမ်း သာဖြစ်သည်၊နိဗ္ဗာန်ဆုကိုဝ် တောင်း ၊ ငါသည်လူသား ဘုရား အ
ကျင့်ကိုဝ်ကျင့်၍ဘုရား တပည့်သား ဖြစ်၍တကာသည် ကျောင်း ၊ ဆွမ်း ၊ သင်ကန်း၊
ကွမ်း ၊ လက်ဘက်၊ ဆေး ဝါး ၊ ပစ္စည်း လေး ပါး ဖြင့်လှူသည်၊ လုပ် ကျွေး သည်သည်ဘု
ရား တပည့်သား သံဃာ တော်ဟူ၍လှူချင်းလုပ် ကျွေး ချင်းသည်မြတ်စွာဘုရား ကိုဝ်လှူ
သည် မည်သည်၊ နိဗ္ဗာန်ဆုကိုဝ် တောင်း မှ ကောင်း မှု၏အကျိုဝ်ကြီး သည်ဟူ၍ ဟော
ပြောဆုံး မ သော ရဟန်း သည် ရဟန်း ကောင်း ၊ ပစ္စည်း လေး ပါး လှူ ပေ သည်
လုပ် ကျွေး ပေ သည်ဟူ ရွေ့တကာကိုဝ် မေး ၍ပြန်၍ စမ်း ၍ သပ်၍ပြု သော ရဟန်း
သည်၊ မြတ်စွာဘုရား အပြစ် တော်တင်၍ ပစ်စွန့်တော်မူသည်၊ ရဟန်း ပေါ်၊ တကာ
သည်လည်း လှူဒါန်း ဖွယ်နှင့်ပန်း ပေါက် ပေါက်နှင့်ဆရာသို့ဝ်သွား ၍ဘုရား တပည့်
သား သံဃာ တော်း ဟူ၍လှူဒါန်း ပူ ဇော်၏။ အကျွန်နုပ် မကုံမတတ်နိုင်ဟူ၍ မဆိုဝ်မ
မှတ်၊ လှူဒါန်း လုပ် ကျွေး ပါသည်၊ ဘုရား တရား နှင့် လျော်စွာကျင့်တော်မူ၍ စာ
ပေ ကျမ်း ဂန်သင်ကြား တော်မူပါဟူ၍ နှိုဝ်ဆော်ချင်း သည်သည်သူ တော် ကောင်း
အလှူဒါယကာဆိုဝ်သည်၊ သည်အတိုင်း ပြန်သည်။
(တက်ဗဟို ၄၅၁၉၆)

(16 February 1642)

လွန်လေသည်သူမြတ်တပည့်ဓမ္မရသီသူမြတ်တို့ကိုလည်း (သက္ကရာဇ် ၁၀၀၃ ခုတပိုတွဲလပြည့် ကျော် ၁၃ ရက်ဗုဒ္ဓဟူးနေ့)လည်း ကောင်းကုတော်သစ်ဘုရားစရပ်သို့ပင့်၍ပြန် ဘည့်အမိန့်တော်ကား ငှက်ပျောတည်စမငယ်သည်သန္ဓါ၍ ဝိနည်းဓရတပည့်သာရ မဉ္ဇူကိုကျောင်းဆောက်၍လှူသည်၊ အမျိုးတော်ချင်း ကျေးဇူးဟိချင်း ငယ်ဆရာ ဖြစ်ချင်း မှီခိုရမည်မှတ်ချင်း စည်းစိမ်ဥစ္စာနှံ့ချင်း မဟိလေသံသရာကိုရည်၍သံ ဃာတော်ဟူ၍သန္ဓါ၍ ဆောက်လှူသောကျောင်း သည်ဘုရားရှင်အား လှူသည်မည်၏ ကျောင်း နေသောရမဉ္ဇူသည်လွန်ခါနီး လှူအပ်ခဲ့သောသာရမဉ္ဇူသံဃာအား လှူပြီး၍ အာရိယပြုတ်ပြီး သည်သာရမဉ္ဇူကျောင်း ဖြစ်ပြီး၍သာရမဉ္ဇူပေးအပ်သည်ဟိသော် ကျောင်းကိုသတင်းသုံးပိုင်၏ကျောင်း တကာမသည်အကျိုး အကြောင်း ကျေးဇူးဥ ပကာရကိုထောက်၍မဆောက်ကျောင်း မီး လောင်လေလျှင်သံဃာတော်ဟူရည်၍ ဆောက်လှူလေသည့်ကျောင်း ကျောင်း နေသည်မပေးအပ်သည်နှင့်သန္ဓါ၍ဆောက် သည်ကျောင်း ဖြစ်သည်သာသနာတော်ဝယ်ဘုရားရှင်ဆုံးမအကျင့်တော်ကိုကျင့်တည် သောကျမ်း ဂန်သိမြင်ကြောင်း သင်ကြား နိုင်ချင်း သိမြင်သည့်အတိုင်း ကျင့်ချင်း ပ ရိယတ္တိပဋိပတ္တိကိုဖြည့်သောဘုရားတပည့်သား အား သန္ဓါပါမည်ဟူ၍ကျောင်း တကာ မသည်ဘုရား ရှင်သာသနာတော်ဝယ်ကျိုး ကြ၍ ဆောက်သည့်ကျောင်း ဘုရား ရှင် သာသနာတော်ကိုထမ်း ဆောင်သောပရိယတ္တိပဋိပတ္တိကိုဖြည့်သောရဟန်း ကိုကျောင်း တကာမသန္ဓါလိုလက်သည်ကျောင်း နေသာရမဉ္ဇူတပည့်တို့သည်အရပ်ကျောင်း ကိုဟန့် ချင်း ဆီး တား ချင်း ကိုမပြုသာချေဘုရားရှင်အမိန့်တော်ကိုဝိနည်း ကျမ်း ဝယ် လည်း ကျောင်း တိုက်ဝယ်ရဟန်း တို့လည်း ဟိလျှက်ရဟန်း အကျင့်ဝိနည်း သိက္ခာကိုသင် ကြား ချင်း လိမ္မာချင်း ပါဋိမုတ်ပြုချင်း သိက္ခာပုဒ်တော်ညီကြောင်း သိတင်း သုံး ဘော်ဂိုဏ်း ဂံဃာကိုဆုံး မနိုင်မည့်အစွမ်း ဟိလေသာဆုံး မသင်ကြား နိုင်စွမ်း သော ရဟန်း အား ချီး ပင့်၍ဆုံး မနည်း နာခံချင်း ပြုအပ်သည်ကိုဝိနည်း တော်ဝယ်လာ သည်နှင့်ကျောင်း တကာမ၊ ပရိယတ္တိပဋိပတ္တိကိုဖြည့်သော်သူကိုသန္ဓါလိုလိုး သည်ကိုရဟန်း တို့ သိမှုခေါ်ပေတော့လော၊ ဓါတိဇာရိမရက္ခနှိပ်စက်ချင်း သံသရာဝဋ်ဆင်း ရဲညြဃအယဉ် ကိုကူး ခပ်လွယ်ကြောင်း လူ၏တဘာဝမှုဆိတ်ဆံဖြတ်ပယ်၍လူ၏အဝတ်မှကွဲပြား ကြောင်း အ စိပ်စိပ်ဆုတ်၍ဖန်ရည်စွမ်း သောသင်္ကန်း ကိုဝတ်၍အရဟတ္တမဂ်ဖြင့်ကူး ခပ်ကြောင်း

(16 February 1642)

ကျင့်ပြီး သည်တမုံ့သမား ပဲ့တက်ကိုင်၍ကူး ခပ်ကြောင်း ဆောင်ပို့ချင်း သည်ပရိယတ္တိ ပဋိပတ္တိဖြည့် သောအရာသာဆရာမည်သည် ရှင်လိုလိုက် စိတ်လိုလိုက်ဆရာသည်ကား ဆရာ မဟုတ်တန်လျှပ်ကို ရေဟူ၍ပြသည့်သဖွယ်သာ၊ သည်အမိန့်တော်မျှား ကိုဆရာတော်အရှင် ရတနာကရဘုန်းကြီး ဘုရား ကိုလည်း လျှောက်ရသည်၊ ဆရာတော်အရှင်တိသာသန ဓောတဘုန်းကြီး ဘုရား ကိုလည်း လျှောက်ရသည်။

(တက်ဗဟို ၄၅၁၉၆)

ဆရာတော်အရှင်မဟာရတနာကရဘုန်းကြီး ဘုရား မိန့်တော်မူသည်။ ဝိနဦမိုရ်
တကာပိုင်း ဖြတ်ဘိသည်။ တကာတော် ရေမြေသိခင်မင်း တရား ကိုဝ်စာဆက်ပါ
မည့်ပြန်လှာသည်။ ဝိနည်း သိက္ခာနှင့် လျော်သော ကျောင်း ရဟန်း မဟုတ်ကြဖြစ်
သောကြောင့်ငါမဆိုချင်ဘူး ။ ရေမြေသခင်မင်း တရား တို့သည်လည်း ပြည်သူတို့၏
အမှုအကျိုဝ်စီး ပွား ကိုစီရင် တော်မူသည်နှင့်သာသနာ တော်၅၀၀၀တည် အောင်
သောအမှုကိုကြိုး တော်မူသည်နှင့်မလဝ်ဘူး  မိန့်တော်မူဘိမည်မထင်ဟူ၍ဆိုလိုက် ပေ
သည်။ ရဟန်း တို့က လျှောက်မည့်အကြောင်း ကိုဆိုဝ်လှာကတည်း ကပင်မူကား တရား
မင်း ကြီး စိတ်တော်ဟိသကဲ့သို့ပင်ငါစိတ်ဟိ တော့သည်။ မွက်၍သာမဆိုသည်သည်ငှက်
ပျောတည်စမငယ်သည် ရှေ့ကောင်း မှုကြီး နှင့်ပြည့်စုံသသူ၊ မကောင်း မှုကံဖျက်လေ
၍မူကား သူဆင်း ရဲအမျိုး ၌ဖြစ်သည်။ ကံပေး ရာသောသဘောသည်၊ ကာလဒေ
သဥပ္ပတ္တိ၊ ပယောဂသင့်မှ ပေး နိုင်ရာသည်၊ ထိုအကြောင်း တို့တွင်မင်း ကောင်း
ကာလနှင့်ကြုံလေသည်သည်  ကာလသင့်သည်မည်သည်၊ သာသနာ တော်တည်သည့်အရပ်
တွင်ဖြစ်သည်သည်  ဒေသသင့်သည်မည်သည်၊စိုက်စိုက်မတ်မတ်ကုသိုလ် ကောင်း မှုပြုလေ
သည်သည်  ပယောဂသမ္ပတ္တိမ်ည် လေသည်၊ ဤသို့လျှင်တရား စောင့်သောတရား မင်း
ကြီး ဟူသောမင်း ကောင်း ကာလ၊ သာသနာ တော်တည်သောအရပ်ဟူသော ဒေ
သ၊ သာသနာ တော်တွင်း ၌ ကျောင်း ဆောက် သောကုသိုလ်ဟူသောပယောဂနှင့်
ပြည့်စုံသောကြောင့်အကျိုဝ်ကြီး ပေမည့်ငံ သောရှေး ကံသည်ပေး လေသောကြောင့်
တရား မင်း ကြီး သည်သို့စင် သောပေး တော်မူချင်း ချီး မြှောက်ချင်း ကိုဝ်ခံရ
တော့သည်ဟူ၍သိရ တော့သည်တရာမင်း ကြီး ။

ဆရာတော်အရှင်တိသာသနဇောတဘုန်း ကြီး မိန့်တော်မူသည်၊ တရား
မင်း မြတ်မိန် တော်မူသကဲ့သို့ဝ် ယခုလူတို့သည်အညမညဥပကာရအချင်း ချင်း ကျေး
ဇူး ပြုကြနိုင်သည်ကိုဝ်အကြောင်း ပြု၍အလှူပေး ချင်းသည် သဒ္ဓါဒါနမမြောက်သဒ္ဓါ
၍အလှူပေး သည်မမည်၊ ဂေဟသိတပေမအတွဲဘော တဏှာကိုဝ်မှီ၍ဖြစ်သောချစ်
ချင်း ဖြင့်သာလှူပေကြသည်၊ ပရမတ္ထသဒ္ဓါတရား ၏ကိစ္စမဟုတ်၊ ပရမတ္ထသဒ္ဓါ
တရား ကား  ကံကံ၏အကျိုး ကိုဗုက်စိုက်ယုံကြည်၍လှူချင်း ၊ အလှူခံပုဂ္ဂိုလ်၏သီလဂုဏ
အစဟိသော ကျေး ဇူး နိုက်ကြည်ညိုဝ်သဖြင့်လှူချင်း ၊ ဤနှစ်ပါး သာလျှင်သဒ္ဓါဒါန

မြောက်သည်၊ ပ ဿေနဒီ ကောသလမင်းကြီး သည်တတ္ထဘန္တေဒါနံအတဗ္ဗံ၊ ရှင်ပင်
ဘုရား အဘယ်ပုဂ္ဂိုလ်အား အလှူကို ပေး ရာသနည်း ဟူ၍ မေး လျှောက် သော ခါ၊
ယတ္ထ မဟာရာဇ စိတ္တံ ပသီဒတိ၊ တတ္တ ဒါနံ ဒါတဗ္ဗံ၊ ဟူ၍ ဟော တော်မူ သော မုက္ခပတ်
ပါဠိပဒ် နှိက်၊ စိတ္တံ ပသီဒတိဟူ သော ပုဒ်၏အရသည်လည်း အလှူခံ ပုဂ္ဂိုလ်တို့၏သီလဂုဏ
အစဟိ သော ဂုဏ် နှိက်ကြည် သော သဒ္ဓါတရား သာ ရသည်၊ ပ သေ နဒီ ကောသလမင်း
